



ဘုန်းကြွယ်
ကျောက်စိမ်းဖြား
နှင့်
သိုင်းသုံးကွက်
ပ+ဒု
ဇာတ်သိမ်းပိုင်း




ကျောက်စိမ်းပြား
သိုင်းသုံးကွက်

စာမူခွင့်ပြုချက်အမှတ် ၅၁၀/၂၀၀၀ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၇/၂၀၀၀ (၈)

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၀-ပြည့်နှစ်၊ အောက်တိုဘာလ
အုပ်ရေ — ၅၀၀
တန်ဖိုး-၂၅၀/

ထုတ်ဝေသူ
ဒေါ်ရွှေအိမ်၊ (တိုင်းလင်းစာပေ)
အမှတ် (၈/၆၅) အုပ်စု (၃) အောင်သိဒ္ဓိလမ်း
စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးလှသိန်း၊ (လှသိန်းဦးပုံနှိပ်တိုက်)
အမှတ် ၁၂/ဒ၊ နုလမ်း၊ သာယာကုန်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း၊ (နေလရောင်အော့ဖ်ဆက်)
အမှတ် (၉၆/၁၂) ၁၁-လမ်း၊ လမ်းမတော်၊ ရန်ကုန်၊
ဘောဒ်ဝင်

ဘုန်းကြွယ်

# ကျောက်စိမ်းပြားနှင့် သိုင်းသုံးကွက်

(ပထမပိုင်း)

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့် ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက် ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့် ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



---

'ဂျိမ်း'

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

တောသမ်းအတိုင်း ခရီးနှင်လာခဲ့သော ယာဉ်ကျမ်းသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်မိလေသည်။

မိုးသားတိမ်လိပ်များ အလိပ်လိုက်အလိပ်လိုက်ထွက်လာပြီး ဝန်းကျင်တစ်ခုလုံး အုံ့အုံ့မှိုင်းမှိုင်းဖြစ်သွားသည်။

လျှပ်နွယ်လျှပ်ပန်းများ ဖြိုးခနဲ ဖျတ်ခနဲ ဝင်းလက်သွားသည်။

အေးစိမ့်သော လေပြင်းများလည်း တဟူးဟူးမြည်အော တိုက်ခတ်လာလေသည်။

မကြာမီ မိုးသက်လေပြင်းကျရောက်လာတော့မည်ဖြစ်ကြောင်း ထင်ရှားလေသည်။

ယာဉ်ကျင်း ခေါင်းကုတ်လိုက်လေသည်။

'ဒုက္ခပါပဲ၊ မိုးရွာချတော့မှာပါလား'

သူ့ညည်းညူ၍မဆုံးမီမိုးဖွဲကလေးများ တဖြောက်ဖြောက် ကျဆင်းလာလေသည်။

လမ်းတစ်လျှောက်တွင် သစ်ပင်ချုံနွယ်များ၊ တောင်ကုန်း တောင်ပူစာလေးများ မျက်စိတစ်ဆုံးရှိနေသည်။

လူနေအိမ်ခြေမတွေ့ရပါ။

လူသူဝေးလံသော တောလမ်းခရီးတစ်နေရာ၌ ရောက်ရှိ နေခြင်း ဖြစ်ပေတော့သည်။

အချိန်မှာလည်း ညနေစောင်းလာပြီဖြစ်သည်။

နေမဝင်မီ လူနေအိမ်ခြေရှိသည့် နေရာတစ်ခုခုသို့ ရောက် သွားရန် ရည်ရွယ်ကာ ခြေလှမ်းသုတ်သုတ်ဖြင့် ခရီးနှင်လာ ခဲ့ခြင်းဖြစ်သည်။

ယခုတော့....



အချိန်မဲ့အခါမဲ့မှ တောထဲတွင်မိုးမိကာ အခက်ကြုံရတော့ မည် ဖြစ်လေသည်။

'ဂျိမ်း... ဂျလိန်း'

မိုးခြိမ်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြန်လေသည်။

မိုးသားတိမ်လိပ်များသည် ပို၍ ထူထပ်လာသည်။

ကောင်းကင်တစ်ခုလုံး မည်းမှောင်သွားသည်။

မိုးရေစက်များသည် တဖွဲဖွဲကျဆင်းလာသည်။

အလင်းရောင် အားပျော့သွားကာ ဝန်းကျင်တစ်ခုလုံး မှောင်မည်းလာသည်ဟု ထင်ရလေသည်။

ယာဉ်ကျင်း၏ ခြေလှမ်းများ ပိုမိုသွက်လက်လာသည်။

မျက်လုံးပြူး၍ ပတ်ဝန်းကျင်ကိုလည်း ကျီးကန်းတောင်း မှောက်ကြည့်သွားသေး၏။

မိုးခိုစရာနေရာအား မတွေ့ရပါ။

နောက်ဆုံးတွင် ယာဉ်ကျင်းသည် စိတ်ပျက်လက်ပျက်ဖြင့် ခြေလှမ်းရပ်လိုက်လေသည်။

လမ်းဘေးရှိ ကြီးမားသော သစ်ပင်ကြီးတစ်ပင်အောက်၌ သွားရောက်ထိုင်ချလိုက်သည်။

တဖွဲဖွဲကျဆင်းလာသော မိုးရေစက်များကို ကြည့်ရင်း....

'ကဲ....ရွာချင်တယ်ဆိုရင်လဲ အားရပါးရသာ ရွာချလိုက်ပေတော့'

ဟုမြည်တွန်တောက်တီးလိုက်သည်။

သစ်ပင်ကြီးအောက်၌ မိုးခိုနေသော်လည်း မိုးလုံသည်မဟုတ်ချေ။

မိုးသည်းလာသောအခါ ယင်ကျော်း၏ တစ်ကိုယ်လုံး စိုရွှဲလာ၏။

မိုးရွာနေသည့်ကြားမှ လေကလည်းတိုက်နေသဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းစိမ့်၍ လာလေသည်။

ယင်ကျော်းသည် ပွစိပွစိဖြင့် အမျိုးမျိုး ကျိန်ဆဲရင်း မိုးလုံမည် ထင်မိသည့်နေရာသို့ ပြောင်းရွှေ့နေရာ သစ်ပင်ကြီးအား တစ်ပတ်ပတ်မိသွားလေတော့သည်။

မိုးသည် အရှိန်လျော့သွားခြင်း၊ ရပ်တန့်ခြင်း မရှိဘဲ အပြင်း ပိုသည်းလာသည်။



လေပြင်းများသည် တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

လေကော မိုးပါ အငြိုးကြီးစွာ ကျရောက်လာသော အခါ....

'ဝုန်း'

'ဖြောင်း'

သစ်ကိုင်းများ ကျိုးကျကုန်သည်။

မြေပေါ်တွင် ရွှံ့ဗွက်အိုင်များ၊ ရေစီးကြောင်းများ ဖြစ်ပေါ်လာသည်။

သစ်ပင်များသည် လေယူရာ ယိမ်းနွဲ့နေသည်။

လောကကြီးတစ်ခုလုံး ပျက်စီးသွားတော့မည်ဟုပင် ထင်ရလေသည်။

ယင်ကျော်းသည် စိတ်ပျက်နေရာမှ ကြောက်ရွံ့ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာလေသည်။

မျက်နှာလေး ငယ်လာသည်။

မျက်လုံးသူငယ်၊ နားသူငယ်ဖြင့် ဟိုဟိုသည်သည် ကျီးကန်းတောင်းမှောက်ကြည့်နေသည်။

မိုးသက်လေပြင်းကား ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေလေသည်။

ယင်ကျောင်း ခိုက်ခိုက်တုန်အောင်ချမ်းလာသည်။

မမျှော်လင့်ဘဲ ဗိုက်ထဲဆာလောင်မွတ်သိပ်မှုများ ဖြစ်ပေါ်လာ၏။

ဗိုက်ထဲ တဂွီဂွီမြည်လာသည်။

ယင်ကျောင်းမှာ ကြောက်လန့်နေသည့်ကြားမှ ဒေါပွလာပေသည်။

'အံ့ခရေးထဲ ဒီဗိုက်ကလဲ'

သူ၏မကျေမနပ်ရေရွတ်သံသည် မိုးသံလေသံကြား၌ ကွယ်ပျောက်သွားလေသည်။

အချိန်များတရွေ့ရွေ့ကုန်ဆုံးသွားသည်။

မိုးသက်လေပြင်းကား အရှိန်လျော့ကျမသွားသည့်အပြင် ပို၍ သည်းထန်လာ၏။

အလင်းရောင်ကွယ်ပျောက်ကာ အမှောင်ထု ဖုံးလွှမ်းသွားတော့သည်။



သစ်ပင်အောက်၌ မိုးခိုနေသော ယင်ကျောင်းသည် ကြွက်စုတ်လေးတစ်ကောင်နှင့်ပင် တူနေတော့၏။

ထိုအချိန်ဝယ်...

'ဂျိမ်း'

နားကွဲမတတ် ဆူညံမြည်ဟည်းသွားအောင် မိုးကြိုးပစ်ချလိုက်လေသည်။

ယင်ကျောင်းနှင့် ကိုက်တစ်ရာခန့်အကွာမှ သစ်ပင်ကြီးတစ်ပင်မှာ မိုးကြိုးထိမှန်ကာ မီးစွဲလောင်သွားလေသည်။

'ဝုန်း'

မီးလောင်နေသော သစ်ပင်ကြီးမှ သစ်ကိုင်းများသည် တဝုန်းဝုန်းမြည်ဟည်းကာ ကျိုးကျလာလေသည်။

ထိုဖြစ်ရပ်ကြောင့်...

'အမယ်လေးဗျ'

ယင်ကျောင်း အထိတ်တလန့် အော်လိုက်လေသည်။

ကြောက်အားလန့်အားဖြင့် သစ်ပင်ကြီးအောက်မှ ထွက်ကာ တစ်ဟုန်ထိုး ပြေးလွှားသွားလေသည်။

သို့သော်...

ကြာကြာမပြေးလိုက်ရပါ။

ရွှံ့ဗွက်များဖြစ်နေသော မြေပေါ်တွင် ခြေချော်ကာ ဘိုင်းခနဲ လဲကျသွားလေတော့သည်။

'အမယ်လေးဗျ'

ယင်ကျင်းသည် အော်ဟစ်လိုက်ပြီး ကပျာကယာကုန်းရုန်းထလိုက်လေသည်။

တစ်ကိုယ်လုံး ညစ်ပတ်ပေကျံကာ တစ္ဆေသရဲတစ်ကောင်နှင့်ပင် တူနေပြီဖြစ်သည်။

ယင်ကျင်းသည် ကိုယ့်အဖြစ်ကိုယ် သတိမပြုမိဘဲ ပတ်ဝန်းကျင်ကိုသာ ထိတ်လန့်တကြား ကြည့်လိုက်လေသည်။

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံ၊ လေပြင်းတိုက်သံ၊ သစ်ကိုင်းများ ကျိုးကျသော အသံပလံများသည် ပွက်လောရိုက်နေသည်ဖြစ်၍ မကောင်းဆိုးဝါးများ၏ ကမ္ဘာထဲသို့ ရောက်နေသည်ဟုပင်ထင်ရနေမိသည်။

ယခုအချိန်တွင် တစ်စုံတစ်ယောက်သော သူ့အားတွေ့မြင်သွားပါက ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးသွားလိမ့်မည်ဆိုသည်ကို မတွေးမိချေ။



ယင်ကျင်းသည် မြေပေါ်မှ ကုန်းရုန်းထလိုက်၊ ဗွက်ထဲ ချော်လဲလိုက်ဖြင့် ရွှံ့လူးထားသော ဝက်တစ်ကောင်ကဲ့သို့ ဖြစ်နေ၏။

ကြောက်လန့်၍ ပြူးကျယ်နေသော မျက်လုံးများသည် ဟိုဟိုသည်သည်ကြည့်နေရာမှ ရုတ်တရက်မိုးကြိုးပစ်ခံရကာမီးစွဲ လောင်သွားသည့် သစ်ပင်ကြီးမှ ထွက်ပေါ်လာသည့် မီးရောင် တဖျပ်ဖျပ် ဝင်းလက်တောက်ပသွားသည့် လျှပ်နွယ်လျှပ်နှီးများ၏ အလင်းရောင်ဖြင့် မလှမ်းမကမ်းတစ်နေရာ၌ ကျောက်ဂူကြီးတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်ကျင်း အံ့ဩဝမ်းသာသွားလေသည်။

'မိုးထဲရေထဲနေရတာထက်စာရင် ကျောက်ဂူထဲမှာ လုံလုံခြုံခြုံရှိဦးမယ်၊ ဝင်သွားပြီးခိုလှုံနေမှပဲ'

ချက်ချင်းပင် ကျောက်ဂူကြီးရှိရာသို့ ပြေးလွှားသွားလိုက်လေသည်။

မကြာပါချေ။

ကျောက်တောင်ကြီးတစ်လုံး၏ ခြေရင်း၌ ရှိနေသော ကျောက်ဂူကြီးဆီသို့ ရောက်ရှိသွားလေတော့သည်။

* * *

ကျောက်ဂူကြီး။

ကျောက်တောင်ကြီးတစ်လုံး၏ ခြေရင်း၌တည်ရှိနေသော ကျောက်ဂူကြီး တစ်လုံးဖြစ်သည်။

ကျောက်ဂူကြီးရှေ့တွင် ချုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင်များ ရှိနေသဖြင့် ရုတ်တရက် တွေ့မြင်နိုင်ရန် မလွယ်ပါ။

ယင်ကျင်းမှာ ကံကောင်းထောက်မကာ တွေ့မြင်သွားခြင်း ဖြစ်သည်။

မိုးသက်လေပြင်းကား အငြိုးကြီးစွာ ကျရောက်နေဆဲ။

ယင်ကျင်းသည် ကျောက်ဂူထဲသို့ ပြေးဝင်လိုက်သည်။

လုံလုံခြုံခြုံရှိသောနေရာတစ်ခုသို့ ရောက်ပြီဟု တွေးတောကာ ကျေနပ်သွားလေတော့သည်။

တောအုပ်ထဲ၌ ခိုကိုးရာမဲ့နေရသည်ထက် အကာအကွယ်ရသော ကျောက်ဂူထဲ၌ နေရသည်က ပိုပြီးလုံခြုံမှုရှိသည်မဟုတ်ပါလား။

မိုးခြိမ်းသံများ ထွက်ပေါ်နေဆဲ။

လျှပ်စီးများ ဝင်းလက်နေဆဲ။



လေပြင်းများ တိုက်ခတ်နေဆဲ။

မိုးသီးမိုးပေါက်များ တရစပ်ကျဆင်းနေဆဲ။

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။

တစ်ကိုယ်လုံး ရွှံ့ဖတ်များ ပေကျံနေခဲ့သော်လည်း ကျောက်ဂူကြီးဆီသို့ ပြေးလာသောအခါ တရစပ်လာရောက်ထိမှန်နေသော မိုးရေစက်များကြောင့် ရွှံ့ဖတ်များကို ဆေးကြောသန့်စင်ပြီးသား ဖြစ်သွားလေသည်။

ယင်ကျင်းသည် မျက်နှာပေါ်မှ မိုးရေစက်များကို သုတ်ပစ်လိုက်သည်။

အင်္ကျီကိုချွတ်ကာ ရေညှစ်လိုက်သည်။

ကျောက်ဂူအပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပြီး....

'ဒီအတိုင်းဆို တစ်ညလုံး ရွာနေဦးမှာပဲ'

သူက ကျောက်ဂူအတွင်းဘက်သို့ကြည့်လိုက်လေသည်။

ကျောက်ဂူကြီးသည်ကြီးမားကျယ်ဝန်းပြီးရှည်လျားသော ဂူကြီးတစ်ခုဖြစ်လေသည်။

အလင်းတက်[illegible] မှောင်မည်းနေပြီး သဲသဲကွဲကွဲ မတွေ့ရချေ။

ယင်ကျင်းမှာ ကျောက်ဂူအတွင်းပိုင်းသို့တော့ မဝင်ရဲပါ။

ဂူဝပိုးလောက်ရှင်းသည့်တစ်နေရာ၌ ထိုင်ချလိုက်သည်။

အေးစိမ့်မှုကြောင့် သူ၏ ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်နေ၏။

တဖျပ်ဖျပ် ဝင်းလက်နေသော လျှပ်နွယ် လျှပ်ပန်းတို့၏ အလင်းရောင်သာ မရှိပါလျှင် အရာရာအားလုံးသည် မှောင်အတိကျနေတော့မည် ဖြစ်သည်။

ယင်ကျင်း စိတ်ဓာတ်ကျလာလေသည်။

တောထဲတောင်ထဲ မိုးရေထဲမှ အဖော်ကင်းသည့် လုံခြုံမှုကင်းမဲ့သည့် အခြေအနေထက် နွေးထွေးသောအိမ်ကိုသတိရမိသည်။

'အိမ်'

အိမ်ဆိုသော ဝေါဟာရသည် သူ့အတွက်ရှိခဲ့ဖူးပါသည်။



အလွန်အေးချမ်းပြီး သာယာပျော်ရွှင်ဖွယ်ကောင်းသော ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့ဖူးပါသည်။

သို့သော်...

ကံကြမ္မာသည် မမြင်နိုင်သော၊ အစိုးမရသောအရာဖြစ်ပါသည်။

သူ၏ဘဝထဲသို့ ကြမ္မာဆိုးများ ဝင်ရောက်ခဲ့သည်ဟုပင် ဆိုနိုင်၏။

ယင်ကျင်းသည် ကျောက်ဂူနံရံကို ကျောမှီကာ ထိုင်ချလိုက်လေသည်။

သူ၏မျက်လုံးများ ရီဝေနေသည်။

ချမ်းအေးခြင်း၊ ပိုက်ဆာခြင်း စသည့်ဝေဒနာကို မေ့လျော့သွား၏။

သူက အိမ်အကြောင်း တွေးတောစဉ်းစားလိုက်မိသည် မဟုတ်ပါလား။

ယင်ကျင်းသည် ဖခင်ကြီးယင်ကြိုင်၏ မျက်နှာကို မြင်ယောင်နေမိ၏။

ယင်ကြိုင်...

သူ၏ဖခင် ယင်ကြိုင် ကသဆုံးသွားခြင်းကြောင့် သူက ယခု လို ဘဝမျိုး ရောက်လာခဲ့ရသည်ဟု ဆိုနိုင်ပါပေတော့သည်။

ယင်ကျင်းသည် အရာရာကို မေ့လျော့သွားပြီး ဖခင်ကြီး ယင်ကြိုင်၏ အကြောင်းကို တွေးတောစဉ်းစားနေမိလေတော့ သည်။

* * *

မြို့စွန်တွင် ဆင်းရဲနွမ်းပါးသူများ စုရုံးနေထိုင်ကြသော ရပ်ကွက်လေးတစ်ခုရှိသည်။

ထိုရပ်ကွက်လေး၏အစွန်တွင် ယင်ကျင်းတို့သားအဖ နေ ထိုင်သော အိမ်ကလေးရှိနေသည်။

ယင်ကျင်းတို့အိမ်၏ တစ်ဖက်တွင်ကား မြို့ပြင်တောအုပ်သာ လျှင် ရှိပေတော့သည်။

ယင်ကျင်း၏ဘဝသည် ဆင်းရဲနွမ်းပါးလှသည်။

သို့သော်...

ယင်ကျင်း ဘယ်သောအခါမှ ဝမ်းမနည်းဘဲ ပျော်ပျော် ရွှင်ရွှင် ရှိခဲ့လေသည်။

အကြောင်းမှာ ဖခင်ကြီး ယင်ကြိုင်က သား ယင်ကျင်းကို အလွန် ချစ်မြတ်နိုးပြီး အလိုလိုက်ထားခဲ့သည်။

ဖခင်ကြီးက ချစ်မြတ်နိုးခြင်းကြောင့် ယင်ကျင်းမှာ အခွင့် အရေးယူကာ ဆိုးသွမ်းသူတစ်ယောက်တော့ ဖြစ်မလာခဲ့ပါ။

ယင်ကျင်းသည် စိတ်ထားဖြူစင်သည့် သဘောမနော ကောင်းသည်၊ ရိုးသားသည်၊ လူချစ်လူခင်ပေါများသူလေးသာ ဖြစ်ပေတော့သည်။

ဖခင်ဖြစ်သူ ယင်ကြိုင်က မြင်းလှည်းမောင်းသည်။

ယင်ကျင်းက အိမ်မှုကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက် သည်။

သူတို့သားအဖ နှစ်ယောက်သည် ပူပင်သောက ကင်းဝေး ကာ ပျော်ပျော်ရွှင်ရွှင် ရှိလေသည်။

အကယ်၍...

မြင်းလှည်းငှားစီးသည့် ခရီးသည်တစ်ယောက်၏ ဆန္ဒကို လိုက်လျောကာ ယင်ကြိုင်မြင်းလှည်းကို အရှိန်ပြင်းစွာ မောင်း နှင်ခြင်း မပြုခဲ့ပါလျှင်...

ဤခရီးစဉ်၌ မြင်းလှည်းတိမ်းမှောက်ကာ ယင်ကြိုင်ဒဏ်ရာ ရခဲ့ခြင်းမျိုး မရှိခဲ့ပါလျှင်....

ယင်ကြိုင်နှင့် ယင်ကျင်းတို့၏ ဘဝလေးသည် ထာဝရအေး ချမ်း သာယာနေလိမ့်မည် ဖြစ်လေသည်။

* * *

မြင်းလှည်းမှောက်ရာတွင် ယင်ကြိုင် အပြင်းအထန်ဒဏ်ရာ ရရှိသွားခဲ့လေသည်။

ယင်ကျင်းသည်ဖခင်အတွက်ကြေကွဲမဆုံးအောင် ဖြစ်ရလေ သည်။

ရှိသမျှပစ္စည်း ရောင်းချပေါင်နှံကာ သမားတော်များပင့် ပြီး ဖခင်ကို ဆေးကုပေးခဲ့လေသည်။

သို့သော်....

ယင်ကြိုင်၏ဝေဒနာသည် သက်သာပျောက်ကင်းသွားခြင်း မရှိဘဲ တစ်နေ့ထက် တစ်နေ့ အခြေအနေ ပိုဆိုးလာခဲ့လေသည်။



နောက်ဆုံး သမားတော်ကြီးများ လက်လျှော့သွားကြ တော့သည်။

ယင်ကျင်းသည် ဝါးခုတင်ပေါ်တွင် ပက်လက်လဲလျောင်း ကာ မျက်လုံးပေါက်ပက်ဖြစ်နေသော ဖခင်ကိုကြည့်ရင်း မျက် ရည် တစမ်းစမ်း ဖြစ်နေသည်။

ယင်ကြိုင်သည် အရိုးပေါ်အရေတင် ပိန်ချုံးနေ၏။

အသားများလည်း ဝါကြန့်ကြန့်ဖြစ်နေသည်။

အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေ၏။

အသက်ရှူလိုက်တိုင်း လည်ချောင်းထဲမှ တရှိရှိ မြည်သံ များ ထွက်ပေါ်လာသည်။

မြင်းလှည်းမှောက်ရာတွင် ထိခိုက်မိပြီး ရင်ထဲမှ ကလီစာ များ ပျက်စီးသွားခြင်းဖြစ်သည်ဟု သမားတော်ကြီးများက ဆိုကြလေသည်။

ယင်ကျင်းသည် ဝေဒနာခံစားနေရသော ဖခင်ဖြစ်သူကို မကြည့်ရက်နိုင်တော့ပေ။

'ဖြစ်ရလေ ဖေဖေရယ်'

ဟု ညည်းတွားမိလိုက်လေသည်။

ထိုစဉ်....

'ယင်...ယင်ကျင်း...သားလေး'

ယင်ကြိုင်၏ ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဖေဖေ'

ယင်ကျင်းသည် မျက်ရည်များကိုသုတ်ကာ ဖခင်အနီးသို့ ကပျာကယာ လှမ်းသွားလိုက်လေသည်။

ယင်ကြိုင်၏လက်တစ်ဖက် လှုပ်ရှားလာ၏။

ယင်ကျင်းက ဖခင်၏လက်ကို ဆုပ်ကိုင် ထား လိုက် ရှာသည်။

'ဖေဖေ...ဘာလိုချင်လို့လဲ ဖေဖေ'

ယင်ကြိုင်က....

'သား...သားကို ဖေဖေ ပြောစရာရှိလို့'

'အော်...ဖေဖေရယ်၊ နောက်မှပြောလဲရတာပဲ၊ ဖေဖေ အနားယူဖို့ လိုအပ်ပါတယ်၊ တစ်ရေးလောက် အိပ်လိုက်ပါလား ဟင်'



ယင်ကျင်း၏စကားကို ယင်ကြိုင်က လက်မခံပါချေ။

'မဟုတ်ဘူးသား၊ ခုချိန်မှာ ဖေဖေ မပြောဘူးဆိုရင် နောက်နေ့ဝင် ဘယ်တော့မှ ပြောနိုင်တော့မှာမဟုတ်ဘူး'

'ဖေဖေရယ်'

ယင်ကျင်း၏ မျက်ဝန်းအစုံမှ မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။

ဖခင်ဖြစ်သူသည် အခြေအနေကို ကိုယ်တိုင်ကောင်းစွာ သဘောပေါက်နေပြီ မဟုတ်ပါလား။

ယင်ကြိုင်က....

'သား...ဖေဖေ့စကားကို သေသေချာချာ နားထောင်ပါကွယ်'

'ဟုတ်...ဟုတ်ကဲ့...ပြောပါ ဖေဖေ'

'သား...ဒီစကားကို ဖေဖေဘယ်တော့မှ ဖွင့်မပြောဘူးလို့ ဆုံးဖြတ်ထားခဲ့တယ်၊ ဒါပေမယ့် မပြောဘဲထားရင် သားလေး အပေါ်မှာ မတရားကျလိမ့်မယ်ဆိုတာ ဖေဖေ နားလည်တယ်၊ မပြောရက်လို့ မပြောခဲ့တာဖြစ်ပေမယ့် ခုချိန်မှာ ပြောပြရ

တော့မယ်၊ တကယ်ဆိုရင် သားဟာ ဖေဖေရဲ့ သားအရင်း မဟုတ်ဘူးကွယ့်'

'ဗျာ....'

မမျှော်လင့်သောစကားကြားလိုက်ရသောအခါ ယင်ကျော်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ခေါင်ဖြစ်သူအား မယုံကြည်နိုင်စွာ ကြည့်ရင်း....

'ဖေဖေရယ်၊ ဘယ်လိုပြောလိုက်တာလဲဗျာ၊ ကျွန်တော်ဟာ ဖေဖေရဲ့သားအရင်းပါ၊ ဟုတ်တယ်မဟုတ်လားဟင်'

'မချိတင်ကဲ ပြောလိုက်လေသည်။

ယင်ကြိုင်က....

'မဟုတ်ဘူးကွယ့်၊ သားဟာ ဖေဖေ့ သားအရင်းမဟုတ်ဘူး၊ ဖေဖေဟာ ဘယ်တုန်းကမှ အိမ်ထောင်မပြုခဲ့ဘူး၊ သားကို ဖေဖေက မွေးစားခဲ့တာ'

'ဒီလိုမပြောပါနဲ့ ဖေဖေရယ်'

ယင်ကျော်သည် ဖခင်၏စကားကို နားမထောင်ဝံ့အောင် ဖြစ်လာသည်။



ယင်ကြိုင်သည် ဝေဒနာခံစားနေရသည့်ကြားမှ အားယူကာ ပြောနေသည်။

'သားလေး၊ ဖေဖေ အမှန်အတိုင်းပြောနေတာပါကွယ်၊ သားနားလည်အောင် ပြောရမယ်ဆိုရင် ဖေဖေဟာ ဒီမြို့ဇာတိ မဟုတ်ဘူး၊ ကျုဟွေ့မြို့ဆိုတဲ့မြို့လေးကပဲ၊ ဖေဖေဟာ မြင်းလှည်းသမားတစ်ယောက် ဖြစ်သလို အရက်ကိုလဲ အလွန်အကျွံ သောက်တဲ့လူတစ်ယောက်ဖြစ်တယ်'

တစ်နေ့တော့....

ယင်ကြိုင်သည် အတိတ်ဇာတ်ကြောင်းကို မမောနိုင်မပန်းနိုင် ပြောပြနေလေတော့သည်။

* * *

ညအမှောင် လရောင်အောက်တွင်....

မြင်းလှည်းတစ်စီးသည် ဘောလမ်းအတိုင်း မောင်းနှင်လာနေသည်။

မြင်းလှည်းမောင်းလာသူမှာ ယင်ကြိုင်ဖြစ်ပါသည်။

ယင်ကြိုင်သည် အခြားမြို့တစ်မြို့သို့ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်ပေးခဲ့ပြီး ကျူးဟွမ်းမြို့သို့ ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

ယင်ကြိုင်ပို့ဆောင်ပေးရသည့် ပစ္စည်းမှာ အရက်ချက်ရာတွင် အသုံးပြုသည့် လိုအပ်သောကုန်ကြမ်းပစ္စည်းများ ဖြစ်လေသည်။

ထိုသို့ပို့ဆောင်ပေးရသဖြင့် အခကြေးငွေ မြိုးမြိုးမြက်မြက် ရရှိခဲ့လေသည်။

ထိုမျှမကသေး ပစ္စည်းပိုင်ရှင်သည် ယင်ကြိုင်အား အရက်အဝတိုက်ခဲ့လေသည်။

အရက်သမား ယင်ကြိုင်မှာ ထုတောင်ခွေ့သွားလေသည်။

အာလကားရသော အရက်ကို ခေါင်းမဖော်နိုင်အောင် သောက်လေတော့သည်။

ထို့ကြောင့် အပြန်ခရီးတွင် ခေါင်းမထောင်နိုင်အောင် မူးယစ်နေလေတော့သည်။

မည်သို့ဆိုစေ ယင်ကြိုင်သည် ခေါင်းမာသူဖြစ်သည့်အတိုင်း ကျူးဟွမ်းမြို့သို့ အရောက်ပြန်မည်ဟုဆုံးဖြတ်ကာ မြင်းလှည်းကို မောင်းနှင်ထွက်ခွာလာခဲ့ခြင်းဖြစ်လေသည်။



အရက်မူးနေသော ယင်ကြိုင်က မြင်းဇက်ကြိုးကိုင်ထားသောအခါ မြင်းလှည်းသည်လည်း အရက်မူးသမားတစ်ယောက်ကဲ့သို့ ဖြစ်သွားရလေတော့သည်။

ဇက်ကြိုးဆွဲရာ ပြေးလာနေရသော မြင်းများသည် လမ်းပေါ်တွင် ဟိုကွေ့သည်ကောက်ဖြင့် ပြေးလွှားသွားနေကြပေတော့သည်။

ယင်ကြိုင်သည် အရက်သာမူး၍နေသည်။

ကျူးဟွမ်းမြို့သို့ အမြန်ဆုံးပြန်ရောက်လိုစိတ်တော့ ရှိလေသည်။

အချိန်အခါမဲ့ နေပြိုဖြစ်သော်လည်း ဖြတ်လမ်းဖြစ်သော တောလမ်းမှဖြတ်ကာ မောင်းနှင်ရင်း အပြန်ခရီးနှင်ခဲ့လေသည်။

သူ၏ဦးခေါင်းထဲ တရိပ်ရိပ်မူးနောက်နေ၏။

မျက်လုံးများလည်း ပြာဝေနေသည်။

သို့တိုင် မျက်လုံးကိုမြူး၍ကြည့်ကာ မောင်းနှင်နေဆဲ။

အရက်အလွန်အကျွံမူးနေသော ယင်ကြိုင်သည် မည်မျှကြာကြာ ဆက်၍ နှင်နေနိုင်ပါအံ့နည်း။

ရှုတ်တရက်....

ယင်ကြိုင်၏ရင်ထဲ လှိုက်ခနဲလှိုက်ခနဲ ဖြစ်လာပြီး ဝေါခနဲ ထိုးအန်ချလိုက်လေသည်။

တစ်ကိုယ်လုံးလည်း ယိမ်းယိုင်သွားသည်။

မြင်းလှည်းပေါ်မှ ပြုတ်ကျမသွားရလေအောင် မနည်း ထိန်းထားလိုက်ရလေသည်။

မြင်းစက်ကြိုးကိုတော့ မဆွဲနိုင်မထိန်းနိုင်တော့ပါ။

ကိုယ့်ကိုယ်ကိုပင် အနိုင်နိုင်ဖြစ်နေသည် မဟုတ်ပါလား။

မြင်းနှစ်ကောင်သည်လည်း ဗရမ်းဗတာဖြစ်သွားပြီးလျှင်....

'ဟီး....ဟီး....ဟီး'

ရှည်လျားစွာ ဟီကာ မြင်းလှည်းကို လမ်းဘေးသို့ ဆွဲချ သွားကြတော့သည်။

သစ်ပင် ချုံပင်များ ကြားသို့ ထိုးဝင်သွားကြလေတော့ သည်။

'ဟော့....ဟော့'



ယင်ကြိုင်က အော်ဟောက်ရင်း မြင်းနှစ်ကောင်ကိုထိန်းရန် ကြိုးစားလိုက်သော်လည်း မရတော့ပါ။

မြင်းနှစ်ကောင်သည် မြင်းလှည်းအား တောအုပ်ထဲသို့ ဆွဲ ချသွားကြပြီ။

'ဝုန်း'

ယင်ကြိုင် မြင်းလှည်းပေါ်မှ ပြုတ်ကျသွားတော့မှ ရပ် တန့်သွားကြလေတော့သည်။

ယင်ကြိုင်သည် ချုံပုတ်ကြီးတစ်ခုပေါ်တွင် မလှုပ်မယှက် ဖြစ်နေ၏။

'ဝေါ့....ဝေါ့....ဝေါ့'

အရက်များ၊ စားထားသော အစားအစာများကို အဆက် မပြတ် အန်ထုတ်ပစ်လိုက်သည်။

ထိုသို့ အန်ထုတ်လိုက်ရသဖြင့် အနည်းငယ် ပေါ့ပါးလန်း ဆန်းသွား၏။

ယင်ကြိုင်သည် ချုံပုတ်ကြီးပေါ်၌ အသာမှိန်းနေနိုင်လေ သည်။

မြင်းနှင်ကောင်သည့် အနီးရှိချုံပုတ်များမှ သစ်ရွက်များကို စားနေ၏။

အရာရာအားလုံးသည် အေးချမ်းငြိမ်သက်သွားပြီ ဖြစ်လေသည်။

ကောင်းကင်ပေါ်တွင် လဝန်းထွက်ပေါ်လာသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ညအခါ ပိုးကောင်မွှားကောင်လေးများ အော်မြည်သံများ ထွက်ပေါ်နေသည်။

ပိုးစုန်းကြူးလေးများကလည်း ဟိုဟိုသည်သည်ပျံဝဲနေ၏။

ညဉ့်နက်လာသောအခါ အဝေးမှဆွဲဆွဲငင်ငင်အူလိုက်သော တောခွေးအူသံများ ထွက်ပေါ်လာသည်။

တောခွေးများသည် အလွန်ကြောက်စရာ ကောင်းသော သားစားသတ္တဝါများ ဖြစ်ကြလေသည်။

သားကောင်ကိုတွေ့လျှင် အုပ်စုဖွဲ့ကာ တိုက်ခိုက်တတ်ကြသည်။

ဉာဏ်ချွန်းပြီး ရက်စက်ကြမ်းကြုတ်သည်။

အုပ်စုဖွဲ့နေတတ်ခြင်းကြောင့် တောဘုရင်ဖြစ်သော ကျား၊ ခြင်္သေ့များသည်ပင် တောခွေးအန္တရာယ်ကို သတိထားရလေ့ရှိပေသည်။

ယင်ကြိုင်သည် ချုံပုတ်ကြီးပေါ်၌ တရှူးရှူး အခေါ်ခေါ် မြည်သံပြုကာ အိပ်ပျော်နေပြီး အကောင်လေးကြားတော့မှ...

'အမယ်လေး၊ ရင်ပူလိုက်တာ'

ညည်းညူရင်း လန့်နိုးလာလေသည်။

အရက်အလွန်အကျွံ သောက်ခဲ့ခြင်းကြောင့် သူ၏ရင်ထဲ မီးခဲများမျိုထားရသကဲ့သို့ ပူလောင်၍နေလေသည်။

ယင်ကြိုင်က လူးလိမ့်လိုက်ရာ...

'ဝုန်း'

ချုံပုတ်ကြီးပေါ်မှပြုတ်ကျသွားလေသည်။

ယင်ကြိုင်သည် မြေပေါ်မှကုန်းရုန်းထလိုက်ပြီး ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။

လရောင်ကြောင့်တောအုပ်ထဲ၌ လင်းလင်းကျင်းကျင်းဖြစ်နေပါသည်။

ယင်ကြိုင်သည် အရင်ဦးဆုံး သူ၏မြင်းလှည်းကို တွေ့မြင်သွားလေသည်။

တောအုပ်တစ်ခုအတွင်း၌ ရောက်ရှိနေသည့်အဖြစ်ကိုလည်း သတိပြုမိလိုက်သဖြင့်....

'ဟား....ငါတော်တော် မူးသွားပါလား'

ဟု ရေရွတ်လိုက်လေသည်။

ယင်ကြိုင်သည် ကိုယ့်အဖြစ်ကိုကိုယ်တွေးရင်းသဘောကျစွာ ရယ်မောလိုက်လေသည်။

'ကောင်းလိုက်တဲ့အရက်'

ဟု ပြောလိုက်ပြီး မြင်းလှည်းဆီသို့ လှမ်းသွားလိုက်၏။

မြင်းလှည်းပေါ်တွင် အရက်အိုးနှင့်ရေဘူးကို သူကအဆင်သင့်ဆောင်ထားလေ့ ရှိပါသည်။

မြင်းနှစ်ကောင်သည် ယင်ကြိုင်အနီးသို့ ရောက်သွားသောအခါ မှုတ်မိဟန်ဖြင့်နှာမှုတ်လိုက်ကြလေသည်။



ယင်ကြိုင်က....

'ဟေ့ ကောင်ကြီးတွေ....ခဏနေဦး၊ ငါ ရေသောက်လိုက်ဦးမယ်'

မြင်းတစ်ကောင်၏ တင်ပါးကိုပုတ်ကာပြောလိုက်ပြီး မြင်းလှည်းမောင်းသူ ထိုင်ခုံအောက်၌ အသင့်ထားရှိသော အရက်အိုးကို ဆွဲထုတ်လိုက်လေသည်။

အရက်အိုးထဲ၌ အရက်တစ်ဝက်ခန့် ကျန်နေသေး၏။

ယင်ကြိုင်သည် အရက်တစ်ကျိုက် မော့သောက်လိုက်သည်။

အရက်သောက်ပြီးသောအခါ ပို၍ ရေဆာလာလေသည်။

ထို့ကြောင့် ရေဘူးကိုဆွဲယူလိုက်သည်။

ရေဘူးကား လက်ထဲပါလာပါသည်။

ရေဘူးထဲ၌မူ ရေတစ်စက်မှမရှိတော့ချေ။

ယင်ကြိုင် မကျေမနပ်ဖြစ်သွားလေသည်။

'ဒီရေက ဘာကြောင့်ကုန်နေရတာလဲ'

ဟုပြောကာ ရေဘူးကို လွှင့်ပစ်လိုက်သည်။

တစ်ဖန် မြင်းလှည်းပေါ် ခုန်တက်ကာ မောင်းနှင်သွားရန် ဟန်ပြင်လိုက်၏။

သို့သော်....

ရေဆာသည့်ဒဏ်ကို မခံနိုင်တော့ပါ။

ရင်ထဲ မီးမြှိုက်ထားသလို ပူလောင်နေရကား....

'မဖြစ်သေးပါဘူး၊ ရေလိုက်ရှာဦးမှပါပဲ'

ချက်ချင်းပင် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ထို့နောက် တောအုပ်ထဲ၌ စမ်းတဝါးဝါးဖြင့် ရေလိုက်ရှာလေသည်။

မကြာပါချေ။

လှမ်းမကမ်းမှ ရေစီးသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကြိုင် ဝမ်းသာသွားသည်။

ရေစီးသံထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ လှမ်းသွားလိုက်လေသည်။



တောအုပ်ထဲမှ ဖြတ်သန်းစီးဆင်းသွားသော စမ်းချောင်းလေးတစ်ခု ရှိနေပါသည်။

ယင်ကြိုင် ကျေနပ်သွားသည်။

စမ်းရေများကို လက်ခုပ်ဖြင့် ခပ်ယူကာ သောက်လိုက်လေသည်။

ရေအဝသောက်ပြီး မျက်နှာသစ်၊ ခြေသက်ဆေးလိုက်သည်။

တစ်ခဏအတွင်းမှာပင် ယင်ကြိုင် လန်းလန်းဆန်းဆန်း ဖြစ်လာသည်။

'ဟူး....ခုမှပဲ ရင်ပူသက်သာသွားတော့တယ်'

ယင်ကြိုင်သည် စမ်းချောင်းလေး နံဘေး၌ ခဏထိုင်ကာ အနားယူနေလိုက်လေသည်။

တစ်အောင့်မျှကြာသွားမှ မြင်းလှည်းဆီသို့ ပြန်သွားရန် ထရပ်လိုက်၏။

ထိုစဉ်....

'ဝုတ်....ဝုတ်....ဝုတ်'

အဝေးတစ်နေရာမှ တောခွေးများ၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကြိုင် ရင်ထိတ်သွားသည်။

'တောခွေးအူသံတွေပါလား၊ ဒါဆို ငါဟာ ကျူးဟွာ့ တောအုပ်ထဲ ရောက်နေတာဖြစ်မယ်'

ကျူးဟွာ့မြို့၏ တောင်ဘက် ဆယ့်ငါးမိုင်ခန့်အကွာတွင် နက်ရှိုင်းလှသော တောအုပ်ကြီးတစ်ခု ရှိလေသည်။

လူအများက ကျူးဟွာ့တောအုပ်ဟုသာ လွယ်လွယ်ကူကူ ခေါ်ကြလေသည်။

ကျူးဟွာ့တောအုပ်တွင် သားရဲတိရစ္ဆာန်များပေါများပြီး တောခွေးများ၏။

အန္တရာယ်အဆိုးဆုံးဖြစ်ကြောင်း အားလုံးသိထားကြလေသည်။

ယခု...

တောခွေးများ၏ အူသံကိုကြားရသောအခါ ယင်ကြိုင် အမူးပြေသွားလေတော့သည်။



'မဖြစ်ဘူး၊ မြန်မြန်သွားမှပဲ'

မြင်းလှည်းဆီသို့ အမြန်ဆုံးပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်...

စမ်းချောင်းကလေး၏ တစ်ဖက်ကမ်းမှ လူရိပ်တစ်ခု လှုပ်ရှား သွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရလေသည်။

ယင်ကြိုင်၏ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားသည်။

မျက်လုံးပြူး၍ သေသေချာချာ ကြည့်လိုက်သည်။

သူ့အမြင်မှားခြင်း မဟုတ်ပါချေ။

လူရိပ်တစ်ခုသည် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာ စမ်းချောင်းလေးဆီသို့ တရွေ့ရွေ့လာနေခြင်းဖြစ်လေသည်။

ယင်ကြိုင် ထိတ်လန့်သွားလေသည်။

'ကျူးဟွာ့ တောအုပ်ကညအချိန်ဖြတ်သန်းခရီးနှင်ခဲ့တဲ့လူ အတော်ရှားတာပဲ၊ ဒီလူက မကြောက်မရွံ့ဘာလာလုပ်တာ ပါလိမ့်'

တောထဲကောင်ထဲ၌ ညအချိန်မတော် မကောင်းဆိုးဝါးများ သွားလာလှုပ်ရှားနေလေ့ရှိသည်ဟု ရှေးစကားများကို ယင်ကြိုင် ယုံကြည်လက်ခံသူဖြစ်လေသည်။

'ဒုက္ခပါပဲ'

ညည်းတွားရင်း သစ်ပင်တစ်ပင် နောက်ကွယ်သို့ ကပျာကယာ ပြေးဝင်ပုန်းအောင်းနေလိုက်လေသည်။

မည်သို့ဆိုစေ....

စူးစမ်းလိုစိတ်ရှိသည့်လူသားတို့၏ သဘာဝအတိုင်း သစ်ပင်နောက်ကွယ်မှနေပြီး ချောင်းကြည့်လိုက်လေသည်။

ထိုအခါ....

အဝေးမှလှမ်းလာနေသော လူရိပ်သည် တစ်စထက်တစ်စ နီးကပ်လာပြီး စမ်းချောင်းလေးအနီးသို့ ရောက်ရှိလာလေသည်။

လရောင်ဖြာကျနေသည့်ဖြစ်ရာ ဝန်းကျင်တစ်ခုလုံး လင်းလင်းကျင်းကျင်းဖြစ်နေပြီး စမ်းချောင်းအနီးသို့ရောက်ရှိလာသူကို သေသေချာချာ တွေ့မြင်လိုက်ရလေသည်။



ထိုလူမှာ ဆံပင်ဖားလျားချထားသော အမျိုးသမီးကြီး တစ်ယောက်ဖြစ်လေသည်။

ယင်ကြိုင်သည် အမျိုးသမီးကြီး၏မျက်နှာကိုသေသေချာချာ တွေ့မြင်လိုက်ရသောအခါ အံ့သြသွားလေသည်။

'ဟင်....စန်းကူးပါလား'

ဟု ရေရွတ်လိုက်မိလေသည်။

ထိုအမျိုးသမီးကြီးအား သူကောင်းစွာသိရှိထားလေသည်။

ထိုအမျိုးသမီးကြီးမှာ စန်းကူးဟုအမည်ရှိသောကျူဟွမ်းမြို့မှ စမ်းဆွဲသည်တစ်ယောက်ဖြစ်လေသည်။

ကျူဟွမ်းမြို့မှအမျိုးသမီးများ ကလေးမီးဖွားလျှင်စန်းကူးကို အားကိုးအားထားပြုရလေသည်။

စမ်းဆွဲသည်အလုပ်ဖြင့်စန်းကူးအား မသိသူမရှိသလောက် ဖြစ်လေသည်။

ယင်ကြိုင်က....

'ညကြီးမင်းခေါင်မတော် လူသူကင်းဝေးတဲ့ ကျူဟွမ်းတော အုပ်ထဲကို စန်းကူးက ဘာလာလုပ်တာပါလိမ့်'

သူတွေးတောနေစဉ်မှာပင်....

'အူဝဲ....အူဝဲ'

ကလေးငိုသံထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ယင်ကြိုင် လန့်ဖျပ်သွားသည်။

စန်းကူး၏လက်ထဲ ဆွဲလာသည့် ကြိမ်ခြင်းတောင်းထဲမှ ကလေးငိုသံ ထွက်ပေါ်လာခြင်းမဟုတ်ပါလား။

ထိုအချိန်မှာပင်....

'တိတ်ပါကလေးရယ်....ကျွတ်....ကျွတ်'

စန်းကူးက ကလေးကို ချော့သိပ်နေ၏။

တစ်ဖန်....

သူမသည် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး ကြိမ်ခြင်းတောင်းအား စမ်းချောင်းထဲသို့ မျှောချရန် ဟန်ပြင်လိုက်လေသည်။

ယင်ကြိုင် ထိတ်လန့်သွားသည်။

သစ်ပင်နောက်ကွယ်မှ ကပျာကယာ ထွက်လိုက်ပြီး....



'စန်းကူး၊ ခင်ဗျား ဘာလုပ်တာလဲ'

ဟု အော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

စန်းကူးလည်း လန့်ဖျပ်သွားလေသည်။

ကြိမ်ခြင်းတောင်းကိုဆွဲကာ ကပျာကယာ နောက်ဆုတ်လိုက်ပြီး ယင်ကြိုင်ကိုလှမ်းကြည့်လိုက်လေသည်။

ယင်ကြိုင်က ...

'ခင်ဗျားက ကလေးတစ်ယောက်ကို စမ်းချောင်းထဲ မျှောပစ်ဖို့ ကြံစည်နေတယ် မဟုတ်လား'

သူသည် စန်းကူး၏ မဖွယ်မရာလုပ်ရပ်ကြောင့် ဒေါသူသွားပြီး ချက်ချင်းပင်စမ်းချောင်းလေးကိုဖြတ်ကာတစ်ဖက်ကမ်းသို့ ရောက်ရှိသွားလေသည်။

စန်းကူး ထွက်ပြေး၍ မရတော့ပါချေ။

ယင်ကြိုင်က....

'ဒါ ဘာလုပ်တာလဲ ပေးစမ်း'

စန်းကူးလက်ထဲမှ ကြိမ်ခြင်းတောင်းလေးကို လှမ်းယူလိုက်လေသည်။

'ဟူဝ်'

ကလေးငိုသံထွက်ပေါ်လာပြီး ကြိမ်ခြင်းတောင်းမှာ ယင်ကြိုင်၏ လက်ထဲသို့ ပါသွားလေတော့သည်။

ယင်ကြိုင်သည် အရက်သမားတစ်ယောက်ဖြစ်သော်လည်း မကောင်းမှုကို ရွံမုန်းသူဖြစ်လေသည်။

အပြစ်မဲ့ ကလေးတစ်ယောက်အား စမ်းချောင်းထဲ မျှောပစ်မည့် လူမဆန်သောလုပ်ရပ်ကို လက်မခံနိုင်ပေချေ။

စန်းကူးသည်လည်း ယင်ကြိုင်၏အကြောင်းကို သိထားသူဖြစ်ရာ ပြန်လုမယူဝံ့ချေ။

သူမ၏အပြစ်ကြောင့် မျက်စိမျက်နှာပျက်နေသည်။

ယင်ကြိုင်က ခြင်းတောင်းထဲသို့ ငုံ့ကြည့်လိုက်သည်။

ထိုအခါ အနှီးဖြင့်ရစ်ပတ်ထားသည့် ရက်သားလေးမျှသာ ရှိသေးသော ကလေးတစ်ယောက်ကို တွေ့ရလေသည်။

ကလေးမှာ ယောကျ်ားလေးဖြစ်ပြီး တုတ်တုတ်ခဲခဲ ချစ်စရာလေး ဖြစ်နေပါသည်။



ယင်ကြိုင်က...

'ရက်စက်လိုက်တာဗျာ၊ ဘာမှ အပြစ်မရှိတဲ့ ကလေးတစ်ယောက်ကို ရက်ရက်စက်စက်သတ်ပစ်ဖို့ ကြိုးစားရသလား၊ ခင်ဗျားကို ချမ်းသာမပေးဘူး'

အော်ငေါက်ရင်း ထိုးကြိတ်ရန် ဟန်ပြင်လိုက်လေသည်။

'မလုပ်ပါနဲ့၊ မလုပ်ပါနဲ့'

စန်းကူး ကပျာကယာ တောင်းပန်လိုက်လေသည်။

ယင်ကြိုင်က....

'ပြောစမ်း၊ ဒါဘယ်သူ့ကလေးလဲ၊ ဘာကြောင့် သတ်ပစ်ဖို့ ကြိုးစားရတာလဲ'

စန်းကူး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်...ကျုပ် မပြောပါရစေနဲ့၊ တော်ကြာ သူတို့က ကျုပ်ကို သတ်ပစ်ကြပါလိမ့်မယ်'

မြေပေါ်ဒူးထောက်ကာ တောင်းပန်တိုးလျှိုး လိုက်လေသည်။

ယင်ကြိုင် အံ့ဩသွားလေသည်။

'သူတို့ ဟုတ်လား၊ သူတို့ဆိုတာ ဘယ်သူတွေလဲ'

စန်းကူး ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်...ကျုပ် မပြောပါရစေနဲ့'

ယင်ကြိုင် မကျေမနပ်ဖြစ်သွားသည်။

'ခင်ဗျားမပြောရင် ကျုပ်လက်ချက်ကြောင့် အရင်ဆုံး ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ မှတ်ထား'

လက်သီးဆုပ်ကိုထောင်ပြကာ ခြိမ်းခြောက်လိုက်လေသည်။

စန်းကူး ခေါင်းငုံ့ထားလိုက်လေသည်။

ယင်ကြိုင်က....

'ခင်ဗျား မပြောဘူးလား'

စန်းကူးသည် ဒူးထောက်ခေါင်းငုံ့နေပြီးဘာမှမပြောချေ။ ယင်ကြိုင် အသည်းယားလာလေသည်။

'အပြစ်မရှိတဲ့ ကလေးတစ်ယောက်ကို ရက်ရက်စက်စက် သတ်ပစ်ဖို့ ကြိုးစားတာကို ကျုပ် ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'



သူက ထိုးကြိတ်ရန် ဟန်ပြင်လိုက်၏။

စန်းကူး တုတ်တုတ်မျှ မလှုပ်ပါ။

ရှောင်တိမ်းဖို့လည်း မကြိုးစားပါ။

ယင်ကြိုင်က ခုခံခြင်း မပြုသူတစ်ယောက်အား တိုက်ခိုက်ခြင်း မပြုလိုသဖြင့် နောက်ဆုတ်လိုက်၏။

စန်းကူးက သူ့အား မော့ကြည့်လာသောအခါ သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်ကြိုင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ခင်...ခင်ဗျား'

စန်းကူးက...

'ကျုပ်က ဒီအလုပ်ကို လုပ်ချင်လို့လုပ်ရတာမဟုတ်ပါဘူး။ သူများကို ကြောက်လို့လုပ်ရတာပါ'

'ဘယ်သူတွေကို ကြောက်ရတာလဲ'

'သူ...သူတို့က...'

ယင်ကြိုင် လက်ဝှေ့ယမ်းလိုက်သည်။

'မြောမှာလား မြောစမ်းပါဗျာ၊ တောထဲတောင်ထဲမှာ ဘယ်သူမှ ရှိပါဘူး၊ ကြောက်မနေစမ်းပါနဲ့'

ဟု ခေါက်လိုက်သော်မှ စန်းကူးက...

'ရွှေနဂါးတည်းခိုခန်းမှာ တည်းခိုနေတဲ့သူတွေပါ'

ဟု ပြောလာလေသည်။

ယင်ကြိုင် မျက်မှောင်ကြုတ်သွားသည်။

'မြို့ထဲက ရွှေနဂါးတည်းခိုခန်းကို ပြောတာလား'

'ဟုတ်ပါတယ်၊ ရွှေနဂါးတည်းခိုခန်းက အခန်းအမှတ် သုံးမှာ လူတစ်စုတည်းခိုနေကြတယ်၊ သူတို့နဲ့အတူ နေ့စေ့လစေ့ ကိုယ်ဝန်ဆောင်တစ်ယောက်ပါလာတယ်၊ အဲဒီအမျိုးသမီးဟာ ဗိုက်နာလာလို့ ကျုပ်ကိုလာခေါ်ကြတယ်၊ ကျုပ် လိုက်သွားပြီး မွေးဖွားပေးခဲ့ရပါတယ်'

ယင်ကြိုင်က...

'မြင်းတောင်းထဲက ကလေးပေါ့ဟုတ်လား'

စန်းကူး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ကွယ်၊ ဟုတ်ပါတယ်'



ယင်ကြိုင်က...

'ခင်ဗျား သွားမွေးဖွားပေးခဲ့ရတာနဲ့ ကလေးက ခင်ဗျား ဆီကို ရောက်လာတာနဲ့ ဘာဆိုင်လို့လဲ'

စန်းကူး သက်ပြင်းချလိုက်သည်။

'သူတို့လူစုထဲက ခေါင်းဆောင်ဖြစ်ပုံရတဲ့လူတစ်ယောက်က ကလေးမွေးပြီးတာနဲ့ သေသွားပြီလို့ပြောရမယ်လို့ ကျုပ်ကို မှာထားတယ်၊ သူခိုင်းတဲ့အတိုင်း မပြောရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်လေ၊ သူတို့ကိုကြည့်ရတာ အင်မတန်ရက်စက် ကြမ်းကြုတ်မယ့်လူတွေဆိုတာ ကျုပ်ရိပ်မိတယ်၊ ဒါကြောင့် သူတို့ ပြောတဲ့အတိုင်း ကလေးအမေကို ပြောပြခဲ့ရတယ်၊ ခေါင်းဆောင်လုပ်တဲ့လူကပဲ ကလေးယူသွားပြီး ဖျောက်ဖျက် ပစ်ဖို့ ကျုပ်ကို ခိုင်းခဲ့တာပါ'

ယင်ကြိုင်က...

'အတော်ကို လူမဆန်တဲ့လူတွေပဲ၊ ခင်ဗျားကတော့ သူတို့ ခိုင်းတဲ့အတိုင်း လုပ်ရတာပဲလား'

စန်းကူးက...

'သူတို့ကိုကြောက်ရတော့ သူတို့ခိုင်းတဲ့အတိုင်း လုပ်ခဲ့ရတာ ပေါ့လေ'

'တော်စမ်းပါ၊' ခင်ဗျားအတွက် ငွေပုံပေးခဲ့တယ် မဟုတ်လား ပြောစမ်းပါဦး'

'ကျုပ်...'

'ခင်ဗျား မက်လောက်အောင် ရခဲ့လို့ ခုလိုလုပ်တာမဟုတ်လား'

စန်းကူး ဘာမှမှဘတ်နိုင်တော့ဘဲ အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ယင်ကြိုင်က....

'ရွှေနဂါးတည်းခိုခန်းမှာ ရောက်နေတဲ့လူတွေရဲ့ လုပ်ရပ်ဟာ ဘယ်လိုမှ သဘာဝမကျဘူး၊ ကလေးအမေမခမျာ ဘယ်လောက် သနားစရာကောင်းသလဲ၊ ဒီကိစ္စကို ကျုပ်ဖြေရှင်းရမယ်'

'ယင်ကြိုင်၊ ရှင်...ရှင်...'

စန်းကူး အထိတ်တလန့်ဖြစ်သွားလေသည်။

ယင်ကြိုင်က သူမအား လုံးဝဂရုမစိုက်တော့ပါချေ။

ကလေးငယ်ထည့်ထားသော ကြိမ်ခြင်းတောင်းကို လက်ဆွဲကာ စမ်းချောင်းတစ်ဖက်သို့ ပြန်ကူးသွားသည်။



သူ၏မြင်းလှည်းရှိရာသို့ ဒေါနှင့် မောနှင့် လျှောက်သွား၏။

စန်းကူးသည် ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

နံနက်မိုးစင်စင်လင်းပြီး မကြာမီ ယင်ကြိုင်သည်ကျူးဟွာမြို့သို့ ပြန်လည်ရောက်ရှိသွားလေသည်။

ယင်ကြိုင်သည် မြင်းလှည်းကို ရွှေနဂါးတည်းခိုခန်းသို့ ဆင်ခါတည်း တန်းမောင်းသွားခြင်း ဖြစ်လေသည်။

သို့သော်....

သူရောက်ရှိသွားချိန်၌ အခန်းအမှတ်သုံး၌ တည်းခိုနေကြသူများ မရှိကြတော့ပါချေ။

အခန်းအပ်ကာ ထွက်သွားကြပြီဆိုသည်မှလွဲပြီး တခြားဘာမှစုံစမ်း၍ မရတော့ပါ။

ယင်ကြိုင်သည် နန်းကျေး၏အိမ်သို့ သွားလေသောအခါ နန်းကျေးသည်လည်း အိမ်ကို ပစ်ပြေးသွားကြောင်း သိလိုက်ရလေသည်။

ကလေးငယ်နှင့် ပတ်သက်သော သဲလွန်စများ ပျောက်ကွယ်သွားလေတော့သည်။

သို့ဖြင့်...

ကလေးငယ်သည် ယင်ကြိုင်၏လက်ထဲ ရောက်မလာနိုင်တော့သည်။

ယင်ကြိုင်သည် ကလေးငယ်နှင့် ပတ်သက်၍ ပြုစုစောင့်ရှောက်ဖို့ အခက်ကြုံခဲ့ရလေသည်။

သူတစ်ပါးအား ပေးပစ်လိုက်ဖို့ပင် စိတ်ကူးမိခဲ့သည်။

သို့သော်...

မျှော်လင့်တဲ့ ကလေးငယ်အပေါ် သံယောဇဉ် တွယ်တာလာမိသည်။

နွားနို့၊ ဆိတ်နို့များ တိုက်ကျွေးကာ မွေးမြူခဲ့သည်။

ယင်ကြိုင်သည်း အရက်ပြတ်သွားသည်။

နောင်တစ်ချိန် ကလေးကြီးပြင်းလာလျှင် သူကမွေးစားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သွားမည်ကို စိုးရိမ်လာလေသည်။



ထို့ကြောင့်...

ကျူဟွစ်မြို့ကို စွန့်ခွာကာ အခြား တစ်ရပ်တကျေးသို့ ပြောင်းရွှေ့သွားခဲ့လေတော့သည်။

ယင်ကြိုင်၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျခဲ့နေသည်။

စကားများများ မပြောခဲ့ရခြင်းကြောင့် မောဟိုက်နေသည်။

ယင်ကျင်းက အသင့်ဖျော်ထားသော ဆေးရည်တစ်ခွက် တိုက်ကျွေးလိုက်ရလေသည်။

ထိုအခါမှ ယင်ကြိုင် အနေမာသက်သာသွားလေသည်။

ယင်ကျင်းက....

'ဖေဖေ တစ်ရေးလောက်အိပ်ပြီး အနားယူလိုက်ပါနော်'

ဟု တောင်းပန်လိုက်လေသည်။

ယင်ကြိုင်က တားမရပါ။

'သားရယ်… ခုချိန်မှမပြောရင် နောက်ဘယ်တော့မှ ပြောနိုင်မှာ မဟုတ်တော့ဘူးဆိုတာ နားလည်ပါကွယ်'

'ဖေဖေရယ်….'

ယင်ကျင်း ညည်းတွားလိုက်လေသည်။

ယင်ကြိုင်က…

'သားကို ဖေဖေက မွေးစားခဲ့တယ်ဆိုတာ သားသိပြီပေါ့နော်၊ ဖေဖေမရှိတော့တဲ့နောက်ပိုင်း သားဟာကိုယ့်ရဲ့မိဘတွေကို လိုက်ရှာရလိမ့်မယ်'

'ဗျာ….'

'ဖေဖေဟာ သားကို သံယောဇဉ်တွယ်ပြီး မွေးစားခဲ့ပေမယ့် မိဘအရင်းတွေလက်ထဲ ပြန်ပို့သင့်တယ်ဆိုတာ ဖေဖေနားလည်ပါတယ်၊ ဒါကြောင့် သားဟာ ဖေဖေမရှိတော့တဲ့နောက်ပိုင်း မိဘအရင်းတွေကို လိုက်ရှာရလိမ့်မယ်'

'ဖေဖေ၊ ကျွန်…ကျွန်တော်'

'သား ဘယ်လိုရှာရမယ်ဆိုတာ ဖေဖေ ပြောပြမယ်၊ ဖေဖေဟာ မြင်းလှည်းမောင်းရင်း မမျှော်လင့်တဲ့ တစ်နေ့မှာ လုံရှမ်းမြို့ကို ရောက်သွားခဲ့တယ်၊ လုံရှမ်းမြို့ အရှေ့ဘက်က သူဌေးသူကြွယ်တွေနေတဲ့ အရပ်မှာ ဝမ်းဆွဲသည် စန်းကူးဟာ သူဌေးမကြီးတစ်ဦးလို နေထိုင်နိုင်နေတာကို တွေ့ခဲ့ရတယ်'



ယင်ကျင်းသည် မိမိ၏ဘဝမှန်ကို သိရသဖြင့် ဝမ်းနည်းကြေကွဲလာလေသည်။

ယင်ကြိုင်အပေါ် သံယောဇဉ် မကုန်နိုင်ပါ။

ဘယ်သောအခါဖြစ်စေ၊ ယင်ကြိုင်သည် သူ၏ဖခင်သာဖြစ်နေမည် မဟုတ်ပါလား။

ဝမ်းဆွဲသည် 'စန်းကူး'သည် သူဌေးမကြီး ဖြစ်နေသည်ဟု ကြားရသောအခါ စိတ်ဝင်စားသွားလေသည်။

ယင်ကြိုင်က….

'သားရဲ့မိဘတွေအကြောင်းကို စန်းကူးက ဖေဖေထက် ပိုပြီးသိလိမ့်မယ်၊ ဒါကြောင့် သားအနေနဲ့ သူ့ကိုသွားတွေ့စေချင်တယ်၊ သူ့ဆီမှာ မေးမြန်းစုံစမ်းပြီး မိဘတွေကို လိုက်ရှာပါလို့ ဖေဖေတိုက်တွန်းချင်တယ်'

ဟု သူ၏ဆန္ဒကို ပြောပြလေသည်။

ယင်ကြိုင်းကမူ ဖခင်ယင်ကြိုင်နှင့် ဘယ်တော့မှ ခွဲမသွားဟု ဆုံးဖြတ်ထားလေသည်။

သို့သော်….

ယင်ကြိုင်သည် နောက်သုံးရက်မျှ ရောဂါဝေဒနာကို အပြင်းအထန် ခံစားရပြီးလျှင် ယင်ကျဉ်းအား ထာဝရခွဲခွာသွားခဲ့လေတော့သည်။

*　　*　　*

## ထူးဆန်းသောအဘိုးအို

---

ည

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ယင်ကျဉ်းသည် ကျောက်ဂူနံရံကို ကျောမှီကာ အိပ်ပျော်သွားလေသည်။

အိပ်ပျော်ရင်း အိပ်မက်ဆိုးများ မက်နေ၏။

ဖခင် ယင်ကြိုင်နှင့် အိပ်မက်ထဲ၌ တွေ့ရသည်။

ယင်ကြိုင်က အိပ်မက်ထဲ၌ပင် မိဘများအား လိုက်လံရှာဖွေရန် တိုက်တွန်းခဲ့လေသည်။

ယင်ကျဉ်းသည် မည်မျှကြာအောင် အိပ်ပျော်သွားမှန်း မသိ။

အေးစိမ့်မှုကြောင့် တစ်ကိုယ်လုံး တောင့်တင်းလာတော့မှ ဖျပ်ခနဲ လန့်နိုးလာလေသည်။

ယင်ကျင်း ကပျာကယာ ထရပ်လိုက်သည်။

ခြေလက်များ ဆန့်တန်းကာ သွေးပူအောင် ပွတ်လုပ်လိုက်သည်။

လရောင်သည် ကျောက်ဂူအတွင်းသို့တိုင် ဖြာကျနေလေသည်။

လရောင်ဖြင့် အပြင်ဘက်တွင် အေးချမ်းသာယာနေသည်ကို တွေ့မြင်ရလေသည်။

မိုးသက်လေပြင်း တိုက်ခတ်ခဲ့သည်ဟုပင် ထင်စရာမရှိချေ။

ယင်ကျင်း သက်ပြင်းချလိုက်သည်။

'အင်း....မိုးတိတ်သွားပေမယ့် ငါသွားလို့ မဖြစ်သေးပါဘူး၊ ဒီကျောက်ဂူထဲမှာ လုံလုံခြုံခြုံနေတာကောင်းလိမ့်မယ်၊ မိုးလင်းမှ ရှေ့ခရီးဆက်ရမှာပဲ'

ဟု ရေရွတ်လိုက်သည်။

ယင်ကျင်းသည် ဖခင်ယင်ကြိုင်သေဆုံးသွားပြီး တစ်လခန့်ကြာမှ ဝမ်းဆွဲသည်စန်းကူးအား ရှာဖွေရန် လုံရှမ်းမြို့သို့ ဦးတည်ကာ ခရီးနှင်လာခဲ့ခြင်း ဖြစ်လေသည်။



တောလမ်းခရီးမှ ဖြတ်သန်းလာစဉ် မိုးသက်လေပြင်းကျလာသည်နှင့် ကြုံတွေ့ပြီး ကျောက်ဂူကြီးအတွင်း၌ ဝင်ရောက်မိုးခိုနေခြင်း ဖြစ်ပေတော့သည်။

ယင်ကျင်းသည် အညောင်းအညာဖြေလိုက်ပြီးလျှင် ပြန်ထိုင်ချလိုက်သည်။

ကျောက်ဂူထဲ၌ မိုးလင်းသည်အထိ နေသွားရတော့မည် ဖြစ်ပေသည်။

ယင်ကျင်း ထိုင်ချလိုက်ပြီး မခရှုးမနှောင်းမှာပင်....

'ချွင်....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

'ချွင်....'

သံနှင့်ကျောက် ထိတွေ့မိသောအသံများ ထွက်ပေါ်လာလေသည်။

'ဟင်...'

ယင်ကျင်း ရင်ထိတ်သွားသည်။

ထိုင်နေရာမှ ဝေါက်ခနဲ ထရပ်လိုက်လေသည်။

မျက်လုံးပြူးကာ ဟိုဟိုသည်သည် ကြည့်လိုက်သည်။

မြည်သံသည် ကျောက်ဂူအဖြင့်တက်မှ ထွက်ပေါ်လာခြင်း မဟုတ်ပါ။

ကျောက်ဂူထဲမှ ထွက်ပေါ်လာခြင်းသာ ဖြစ်လေသည်။

ယင်ကျင်းက အတန်ကြာအောင် အကဲခတ် ကြည့်လိုက်သော်လည်း နောက်ထပ် အသံဗလံများ ထွက်ပေါ်လာခြင်း မရှိတော့ပေ။

ယင်ကျင်း ထက်မြင်းချလိုက်လေသည်။

'ငါ နားကြားလွဲတာပဲဖြစ်မှာပါ'

ဟုတွေး ကိုင်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

'ချွင်...'

နောက်ထပ် အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ယင်ကျင်း ဝေါက်ခနဲ ဖြစ်သွားသည်။

အသံသည် ကျောက်ဂူအတွင်းပိုင်းမှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း ကောင်းကောင်းကြီး သိလိုက်ရပြီ ဖြစ်လေသည်။

'ချွင်... ချွင်'

သံနှင့်ကျောက်သားပြင်တွေထိသံ တချွင်ချွင်မြည်ကာထွက်ပေါ်လာလေသည်။

ယင်ကျင်း ထိတ်လန့်လာလေသည်။

'ဘယ်သူလဲ'

ဟု အသံတုန်တုန်ယင်ဖြင့် မေးလိုက်လေသည်။

သူ၏အသံသည် ကျောက်ဂူထဲ၌ပဲ့တင်ထပ်ကာ ထွက်ပေါ်လာ၏။

ထို့နောက် ပြန်လည်တိတ်ဆိတ်သွားသည်။

'ချွင်'

သံနှင့်ကျောက်သားပြင် ထိတွေ့မိသောအသံက ထွက်ပေါ်လာဆဲ။ ယင်ကျင်း မျက်နှာပျက်သွားသည်။

ကျောက်ဂူကြီးအတွင်း၌ ထူးခြားမှုတစ်ခုရှိနေပြီ ဖြစ်ကြောင်းလည်း ရိပ်မိလိုက်သည်။

'ဘယ်....ဘယ်သူလဲ'

ကြောက်ကြောက်လန့်လန့်ဖြင့်မေးရင်း နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။

မှောင်ရိပ်ကျနေသော ကျောက်ဂူအတွင်းပိုင်းသို့ မျက်လုံးပြူးကာကြည့်နေမိသဲ။

ရုတ်တရက်....

ကျောက်ဂူအတွင်းပိုင်းမှ အရိပ်မည်းမည်းတစ်ခုထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်ကျင်းမှာ ကြောက်လန့်ကာ မလှုပ်မယှက်နိုင်အောင်ဖြစ်သွားလေတော့သည်။

အရိပ်မည်းမည်းသည် တစ်စထက်တစ်စ ရှေ့တိုးလာလေသည်။

ယင်ကျင်းနှင့်နီးသည်ထက် နီးကပ်လာသည်။

ယင်ကျင်းသည် မကောင်းဆိုးဝါးတစ်ကောင်အား တွေ့မြင်လိုက်ရသည်ဟုထင်မှတ်လိုက်ပြီး....

'အမယ်လေး'

ဟု အော်ဟစ်ကာ နောက်လှည့် ထွက်ပြေးသွားလေတော့သည်။

* * *



ယင်ကျင်း အကြီးအကျယ် ကြောက်ရွံ့ထိတ်လန့်သွားလေသည်။

သားရဲတိရစ္ဆာန်များသည် တောတောင်ထဲ၌ ကျောက်ဂူများ လျှိုမြောင်များတွင် ပုန်းအောင်းနေထိုင်လေ့ရှိသည်ဟု သိထားခဲ့ရလေသည်။

ယခု....

ကျောက်ဂူအတွင်းပိုင်းမှ အရိပ်သဏ္ဌာန်တစ်ခု ထွက်ပေါ်လာလေသောအခါ ပထမတွင် သားရဲတိရစ္ဆာန်တစ်ကောင်ဖြစ်မည်ထင်မိလေသည်။

သို့သော်လည်း တစ်စထက်တစ်စ နီးကပ်လာသောအခါ လူရိပ်သဏ္ဌာန်တစ်ခုဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ကျောက်ဂူထဲ၌ လူသင်းယောက်ကိုတွေ့ရဖို့ထက် မကောင်းဆိုးဝါးတစ်ကောင်အား တွေ့ရဖို့ကဖြစ်နိုင်သည်ဟု ယူဆကာ ယင်ကျင်းသည် ကြောက်လန့်တကြားအော်ဟစ်ရင်း ထွက်ပြေးသွားခြင်းဖြစ်လေတော့သည်။

သို့သော်....

ခြေတစ်လှမ်းနှစ်လှမ်းသာ လှမ်းလိုက်ရသေးသည်။ ထူးဆန်းသောအဖြစ်တစ်ခုနှင့် ကြုံတွေ့လိုက်ရလေသည်။

'ဝှီး'

'ခြွမ်း'

သံကြိုးမြည်သံနှင့်အတူ အရိပ်မည်းမည်း တစ်ခုသည် ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွားသဖြင့်...

'ဟာ'

ယင်ကျင်း လွှတ်ခနဲအော်ကာ ခြေလှမ်းရပ်လိုက်လေသည်။

အရိပ်မည်းမည်းသည် သူ၏အရှေ့ဘက်သို့ရောက်သွားပြီး တွက်မြေး၍မရအောင် ငှက်ပေါက်တကို ပိတ်ဆို့ထားလိုက်သည် မဟုတ်ပါလား။

ယင်ကျင်း ကပျာကယာ နောက်ဆုတ်လိုက်၏။

ထိုအရိပ်မည်းက ရှေ့တိုးလာသည်။

'သ....သရဲ'

ယင်ကျင်းသည် ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်လေသည်။

ထိုစဉ်...

'ဟား...ဟား...ဟား'

ကျယ်လောင်သော ဟားတိုက်ရယ်မောသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်းမျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။



နားအူသွားသဖြင့် နားနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်အုပ်ထားလိုက်မိ၏။

ထိုလူသည် ...ကျေနပ်စွာ ရယ်မောလိုက်ပြီးလျှင်...

'မင်းတာသောချင်လို့ ငါနေတဲ့ကျောက်ဂူထဲ ဝင်လာတာပဲ'

ဟု ပြောလာလေသည်။

ယင်ကျင်းသည် ကြားလိုက်ရသော စကားကြောင့် မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

'ခင်... ခင်ဗျားက လူတစ်ယောက်ဟုတ်လား'

ဟု ထစ်ထစ်ငေါ့ငေါ့မေးလိုက်လေသည်။

ထိုလူက...

'နေပါဦး၊ မင်းက ငါ့ကို မကောင်းဆိုးဝါးတစ်ကောင်လို့ ထင်နေတာပေါ့လေ၊ ဟား...ဟား...ဟား'

ယင်ကျင်း နောက်ဆုတ်လိုက်ပြန်သည်။

ထိုလူက...

'ငါ့သက်ထဲက လွတ်လိမ့်မယ်လို့ မမျှော်လင့်ပါနဲ့ကွာ၊ မင်းက ဒီကျောက်ဂူထဲကို ဝင်လာခဲ့တာကိုက ဆိုးတာပဲ'

ယင်ကျင်းက...

'ကျွန်တော်က မိုးခိုစရာနေရာရှာရင်း ဒီနေရာကိုရောက်လာတာပါ၊ တမင်လာခဲ့တာမဟုတ်ပါဘူးခင်ဗျာ'

ဟု တောင်းတောင်းပန်ပန် ပြောလိုက်လေသည်။

တိုလူရိုင်က....

'ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ ငါရှိနေတယ်ဆိုတာကို မင်းသိသွားပြီဆိုတော့ ချမ်းသာမပေးနိုင်ဘူး၊ သေဖို့သာပြင်ထားပေတော့'

စကားဆုံးလျှင် လက်တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

ပြင်းထန်သောလေပွေလှိုင်းတစ်ခု တိုးဝင်လာသဖြင့် ယင်ကျင်း ထိတ်လန့်ကာ ကပျာကယာ နောက်လှည့်ထွက်ပြေးဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

'ဝုန်း'

'အား'

စူးရှကျယ်လောင်သောအသံများထွက်ပေါ်လာကာ ယင်ကျင်း၏ ခန္ဓာကိုယ်သည် အပေါ် မြောက် တက် သွား ပြီး ကျောက်ဂူကြမ်းပြင်သို့ ခြေပစ်လက်ပစ် ပြုတ်ကျသွားလေတော့သည်။

အချိန်မည်မျှကြာသွားမှန်းမသိ။



ယင်ကျင်း သတိရလာသောအခါ ကျောက်ဂူကြမ်းပြင်၌ လှဲလျောင်းနေသည့်အဖြစ်ကို သတိပြုမိလိုက်လေသည်။

သူသည် ကျောက်ဂူအတွင်းဘက်၌ရှိနေသေးပြီး ထူးဆန်းသော လူတစ်ယောက် နှင့်ဆုံတွေ့မိသည့်အဖြစ်ကို ပြန်လည်သတိရလာ၏။

ယင်ကျင်း အထိတ်တလန့်ဖြင့် လူးလိမ့်ထလိုက်လေသည်။

မိုးသက်လေပြင်း ငြိမ်သက်သွားပြီဖြစ်သလို ညတာအချိန်လည်း ကုန်ဆုံးသွားပြီဖြစ်လေသည်။

နေ၏အလင်းရောင်ကြောင့် ကျောက်ဂူအတွင်း၌ လင်းလင်းကျင်းကျင်း ဖြစ်နေပါသည်။

သာယာညှင်းပျောင်းသော လေပြည်လေညှင်းများလည်း တိုက်ခတ်ဝင်ရောက်လာသည်။

ကျေးငှက်ကလေးများ၏ သာသာယာယာ သီကြွေးသံများလည်း ကြားနေရလေသည်။

ယင်ကျင်း လူးလိမ့်ထလိုက်စဉ်...

'မင်းသတိရလာပြီကိုး'

အက်ကွဲသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

ယင်ကျင်း တုန်တုန်ယင်ယင်ဖြစ်သွားသည်။

စကားသံထွက်ပေါ်လာရာသို့လှမ်းကြည့်လိုက်လျှင် ခေါင်းမွေးစုတ်ဖွားနှင့် အဘိုးအိုတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုအဘိုးအိုသည် ကြေးညှော်အလိမ်းလိမ်းကပ်ပြီး ပေကျံနေသော အဝတ်အစားများ ဝတ်ဆင်ထားသည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများသည်လည်း ရှည်လျားနေပြီး ရုတ်တရက်ကြည့်လျှင် ခြင်္သေ့ကြီးတစ်ကောင်နှင့်ပင်တူလှပေတော့သည်။

ယင်ကျင်း ထိတ်လန့်သွားသည်။

'ခင်....ခင်ဗျား'

အဘိုးအိုက....

'မင်းက သိုင်းပညာ လုံးဝမတတ်ဘူးဆိုတာသိလို့ မင်းကိုချမ်းသာပေးလိုက်တာပဲ၊ မင်းကံကောင်းသွားတယ်မှတ်ပါ'

ယင်ကျင်းသည် အဘိုးအိုအား ကြောက်ရွံ့စွာကြည့်လိုက်လေသည်။

ယခုမှ...

ထိုအဘိုးအို၏ခါးတွင် သံခါးပတ်တစ်ခုပတ်ထားပြီး ထိုသံခါးပတ်၌ သံကြိုးရှည်တစ်ချောင်း ချည်နှောင်ထားသည်ကိုတွေ့ရ၏။



သံကြိုးရှည်သည် ကျောက်ဂူနံရံ၌ရိုက်သွင်းထားသော သံငုတ်ကြီးတစ်ခု၌ အဆုံးသတ်သွားလေသည်။

အဘိုးအို ကျောက်ဂူထဲမှထွက်သွား၍မရအောင် သံကြိုးဖြင့် ချည်နှောင်ထားသည့်သဘောမျိုး ဖြစ်နေသည်။

ထိုအဘိုးအိုသည် ကြောက်စရာကောင်းလှသူဟု ထင်မှတ်ခဲ့ရာမှ အချုပ်အနှောင်ခံနေရသူတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရလျှင် ယင်ကျင်း၏စိတ်ထဲမှ စိုးရိမ် ထိတ်လန့်မှု များ ပျောက်ကွယ်သွားလေတော့သည်။

အဘိုးအိုအပေါ် ကြင်နာသနားသည့်စိတ်များလည်း ဖြစ်ပေါ်လာလေသည်။

အဘိုးအိုက....

'မင်းသာ သိုင်းပညာတတ်မြောက်တဲ့ လူတစ်ယောက်ဖြစ်နေရင်တော့ ငါကချမ်းသာပေးမှာမဟုတ်ဘူး၊ မင်းဘယ်လိုလုပ်ပြီး ဒီနေရာကိုရောက်လာတာလဲ၊ ပြောပါဦး'

ဟု မေးလာလေသည်။

ယင်ကျင်းက....

'ကျွန်တော့်နာမည်ယင်ကျင်းပါ၊ လုံရှမ်းပြို့ကိုသွားမလို့ပါ၊ တောလမ်းခရီးကဖြတ်သန်းလာရင်း မိုးသက်လေပြင်းကျရောက်လာလို့ နားခိုစရာနေရာရှာရင်း ဒီနေရာကိုရောက်လာတာပါခင်ဗျာ'

ဟု အမှန်အတိုင်းပြောလိုက်လေသည်။

အတိုးအိုမျက်မှောင်ကြုတ်လိုက်လေသည်။

ယင်ကျော်အား အတန်ကြာစိုက်ကြည့်ပြီးမှ...

'မင်းရဲ့မိဘတွေကော'

ဟု မေးလေသည်။

ယင်ကျော်သည် ဖခင်ယောက်ျားအား သတိရလာ၍ စိတ်မကောင်းဖြစ်လာလေသည်။

'သေဆုံးသွားကြပြီခင်ဗျာ'

ဟု ဖြေလိုက်လေသည်။

အတိုးအိုက...

'ဆွေမျိုးသားချင်းတွေကော'

'မရှိပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ တစ်ကောင်ကြွက်ပါ'

'ဪ'

အတိုးအို၏မျက်နှာတွင် ကျေနပ်သွားသည့်အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

'ဒါထက် လုံရှမ်းမြို့ကို ဘာသွားလုပ်မလို့လဲ'

'ကျွန်တော့်အဖေရဲ့မိတ်ဆွေတစ်ယောက်ကို သွားရှာမလို့ပါ'



ယင်ကျော်က အဆင်ပြေသလိုပြောလိုက်လေသည်။

အတိုးအိုက...

'ကောင်းလိုက်လေကွာ၊ ငါ ဒီလို အခွင့်အရေးမျိုးကို စောင့်ဆိုင်းနေခဲ့တာ နှစ်ပေါင်းနှစ်ဆယ်နီးပါးရှိနေပြီ၊ ခုမှပဲ ငါ့ရဲ့ဆန္ဒပြည့်ဝတော့တယ်'

ဟု အားရကျေနပ်စွာပြောလေသည်။

ယင်ကျော် ကြောင်အမ်းအမ်းဖြစ်သွားသည်။

အတိုးအိုအား နားမလည်နိုင်စွာ ကြည့်မိလေသည်။

အတိုးအိုက...

'လာခဲ့'

ဟု ပြောကာ ယင်ကျော်၏လက်ကိုဆွဲခေါ်သွားလေသည်။

အတိုးအို၏ လက်ချောင်းကလေးများမှာ သိမ်းငှက်ခြေသည်းပမာ ကျိုးသရိုးသတ်လည်း သံချောင်းပမာ သန်မာလှကြောင်း သိလိုက်ရလေသည်။

ယင်ကျော် ဘာမှမတတ်နိုင်ဘဲ အတိုးအိုခေါ်ရာနောက်သို့ လိုက်ပါသွားရ၏။

အတိုးအိုသည် ကျောက်ဂူအတွင်းပိုင်းသို့ ခေါ်သွားခြင်းဖြစ်သည်။

သူလှုပ်ရှားလိုက်လေတိုင်း သံကြိုးနှင့်ကျောက်သားပြင်ထိတွေ့မှုကြောင့် တချင်ချင်မြည်သံများထွက်ပေါ်နေလေသည်။

ထိုသံကြိုးမှာ ရှည်လျားလွန်းလှသဖြင့် အဘိုးအိုသည် ကျောက်ဂူအတွင်း၌ စိတ်တိုင်းကျ သွားလာ လှုပ်ရှားနေနိုင်ခြင်းဖြစ်သည်။

သံကြိုးသာတိုနေပါက ခက်ရချည်ဟု ယင်ကျင်း တွေးလိုက်မိလေသည်။

ကျောက်ဂူသည် ရှည်လျားလှပြီး အတွင်းဘက်၌ ခန်းမဆောင်ကြီးတစ်ခုပမာ ကျယ်ဝန်းလှသည်ကို တွေ့ရပေသည်။

ထိုနေရာ၌ မီးပုံတစ်ခုရှိနေပြီး ယုန်ကလေးသုံးကောင်အား တံစို့ထိုးကာ မီးကင်ထားသည်ကို တွေ့ရလေသည်။

ယုန်ကင်မှ မွှေးကြိုင်သောအနံ့အသက်များ ထွက်ပေါ်နေရာ ယင်ကျင်းမှာ ဗိုက်ထဲတကြုတ်ကြုတ်မြည်အောင် ဆာလောင်လာလေတော့သည်။

အဘိုးအိုက လက်တစ်ဖက်ဝှေ့ယမ်းလိုက်သောအခါ...

'ခွမ်း...ခွမ်း... ခွမ်း'

ရှည်လျားသော သံကြိုးများကို အခွေလိုက်ဖြစ်အောင် စုပုံထားပြီးသားဖြစ်သွားလေသည်။

အဘိုးအိုသည် ယင်ကျင်း၏လက်ကို လွှတ်ပေးလိုက်ပြီး...



'ထိုင်'

မီးပုံအနီး၌ ထိုင်ခိုင်းလိုက်၏။

သူကိုယ်တိုင်းလည်း ယင်ကျင်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

ယုန်ကင်တစ်ကောင်အား ယင်ကျင်းကိုပေးကာ....

'မင်းလဲ ဗိုက်ဆာနေရောပေါ့၊ စားလိုက်ဦး'

ဟု ပြောလေသည်။

ယင်ကျင်းမဝံ့မရဲဖြစ်နေ၏။

ရုတ်တရက် ယုန်ကင်ကို လှမ်းမယူရဲပါချေ။

'ယူပါကွ၊ စားပါ မင်းကို ငါဒုက္ခမပေးပါဘူး၊ ငါ့ကို မကြောက်ပါနဲ့ကွာ'

ဟု ပြောလိုက်တော့မှ ယင်ကျင်းသည် မယူရဲယူရဲဖြင့် ယူကာ စားလိုက်လေသည်။

ဗိုက်ဆာနေ၍လောမသိ၊ ယုန်ကင်မှာ စား၍ကောင်းလှပေတော့သည်။

အဘိုးအိုသည် ယင်ကျင်း အားရပါးရ စားသောက်နေသည်ကိုကြည့်ကာ သဘောကျနေ၏။

'မင်းမဝသေးဘူးဆိုရင် ထပ်ယူဦးလေ'

နောက်ထပ် ယုန်ယင်တစ်ကောင်ကို ပေးပြန်သည်။

ယင်ကျင်း ကပျာကယာ လက်ကာပြလိုက်သည်။

'တော်ပါပြီခင်ဗျာ၊ ကျွန်တော်ဝသွားပါပြီ'

ယခုတော့ အတိုးအိုသည် သဘောသဘော ကောင်းသူ၊ ကြင်နာတတ်သူတစ်ယောက် ဖြစ်နေပြန်ပါတော့သည်။

အတိုးအိုက....

'မင်းဟာ စိတ်ကောင်းရှိမယ့် လူငယ်လေးတစ်ယောက်လို့ ငါယုံကြည်မိတယ်၊ ဒုက္ခရောက်နေသူကို ကူညီမယ့်သူလို့လဲ ထင်မိတယ်၊ ငါပြောတာမှန်ရဲ့လား'

ဟု မေးလာလေသည်။

ယင်ကျင်း ဦးခေါင်းကို ဆတ်ဆတ်ညိတ်လိုက်လေသည်။

'ဟုတ်...ဟုတ်ပါတယ်ခင်ဗျာ'

အတိုးအို ပြုံးလိုက်သည်။

'ကဲ...ငါ့ကိုကြည့်စမ်း၊ မင်းဘယ်လိုမြင်သလဲ'

'ဦး...ဦးဟာ...'

'ပြောပါ၊ မင်းစိတ်ထဲမှာရှိတဲ့အတိုင်း ပြောပါ၊ အားနာစရာမလိုပါဘူး'

ယင်ကျင်းက...



'ဦး...ဦးဟာ အကြောင်းတစ်ခုခုကြောင့်...'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

အတိုးအိုက...

'ကျုပ် ဘာကြောင့် ခုလိုသံကြိုးနဲ့ ချုပ်နှောင်ခံထားရသလဲဆိုတာ မင်းသိချင်နေတယ်မဟုတ်လား'

'ကျွန်တော်...'

'စိတ်ချ မင်းသိအောင် ပြောပြပါ့မယ်ကွာ၊ အမှန်ဆိုရင် ငါဟာ သိုင်းလောကမှာ ထင်ရှားတဲ့သိုင်းသမားတစ်ယောက်ပါ၊ မြှိုင်ဘက်ကင်းတဲ့သိုင်းကျမ်းတစ်ဆူနဲ့ပတ်သက်ပြီး မိတ်ဆွေတချို့ရဲ့ သစ္စာဖောက်မှုကို ခံခဲ့ရတယ်၊ နောက်ဆုံး လူသူကင်းဝေးတဲ့ ဟောဒီကျောက်ဂူကြီးထဲမှာ အချုပ်အနှောင်ခံနေရတာပေါ့ကွာ'

ယင်ကျင်းက အတိုးအိုအား ငေးကြည့်နေ၏။

အတိုးအိုပြောသည့်စကားသည် သူ့အတွက် အထူးအဆန်းများ ဖြစ်နေသည်။

ယင်ကျင်းသည် သိုင်းလောကအကြောင်း ဘာဆိုဘာမှ မသိသော အညာတရလူငယ်လေး ဖြစ်သည်မဟုတ်ပါလား။

အတိုးအိုက...

'ငါက ဒီဂူထဲမှာ အကျဉ်းချခံထားရတာ ဘယ်လောက်ကြာပြီလို့ မင်းထင်သလဲ'

ဟု မေး၏။

ယင်ကျင်းက....

'ကျွန်တော် မသိပါဘူးခင်ဗျာ'

'အေး...မင်းမှတ်ထား၊ ငါအကျဉ်းချခံနေရတာ နှစ်ပေါင်း နှစ်ဆယ်နီးပါးရှိပြီကွ'

ယင်ကျင်း စိတ်မကောင်းဖြစ်သွားလေသည်။

တောထဲတောင်ထဲ ကျောက်ဂူထဲဝယ် ယခုကဲ့သို့နှစ်ပေါင်းများစွာ အကျဉ်းချခံနေရမည့်အဖြစ်မှာ မစဉ်းစားဝံ့အောင်ဖြစ်လေသည်။

အဘယ်ကြောင့် ဤမျှရက်ရက်စက်စက် ပြုလုပ်ခဲ့ကြရပါသနည်း။

ယင်ကျင်း မနေနိုင်တော့ဘဲ....

'ဒီကျောက်ဂူထဲမှာ အကျဉ်းချခံနေရတယ်ဆိုတော့ ဦးအတော် ဒုက္ခရောက်ခဲ့မှာပေါ့နော်၊ ဦးအတွက် စားစရာသောက်စရာကအစ ခက်ခဲမှာပေါ့'

ဟု ပြောလိုက်လေသည်။



အဘိုးအိုက....

'ဒါပေါ့ကွာ၊ သူတို့က ငါ့ကိုဖမ်းပြီး အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းခဲ့ကြတာ၊ နောက်ဆုံး ငါသေပြီထင်လို့ ပစ်ထားခဲ့ကြတာ၊ အချုပ်အနှောင်ခံနေရတော့ စားဖို့သောက်ဖို့ခက်ခဲတာလဲ မပြောပါနဲ့၊ တစ်ခါတလေ ရက်ပေါင်း လပေါင်းကြာအောင် ဘာမှမစားဘဲနေခဲ့ရတယ်၊ ဂူနံရံက စိမ့်ထွက်နေတဲ့ရေကို သောက်ခဲ့ရတယ်၊ နောက်ပိုင်းကျတော့မှ ဂူထဲကိုဝင်လာတဲ့ တိရစ္ဆာန်လေးတွေကို ဖမ်းပြီးအသက်ဆက်ခဲ့ရတာပေါ့၊ ခုတော့နေသားကျသွား ပါပြီလေ၊ စားဖို့သောက်ဖို့ ဘာမှမပူရတော့ပါဘူး'

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။

'ဦးကို ဘယ်သူတွေက ဒီလောက်တောင် ရက်ရက်စက်စက်လုပ်သွားကြတာလဲဗျ'

ဟုမေးလိုက်ပြန်သည်။

အဘိုးအိုက....

'မိတ်ဆွေဟန်ဆောင်ထားတဲ့ လူယုတ်မာတွေပေါ့ကွယ်'

စကားဆုံးလျှင် အင်္ကျီကိုချွတ်ပြလိုက်လေသည်။

'ဟောဒီမှာ သူတို့ပေးသွားတဲ့ဒဏ်ရာတွေကို ကြည့်ပါဦး'

သူ၏ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာအမာရွတ်များ ကြောက်ခမန်းလိလိ ပြည့်နှက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟာ'

ယင်ကျင်း လွှတ်ခနဲအော်လိုက်မိလေသည်။

အတိုးအိုအပေါ် အလိုလိုနေရင်း သနားလာသည်။

ကရုဏာသက်လာသည်။

သံယောဇဉ်တွယ်လာလေတော့သည်။

ယင်ကျင်းသည် အတိုးအိုအား အတန်ကြာအောင် ငေးကြည့်နေပြီးမှ...

'ဦး ဘယ်လိုကြုံတွေ့ခဲ့ရတယ်ဆိုတာ ကျွန်တော့်ကိုပြောပြနိုင်မလားဟင်'

ဟု မေးလိုက်လေသည်။

အတိုးအိုက...

'ငါ့အကြောင်းကို မင်းစိတ်ဝင်စားတယ်ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ဦးကိုတွေ့ရင် ဘယ်သူမဆိုစိတ်ဝင်စားမိကြမှာပါပဲ'

အတိုးအို ပြုံးလိုက်သည်။

'ပါပေမယ့် ငါကတော့ ငါ့အကြောင်းကို တွေ့သမျှလူတိုင်းကို မပြောပြနိုင်မှာ မဟုတ်ဘူး၊ ဂူထဲဝင်လာတဲ့ လူတိုင်းကိုလဲ ချမ်းသာပေးနိုင်မှာ မဟုတ်ဘူးကွ'



အတိုးအိုတွင် ခံပြင်းနာကြည်းချက်များ ပြည့်နှက်နေကြောင်း ယင်ကျင်း ခံစားနားလည်မိလိုက်လေသည်။

အတိုးအိုက...

'ဒါပေမယ့်...မင်းကိုတော့ ငါပြောပြပါ့မယ်၊ မင်းဟာ ငါ့ရဲ့အကြောင်းကို သိထားသင့်တယ်လို့ ငါယုံကြည်ထားတယ်လေ၊ ကဲ...မင်း သေသေချာချာနားထောင်ပေတော့'

'ဟုတ်ကဲ့'

ယင်ကျင်းက ခေါင်းညိတ်လိုက်လေသည်။

အတိုးအိုသည် သူ၏အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြနေလေတော့သည်။

* * *

## လျှို့ဝှက်သိုင်းကွက်

ကူမင်းမြို့၏ ဆောင်းရာသီမှာ ဆိုးရွားပြင်းထန် လှပေသည်။

နေရာတိုင်းတွင်နှင်းမြူများဖုံးလွှမ်းနေ၏။

ကူမင်းမြို့လေးသည် နှင်းထုအောက်တွင် နစ်မြုပ်နေသည်ဟု ဆိုနိုင်ပါတော့သည်။

အရိုးကွဲမတတ်အောင် အေးစိမ့်မှုက လွှမ်းမိုးထားပြီးခါးသွားပမာ ထက်လှသောလေပြင်းများလည်းတရှိန်ရှိန်မြည်ကာ တိုက်ခတ်နေလေသည်။

ယခုနှစ် ဆောင်းရာသီတွင် ရာသီဥတု ဆိုးဝါးခက်ထန်လှသဖြင့် သက်ကြီးရွယ်အိုအတော်များများ သေဆုံးသွားခဲ့ကြပေသည်။



အိမ်မွေးတိရစ္ဆာန် အတော်များများလည်း သေဆုံးကုန်သည်။

ဆိုးရွားသော ရာသီဥတုဒဏ်ကြောင့် လူအများသည် အိမ်ထဲမှအိမ်ပြင် မထွက်ဝံ့ကြအောင် ဖြစ်ရလေသည်။

သို့တိုင်....

မသွားမဖြစ် အရေးကြီးသောကိစ္စရှိသူများကား အစဉ်းထည် ထူထူထဲထဲဝတ်ဆင်ကာ ခပ်သုတ်သုတ် သွားလာနေကြသည်ကို တွေ့မြင်နေရပါ၏။

ထိုအချိန်တွင်....

နှင်းကာဝတ်ရုံ လွှမ်းခြုံထားသော သူတစ်ယောက်သည် ကူမင်းမြို့၏ မင်းလမ်းမကြီးအတိုင်း ခြေလှမ်းမှန်မှန်ဖြင့်လှမ်းလာနေ၏။

ထိုလူသည် အလွန်တည်ကြည်ခန့်ငြားပြီး ယောကျ်ားပီသသောအသွင်ရှိသူဖြစ်လေသည်။

ထိုလူသည် လမ်းဘေးတစ်ဖက်တစ်ချက်မှ အဆောက်အအုံများ၊ ဈေးဆိုင်များကို မျက်ခြည်မပြတ် အကဲခတ်ကြည့်သွားပြီး တစ်နေရာသို့အရောက်တွင် ခြေလှမ်း ရပ်လိုက်လေသည်။

သူ၏မျက်လုံးများသည် လမ်းဘေး၌ရှိသော အနီရောင်ဆေး ရေးခြယ်ထားသော အဆောက်အအုံတစ်လုံးကို မျက်တောင်မခတ် စိုက်ကြည့်လိုက်လေသည်။

'ဒီအိမ်ပဲဖြစ်မယ်'

ဟုလည်း ရေရွတ်လိုက်သည်။

ထို့နောက် အိမ်ရှေ့သို့ လှမ်းသွားပြီး တံခါးခေါက်လိုက်သည်။

'ခေါက်... ခေါက်'

တံခါးခေါက်သံကျယ်လောင်စွာထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်....

'ဘယ်သူလဲ'

အိမ်ထဲမှ မေးမြန်းသံနှင့်အတူ တံခါးပွင့်သွားပြီး လူတစ်ယောက် ထွက်ပေါ်လာလေသည်။

ထိုလူသည် အိမ်ရှေ့၌ရပ်နေသူကို မြင်တွေ့သွားလျှင် အံ့ဩသွားပြီး....

'ရှောင်မာ'

ဟု ဝမ်းသာအားရ ခေါ်လိုက်လေသည်။

နှင်းကာဝတ်ရုံ လွှမ်းခြုံထားသည့် ရှောင်မာဆိုသူက ပြုံးလိုက်သည်။

'ဟုတ်တယ် ကျင်းမင်၊ မင်းကို သရဲလာခြောက်တယ်လို့ မှတ်ထင်မိသွားလားကွ'



အိမ်ရှင်ကျင်းမင်က....

'အား.... ဟုတ်တယ်၊ ဒါပေမယ့် မင်းဟာ တစ္ဆေသရဲ တစ်ကောင် မဟုတ်ဘဲ အသက်ရှင်နေသေးတဲ့ လူတစ်ယောက်ဆိုတာလဲ ငါကောင်းကောင်းသိတယ်၊ တစ္ဆေသရဲက စကားပြောနိုင်ပါ့မလားကွာ'

ရှောင်မာ ရယ်မောလိုက်လေသည်။

'ဘယ်လိုလဲကွ၊ ငါ့ကို အိမ်ထဲတောင် မဖိတ်ခေါ်တော့ဘူးလား'

'ဟာ... ဟုတ်သားပဲ၊ မင်းကိုမမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရလို့ အံ့ဩဝမ်းသာနေတာနဲ့ အိမ်ထဲခေါ်ဖို့တောင် မေ့သွားတယ်၊ ကဲ.... လာ အိမ်ထဲဝင်ဦး'

'ဟား.... ဟား.... ဟား'

ရှောင်မာက သဘောကျစွာ ရယ်မောလိုက်လေသည်။

နှစ်ယောက်သား အိမ်ထဲဝင်သွားကြသည်။

ကျင်းမင်က အရက်နှင့် စားသောက်ဖွယ်ရာများကို ချက်ချင်း ပြင်ဆင်ပေးလေသည်။

'ကဲ... သောက်ဦး သူငယ်ချင်း'

'ကျေးဇူးပဲ'

ရွှောင်မာက အရက်ခွက်ကိုယူကာ မော့ချလိုက်လေသည်။ အလွန်ပြင်းသော မီးထောက်ဆန်အရက် ဖြစ်သည်။ အရက်တစ်ခွက် သောက်လိုက်ရမှ ရွှောင်မာ၏ရင်ထဲ နွေးနွေး ထွေးထွေး ဖြစ်သွားလေသည်။

'မင်းတို့မြို့က တော်တော်အေးတာပဲကွ'

ဟု ပြောလိုက်သည်။

ကျင်းမင်က....

'ဟုတ်တယ်၊ ဒီနှစ်ဆောင်းရာသီဟာ အဆိုးဆုံးပဲ၊ လူတွေ အတော်ကို ဒုက္ခရောက်ကြတယ်၊ သိပ်တော့ မဆန်းပါဘူး ကွာ၊ ဆောင်းရာသီရဲ့ ရာသီဥတုဆိုးဝါးတာကို မကြာခဏ ကြုံတွေ့နေကြရတော့ ငါတို့မြို့က လူတွေအတွက် ရိုးနေပါပြီ၊ ဒါထက်...'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ ရွှောင်မာအား ကြည့်လိုက်လေသည်။

ရွှောင်မာက နောက်ထပ်အရက်တစ်ခွက် ငှဲ့သောက်လိုက် လေသည်။ ပြီးလျှင်....

'ငါ့မှာအရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ မင်းဆီကိုလာခဲ့တာ'

ဟု ပြောလိုက်သည်။



ကျင်းမင်က....

'ရွှောင်မာ၊ မင်းရောက်လာကတည်းက အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေပြီဆိုတာ ငါရိပ်မိပါတယ်၊ မင်းကိုငါမေးရ ဦးမယ်၊ မင်းက 'နတ်သမီး တောင်ကြား' သွားခဲ့သေးတယ် မဟုတ်လား'

ရွှောင်မာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

ကျင်းမင်က....

'နတ်သမီးတောင်ကြားဟာ သိုင်းလောကရဲ့ အလျှို့ဝှက် ဆုံးနေရာ တစ်ခုပဲ၊ မြန်လမ်းမရှိတဲ့ နေရာတစ်ခုလို့လဲ လူတိုင်း သိကြတာပဲ၊ မင်းထက်အရင်သွားတဲ့လူတွေ တစ်ယောက်မှပြန် မလာနိုင်ကြဘူး၊ မင်းက အသက်ရှင်လျက် ရှိနေတယ်ဆိုတော့ ကောင်း နတ်သမီးတောင်ကြားကို မရောက်ခဲ့ဘူးထင်တယ်'

ရွှောင်မာ ရယ်မောလိုက်လေသည်။

ကျင်းမင်က....

'ငါတို့အချင်းချင်း လမ်းခွဲခဲ့ကြတာ ငါးနှစ်တောင်ကျော် သွားပြီနော်၊ နောက်ဆုံးတစ်ခေါက်တွေ့ကြတုန်းက မင်းဟာ နတ်သမီးတောင်ကြားကို သွားမယ်လို့ ပြောခဲ့တာ ငါမှတ်မိ သေးတယ်၊ ထကယ်သွားဖို့လဲ ပြင်ဆင်နေတယ်ဆိုတဲ့ သတင်း တွေကို ကြားခဲ့ရသေးတယ်'

ရှောင်မာက...

'မင်းကြားတဲ့သတင်းတွေ မှန်တယ်၊ ငါဟာ နတ်သမီးတောင်ကြားကို တကယ်သွားခဲ့တာပဲ'

ကျင်းမင် သက်ပြင်းချလိုက်လေသည်။

'မယုံနိုင်စရာပါပဲကွာ၊ သွားတဲ့လူတိုင်း အသွားလမ်းသာရှိပြီး အပြန်လမ်းမရှိဘူး၊ တစ်ယောက်မှ ပြန်မပေါ်ဘဲ ပျောက်ဆုံးသွားကြတယ်၊ ဒါကြောင့် နတ်သမီးတောင်ကြားကို ပြန်လမ်းမရှိတဲ့ ငရဲတောင်ကြားလို့ တောင်သိုင်းလောကသားတွေက ပျက်ရယ်ပြုကြသေးတယ်၊ မင်းက နတ်သမီးတောင်ကြားကိုသွားပြီး ပြန်လာနိုင်တယ်ဆိုတာ သိပ်ကို ထူးဆန်းနေပြီ'

ရှောင်မာက...

'မထူးဆန်းပါဘူးကွာ... နတ်သမီးတောင်ကြားဟာ မကောင်းဆိုးဝါးတွေနေတဲ့နေရာတစ်ခုမှ မဟုတ်တာ'

'မင်း တကယ်ရောက်သွားခဲ့တာနော်'

'တကယ်ပေါ့'

ကျင်းမင်သည် စိတ်လှုပ်ရှားစွာဖြင့်...

'ဒါဖြင့် နတ်သမီးတောင်ကြားအကြောင်း ပြောပြစမ်းပါကွာ၊ သိုင်းလောကမှာ သတင်းကြီးနေသလို ပြိုင်ဘက်ကင်းတဲ့ သိုင်းကျမ်းတစ်ဆူ ရှိနေတယ်ဆိုတာ တကယ်ပဲလား'



ရှောင်မာက...

'တကယ်ပေါ့'

'ဒါ...ဒါဆို'

'ငါက အဲဒီသိုင်းကျမ်းအကြောင်း ပြောချင်လို့ မင်းဆီကို လာခဲ့တာ'

ကျင်းမင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'ကောင်းတယ်၊ ငါစိတ်ဝင်စားတယ်၊ ပြောစမ်းပါဦးကွ...'

'ငါက နတ်သမီးတောင်ကြားကို ရောက်သွားတယ်၊ ထူးခြားတဲ့သိုင်းကျမ်းတစ်ခုကိုရလာခဲ့တယ်၊ ဒါပေမယ့်...'

'ဒါပေမယ့် ဘာဖြစ်သလဲ'

ရှောင်မာက...

'ငါက သိုင်းကျမ်းရဲ့ ရှေ့ပိုင်းတွေကို လေ့လာပြီးပြီ၊ အတော်ကို ထက်မြက်တဲ့သိုင်းကျမ်းဆိုတာ ထင်ရှားတယ်၊ ဒါပေမယ့် နောက်ဆုံး 'သိုင်းလက်သုံးကွက်'ကိုတော့ မရှင်းမလင်းဖြစ်နေတယ်'

ကျင်းမင်သည် ရှောင်မာကို တအံ့တသြ ကြည့်နေ၏။

ရှောင်မာပြောသောစကားများကို ယုံရခက်ခက် ဖြစ်နေပါ၏။

ရှောင်မာနှင့်ကျင်းမင်တို့သည် ညီအစ်ကိုသဖွယ် ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြလေသည်။

နှစ်ယောက်သားလက်တွဲကာ သိုင်းလောက၌ ကျင်လည်ကျက်စားဖူးခဲ့ကြလေသည်။

မကောင်းသူပယ်၊ ကောင်းသူကယ်ခဲ့ကြသည်။

နတ်သမီးတောင်ကြား၏သတင်း သိုင်းလောက၌ ထွက်ပေါ်နေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

နတ်သမီးတောင်ကြား၌ ပြိုင်ဘက်ကင်းသော သိုင်းကျမ်းတစ်ခုရှိသည်။

အလွန်ချောမောလှပသော နတ်သမီးလေးများ [illegible]သည်။

သို့သော်....

နတ်သမီးလေးများနှင့် ပြိုင်ဘက်ကင်း သိုင်းကျမ်းကို လိုချင်မက်မောသဖြင့် နတ်သမီးတောင်ကြားထဲသို့ဝင်ရောက်သွားသူတိုင်းသည် ပြန်လမ်းမရှိ ဖြစ်ရသည်။

အထက်ပါသတင်းများကို ကြားရဖန်များလာသောအခါ ရှောင်မာသည် နတ်သမီးတောင်ကြားသို့ သွားလိုစိတ်များ ဖြစ်ပေါ်လာတော့သည်။



ထိုစိတ်အာသီသသည် တစ်နေ့တခြား ပို၍ပြင်းပြလာသဖြင့် နတ်သမီးတောင်ကြားသို့ သွားရန် ကျင်းမင်နှင့် တိုင်ပင်လေသည်။

ကျင်းမင်သည် နတ်သမီးတောင်ကြားကဲ့ သတင်းဆိုးကြောင့် မလိုက်လိုပါချေ။

ရှောင်မာက အမျိုးမျိုးဆွဲယူသော်လည်း ကျင်းမင်က ငြင်းပယ်ခဲ့လေသည်။

နောက်ဆုံးတွင် ရှောင်မာသည် မည်သူ့ကိုမှ အဖော်ခေါ်၍ မရသည့်နောက်ဆုံး နတ်သမီးတောင်ကြားသို့ တစ်ယောက်တည်း ထွက်သွားခဲ့လေသည်။

ကျင်းမင်သည် ရှောင်မာအား ဘယ်သောအခါမှ ပြန်တွေ့ရတော့မည်မဟုတ်ဟု ယုံကြည်ထားခဲ့လေသည်။

သို့ဖြင့်....

ရှောင်မာထွက်သွားပြီး ငါးနှစ်ကျော်အချိန် ကုန်ဆုံးသွားသည်။

ရှောင်မာသတင်းမကြားရတော့ပါ။

ရှောင်မာတစ်ယောက် သေဆုံးသွားပြီဟု ကျင်းမင် ယုံကြည်ထားလိုက်လေတော့သည်။

ယခု....

ရှောင်မာသည် သူ၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေသည်။

နတ်သမီးတောင်ကြားအကြောင်း၊ ပြိုင်ဘက်ကင်းသော သိုင်းကျမ်းအကြောင်းကို ပြောလာသည်။

ကျင်းမင့်သည် ရှောင်မာကိုကြည့်ရင်း လွန်စွာမှပင် စိတ်လှုပ်ရှားနေလေတော့သည်။

'ရှောင်မာ နတ်သမီးတောင်ကြားမှာ ဘယ်လိုကြုံတွေ့ဖြစ်ပျက်ခဲ့ရတယ်ဆိုတာကို ပြောပြပါလား'

ဟု မေးလိုက်လေသည်။

ရှောင်မာက....

'ဒီကိစ္စဟာ အရေးမကြီးပါဘူးကွာ၊ အရေးကြီးတာက နတ်သမီးတောင်ကြားမှာ ရှိနေတယ်ဆိုတဲ့ သိုင်းကျမ်းပဲကွ၊ ငါက မမျှော်လင့်ဘဲ အဲဒီသိုင်းကျမ်းကိုရခဲ့တယ်၊ နတ်သမီးတောင်ကြားက ထွက်လာပြီးတော့ သိုင်းလောကထဲ မဆင်းတော့ဘဲ အေးချမ်းတဲ့တစ်နေရာမှာ သွားပြီး တိတ်တဆိတ်လေ့ကျင့်နေခဲ့တာကွ'

ကျင်းမင် မကျေမနပ်ဖြစ်သွားလေသည်။

'မင်းက ပြိုင်ဘက်ကင်းသိုင်းကျမ်းရခဲ့တာတောင် ငါ့ကို အသိမပေးဘဲ တစ်ယောက်တည်း ကျိတ်ပြီးလေ့ကျင့်နေခဲ့တာပေါ့လေ ဟုတ်လား'



ရှောင်မာက လက်ကာပြလိုက်သည်။

'မင်းက ငါ့ကိုအပြစ်တင်လိမ့်မယ်ဆိုတာ ငါနားလည်ပါတယ်ကွာ၊ ဒါပေမယ့် ငါ့မှာအရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခုရှိနေတာကြောင့် နတ်သမီးတောင်ကြားက ပြန်လာပြီးကတည်းက ဘယ်သူနဲ့မှ အဆက်အသွယ်မလုပ်ဘဲ နေခဲ့ရတာပါ'

'ဘယ်လိုအရေးကြီးတဲ့ကြောင်းကိစ္စမို့လဲ'

'နောက်တော့ ငါပြောပြမယ်ကွာ'

ကျင်းမင်သည် သက်ပြင်းချလိုက်လေသည်။

'နတ်သမီးတောင်ကြားကပြန်လာမှ မင်းလဲလျှို့ဝှက်တဲ့လူ တစ်ယောက် ဖြစ်လာပါလား'

ဟု ရေရွတ်လိုက်လေသည်။

ရှောင်မာက သဘောကျစွာ ရယ်မောလိုက်လေသည်။

ကျင်းမင်က....

'ကဲ....ငါ့ဆီကို ဘယ်လိုအကြောင်းကိစ္စနဲ့လာခဲ့တယ်ဆိုတာ ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

ရှောင်မာက....

'စောစောကငါပြောသလိုပဲ၊ ငါရခဲ့တဲ့ပြိုင်ဘက်ကင်းသိုင်းကျမ်းမှာ နောက်ဆုံးသိုင်းသုံးကွက်ဟာလေ့ကျင့်ဖို့ အတော်ကို ခက်ခဲနေတယ်၊ အဲဒါ မင်းဆီကိုလာပြီးအကူအညီတောင်းတာ'

ကျော်မင် ခေါင်းခါယမ်းလိုက်လေသည်။

'ရှောင်မာရယ်...မင်းလဲငါ့အကြောင်းသိသားပဲ၊ မင်းနဲ့ငါ ယှဉ်ရင်တောင်မှ မင်းဟာငါ့ထက်ပိုပြီး ဉာဏ်ကောင်းသေးတာပဲ၊ မင်းတောင်မဖြေရှင်းနိုင်တဲ့ကိစ္စကို ငါကဘယ်လိုလုပ်ပြီး ဖြေရှင်းနိုင်မှာတဲ့လဲကွ'

ရှောင်မာက...

'မင်းဖြေရှင်းမပေးနိုင်ဘူးဆိုတာ ငါရိပ်မိပါတယ်၊ ဒါပေမယ့် မင်းကူညီရင် ဖြစ်နိုင်ပါတယ်'

'ငါကူညီရင်'

'ဟုတ်တယ်'

'နေပါဦး၊ ငါကဘယ်လိုကူညီရမှာလဲ'

'မင်းမှာ စာပေပညာနဲ့ပတ်သက်ပြီး နားလည်ကျွမ်းကျင်တဲ့ မိတ်ဆွေ စာပေသမားတစ်ယောက် ရှိတယ်မဟုတ်လား'

ကျော်မင်က...

'စာပေသမား ဟန်လင်းကို ပြောတာလား'



'ဟုတ်တယ်'

'မင်းရဲ့အခက်အခဲကိုကူညီဖို့ ဟန်လင်းကို ပြောပေးရမယ်ပေါ့ ဟုတ်လား'

ရှောင်မာက...

'ဟုတ်ပါတယ်ကွာ...သူငယ်ချင်း၊ မင်းကူညီရင် နောက်ဆုံးသိုင်းသုံးကွက်ဟာ ရှေ့ကသိုင်းကွက်တွေနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာရယ်၊ ဘယ်လိုအဓိပ္ပာယ်ရှိတယ်ဆိုတာ သိနိုင်မှာပါ၊ ဒါဆိုရင် ပြိုင်ဘက်ကင်း သိုင်းကျမ်း တစ်ခုလုံးကို အပြီးတိုင် ငါတတ်မြောက်သွားမှာပါ'

ကျော်မင်က...

'မင်းဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့သိုင်းသမားတစ်ယောက် ဖြစ်သွားမှာပေါ့၊ ဟုတ်လား'

'ဟုတ်တယ် သူငယ်ချင်း'

'ဟား...ဟား...ဟား'

ကျော်မင်က ရယ်မောလိုက်လေသည်။

ရှောင်မာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

'သူငယ်ချင်း၊ မင်းဘာရယ်တာလဲ'

'သဘောကျလို့ပေါ့ကွ၊ ပြိုင်ဘက်ကင်း သိုင်းသမားရဲ့ မိတ်ဆွေဆိုတာ ဘယ်လောက်ဂုဏ်ယူဖို့ကောင်းသလဲ၊ စဉ်းစားကြည့်လေကွာ'

ရှောင်မာ ပြုံးလိုက်သည်။

'စိတ်ချပါကွာ။ ငါအောင်မြင်သွားတဲ့တစ်နေ့ကျရင် မင်းကို ငါမမေ့ပါဘူး'

'မေ့ရင်လဲ ငါကစိတ်ဆိုးမှာပဲ၊ ကဲ...ဘာမှစိတ်ပူမနေနဲ့တော့၊ မင်းရဲ့အခက်အခဲကို ငါကူညီမယ်၊ စာပေသမား ဟန်လင်းကို ငါပြောရင် ရပါတယ်'

'လုပ်စမ်းပါကွာ၊ ငါ့ကိုကူညီစမ်းပါ'

ကျင်းမင်က....

'ကဲလာ...သူ့ဆီကို တစ်ခါတည်း သွားကြတာပေါ့'

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။

'နေဦး'

ရှောင်မာက ဟန့်တားလိုက်သည်။

ကျင်းမင်က....

'ဘာဖြစ်လို့လဲကွ'

ရှောင်မာက....



'သိုင်းကျမ်းငါ့ဆီမှာပါမလာသေးဘူး'

'ဟင်'

ကျင်းမင် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'သိုင်းကျမ်းပါမလာဘဲ ဘာလုပ်လို့ရမှာလဲ'

ရှောင်မာက အသံနှိမ့်၍....

'ကျင်းမင် ဒီသိုင်းကျမ်းကို သိုင်းလောက တစ်ခုလုံးက မက်မောနေကြတာကွ၊ တကယ်လို့ ငါ့ဆီမှာရှိနေတယ်ဆိုတာ သာသိသွားရင် ဝိုင်းပြီးဒုက္ခပေးကြမှာ သေချာတယ်၊ ဒါကြောင့် သွားလေရာ ယူမသွားဝံ့ဘူးလေ'

ကျင်းမင်က....

'ဒါဖြင့် ဘယ်မှာလဲ'

'လုံခြုံစိတ်ချရတဲ့ တစ်နေရာမှာ ငါ သိမ်းထားပါတယ်'

'ဒါဆို သွားယူတာပေါ့၊ ငါလဲလိုက်ခဲ့မယ်'

ရှောင်မာက လက်တားပြလိုက်သည်။

'သိုင်းကျမ်းကို သွားယူစရာမလိုဘူးလို့ ငါထင်တယ်'

ကျင်းမင်မျက်မှောင်ကြုတ်သွားလေသည်။

'ဘာဖြစ်လို့လဲ'

'ငါ့အတွက် အခက်အခဲဖြစ်နေတဲ့ နောက်ဆုံး သိုင်းသုံးကွက်ကို ကူးယူလာခဲ့တယ်၊ ဒဲ့ဒါကိုဖြင့်ပြီး မြေရှင်ခိုင်းရင်ပြီးတာပဲ မဟုတ်လား'

ကျင်းမင်သည် အတန်ကြာအောင်စဉ်းစားပြီးမှ....

'ကောင်းပြီလေ....စာပေသမားဟန်လင်းရဲ့ အခြေအနေဘယ်လိုရှိတယ်ဆိုတာ သွားမေးကြည့်ကြတာပေါ့။ မင်းကူးယူလာတဲ့ သိုင်းကွက်သုံးကွက်လဲ့ ပြကြည့်တာပေါ့'

ရှောင်မာဝမ်းသာသွားလေသည်။

'ကျေးဇူးပါပဲကွာ'

သူတို့သည် ထိုင်ရာမှထလိုက်ပြီး အိမ်အပြင်ဘက်ထွက်သွားကြလေတော့သည်။

* * *

## မမျှော်လင့်သောကြမ္မာ

---

အချိန်မှာ နေမွန်းတည့်တော့မည် ဖြစ်လေသည်။

အပြင်ဘက်တွင် နေချစ်ချစ်တောက်ပူနေ၏။

အေးစိမ့်နေသော ကျောက်ဂူအတွင်း၌ နွေးနွေးထွေးထွေး ဖြစ်လာလေသည်။

အဘိုးအိုနှင့် ယင်ကျင်းတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသဲ။

အဘိုးအို၏အမည်မှာ ရှောင်မာဖြစ်ကြောင်း ယင်ကျင်းသိလိုက်ရပြီ ဖြစ်လေသည်။

ရှောင်မာသည် အလွန်လျှို့ဝှက်သော နတ်သမီးတောင်ကြားသို့ သွားပြီး ထူးဆန်းသောသိုင်းကွက်တစ်ခုကို ရရှိခဲ့ကြောင်း သိလိုက်ရပြီဖြစ်သည်။

ယင်းသိုင်းကျမ်းကြောင့် ရှောင်မာဒုက္ခခံရခြင်းဖြစ်ကြောင်းလည်း ထင်ရှားလေသည်။

ယင်ကျင်းက ငေးကြည့်နေစဉ် ရှောင်မာက ဆက်ပြောပြလိုက်လေသည်။

'အမှန်တော့ ကျုပ်မှာသိုင်းကွက်ပါသွားခဲ့ပါတယ်၊ ဒါပေမယ့် သိုင်းကျမ်းနဲ့ပတ်သက်လာရင် ပြဿနာတွေပေါ်ပေါက်လာနိုင်တယ်လို့ ကျုပ်စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေခဲ့တာကြောင့် လမ်းခရီးတစ်နေရာမှာ ဝှက်ထားပစ်ခဲ့တယ်၊ ကျုပ်က အဲဒီလိုဝှက်ထားမိတာပဲ ကံကောင်းသွားတယ်လို့ ဆိုရမယ်၊ ဘာကြောင့်လဲဆိုရင် ကျင်းမင်ဟာ သိုင်းကျမ်း လိုချင်ဇောနဲ့ ကျုပ်ကိုသစ္စာဖောက်ခဲ့လို့ပဲ'

ယင်ကျင်း စိတ်မကောင်းဖြစ်သွားလေသည်။

'ဒါဆိုရင် ကျင်းမင်ဟာ ဘယ်လိုလုပ်ပြီး မိတ်ဆွေကောင်းပီသပါတော့မလဲ'

ဟု ပြောလိုက်လေသည်။

ရှောင်မာက...

'ဟုတ်တယ်၊ မိတ်ဆွေဟန်ဆောင်တဲ့ရန်သူဟာ ကြောက်စရာအကောင်းဆုံးဆိုတာကို ကျုပ်လက်တွေ့သိလိုက်ရတယ်၊ ကျင်းမင်ဟာ စာပေသမားဟန်လင်းနဲ့ ပူးပေါင်းပြီး ကျုပ်ကို ဒုက္ခပေးတော့တာပဲ၊ ဟန်လင်းဆီကိုရောက်တော့ ကျုပ်ကို



ကညီမလိုနဲ့ အရက်ထဲမေ့ဆေးခတ်ပြီး ကျုပ်ကိုဖမ်းဆီးလိုက်ကြတယ်လေ'

ယင်ကျင်းက...

'သူတို့က ဦးကိုဖမ်းဆီးနှိပ်စက်ပြီး သိုင်းကျမ်းကိုတောင်းခဲ့ကြတာပေါ့ဟုတ်လား'

ရှောင်မာ ခေါင်းညိတ်လိုက်သည်။

'ဒါပေါ့ကွယ်'

'ဒီနေရာကိုရော ဘယ်လိုလုပ်ပြီးရောက်လာတာလဲ'

'သူတို့နှိပ်စက်လွန်းတော့ ကျုပ်ကမခံနိုင်တော့ဘဲ သိုင်းကျမ်းရှိတဲ့နေရာကို ပြောပါ့မယ်လို့ ဝန်ခံလိုက်တယ်၊ သူတို့က ကျုပ်ကိုကိုယ်တိုင်လိုက်ပြခိုင်းတယ်၊ လမ်းခရီးမှ လွတ်မြောက်ဖို့ အခွင့်အရေးပေါ်လာနိုင်တာကြောင့် ကျုပ်ကလဲ သဘောတူလိုက်တယ်၊ ဒီလိုနဲ့ သူတို့ကို လှည့်စားပြီးခေါ်လာရင်း ဒီနေရာကို ရောက်လာတာပါ၊ ကျုပ်မျှော်လင့်သလို ဖြစ်မလာခဲ့ဘူး၊ သူတို့ဟာ ကျုပ်ကို တစ်စက်ကလေးမှ အလွတ်မပေးတဲ့အပြင် ဒီနေရာကိုလဲရောက်လာရော မင်းမြင်တဲ့အတိုင်း သံကြိုးနဲ့ချည်ပြီး ချုပ်နှောင်ထားလိုက်ကြတာပဲ'

ယင်ကျင်းသည် ရှောင်မာအား ချည်နှောင်ထားသော သံကြိုးကြီးအား ကြည့်လိုက်မိလေသည်။

ထိုသံကြိုးမှာ ထူးခြားသောသံတစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်ဟု ခန့်မှန်းမိလိုက်လေသည်။

ထို့ကြောင့်...

'ဒီလောက်ရှည်လျားတဲ့ သံကြိုးကြီးကို သူတို့ တစ်ခါထဲ ယူလာကြတယ်ဟုတ်လား'

ဟု မေးလိုက်မိသည်။

ရှောင်မာ ခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ဘူး၊ စန်းရယ်ယူလာတဲ့သံကြိုးက တိုတိုလေးပါ၊ ခါပေမယ့် ကျုပ်က ချန်းရင်းချန်းရင်းနဲ့ သံကြိုးကရှည်ထွက်လာတာ'

'ဗျာ...'

ကြားလိုက်ရသောစကားကြောင့် ယင်ကျင်းကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'သံကြိုးက ရှည်ထွက်လာတယ် ဟုတ်လား'

'ဟုတ်တယ်၊ သံကြိုးဟာ ဘယ်တော့မှ ပြတ်တောက်သွားမှာ မဟုတ်ဘူး၊ မဆုံးနိုင်အောင် ရှည်ထွက်လာမှာ'

'ဘာကြောင့် ဒီလိုဖြစ်ရတာလဲဟင်'

ယင်ကျင်းက စိတ်ဝင်စားစွာ မေးလိုက်လေသည်။



ရှောင်မာက...

'စန်းရယ်ဟာ မျက်လုံးသံကြိုးလို့ သိုင်းလောကမှာထင်ရှားတဲ့ သိုင်းသမားတစ်ယောက်ပေါ့၊ သူဟာ စာပေသမားဟန်လင်းနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပဲ၊ ကျုပ်ရဲ့အကြောင်းကို ဟန်လင်းဆီကတစ်ဆင့် သိသွားခဲ့တာ စန်းရယ်၊ ဟန်လင်းနဲ့ ကျင်းမင်တို့သုံးယောက်ပေါင်းပြီး ကျုပ်ကို ဒုက္ခပေးခဲ့ကြတာပေါ့၊ စန်းရယ်ရဲ့ သံကြိုးဟာ အင်မတန်ရှားပါးတဲ့ မီးတောင်သံတစ်မျိုးနဲ့ ပြုလုပ်ထားတာ၊ သံကြိုးကို မျှော့ကြိုးလိုပဲ လိုသလိုအသုံးပြုလို့ရအောင် စန်းရယ်က အစွမ်းရှိတယ်၊ သူတို့ဟာ ကျုပ်ကလိမ်ညာပြီး ခေါ်လာတယ်ဆိုတာ လဲသိကော ဒီကျောက်ဂူထဲမှာ ကျုပ်ကို ဖမ်းဆီးချုပ်နှောင်ထားပြီး အမျိုးမျိုးနှိပ်စက်ကြတော့တာပဲ'

ယင်ကျင်းက...

'မခံနိုင်တဲ့နောက်ဆုံး ဦးက သိုင်းကျမ်းဝှက်လျှို့ထားတဲ့ နေရာကို ထုတ်ဖော်ပြောပြလိုက်တာပေါ့ ဟုတ်လား'

ရှောင်မာ ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း....ကျုပ်မပြောဘူး'

ယင်ကျင်းက....

'ဒါဆို သူတို့ဟာ ဦးကိုဖမ်းဆီးနှိပ်စက်ခဲ့ကြပေမယ့် ပြိုင်ဘက်ကင်း သိုင်းကျမ်းကိုတော့ ရမသွားကြဘူး ဆိုပါတော့'

ရှောင်မာက....

'လုံးဝရမသွားဘူးလို့လဲ ပြောလို့မရဘူး၊ တာကြောင့်လဲဆိုရင် သိုင်းကျမ်းကို မရနိုင်တော့ဘူးဆိုတာလဲ သိတော့ ကျုပ်ကိုအမျိုးမျိုးနှိပ်စက်ပြီး ကျုပ်တတ်မြောက်ထားတဲ့ ဖြိုင်ဘက်ကင်း သိုင်းကျမ်းက သိုင်းကွက်တွေကို ပြောပြခိုင်းတော့တာပဲ၊ အဲဒီအချိန်က ကျုပ်လဲ နှိပ်စက်တာကို မခံနိုင်တာနဲ့ သူတို့သိချင်တာတွေကို ပြောပြခဲ့ရတယ်'

'ဪ... ဦးပြောပြလိုက်တဲ့အတွက် ဖြိုင်ဘက်ကင်းသိုင်းကျမ်းက သိုင်းကွက်တွေကို သူတို့လဲတတ်မြောက်သွားကြတော့မှာပေါ့နော်'

'ဟုတ်တယ်၊ ကျုပ်ပြောလို့ သာသိရတဲ့အတွက် သိုင်းကျမ်း တစ်ဝက်လောက်ကို ရသွားနိုင်ပါတယ်၊ ဒါပေမယ့် သူတို့ရ မသွားတာတွေ အတော်များများ ကျန်ပါသေးတယ်'

ယင်ကျင်းက....

'ဒီလူသုံးယောက် အတော်ကိုဆိုးတာပဲ'

ဟု ရေရွတ်လိုက်လေသည်။

ရှောင်မာက....

'သူတို့ဟာ ကျုပ်ဆီက သိုင်းကွက်တွေရသွားလို့ ကျေနပ်သွားကြတယ်၊ ကျုပ်ကို နှိပ်စက်လို့လဲ အားရသွားပြီဆိုတော့ ကျောက်ဂူထဲမှာပဲ သေချင်သေပါစေတော့ဆိုပြီး ပစ်ထားခဲ့



ကြတာပဲ၊ ကျုပ် ကံကောင်းသွားတယ်၊ သူတို့ပစ်ထားခဲ့ပေမယ့် ကျုပ်မသေဘူး၊ ခုထိအောင် အသက်ရှင်နေသေးတယ်၊ ပြီးတော့ ကျုပ်ကိုကူညီမယ့်မင်းကိုလဲ တွေ့ရပြီလေ'

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။

'ဦးရဲ့အဖြစ်အပျက်ကို ကြားရတာ စိတ်မကောင်းပါဘူး ခင်ဗျာ၊ ကျွန်တော် ဘာလုပ်ပေးရမယ်ဆိုတာပြောပါ၊ ကျွန်တော် တတ်နိုင်တာမှန်ရင် ဘာမဆိုကူညီပါ့မယ်'

ဟု ပြောလိုက်လေသည်။

ရှောင်မာ ဝမ်းသာသွားသည်။

'ကျေးဇူးတင်လိုက်တာကွယ်၊ မင်းကို အကူအညီတောင်း ချင်တာကတော့ ကျုပ်ဝှက်ထားတဲ့သိုင်းကျမ်းကို သွားယူပေး ဖို့ပါပဲ'

'ဗျာ....'

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ယင်ကျင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှောင်မာကို နားမလည်နိုင်စွာကြည့်ကာ....

'ကျွန်... ကျွန်တော်က သိုင်းကျမ်းကို သွားယူပေးရမယ် ဟုတ်လားဟင်'

'ဟုတ်ပါတယ်ကွယ်'

'ဖြစ်... ဖြစ်ပါ့မလားဦးရယ်'

ယင်ကျင်း ကြောက်လန့်နေမိသည်။

ရှောင်မာက....

'ဘာကြောင့် မဖြစ်ရမှာလဲ၊ သိုင်းကျင်းဝှက်ထားတဲ့နေရာကို ကျုပ်ပြောပြလိုက်မယ်၊ မင်းက သွားယူပေးရုံပဲ၊ မင်းဟာ သိုင်းလောကသား တစ်ယောက် မဟုတ်တော့ ဘယ်သူကမှ သတိထားမိကြမှာ မဟုတ်ဘူး၊ သိုင်းကျမ်းယူပြီး ကျုပ်ဆီကို ပြန်လာခဲ့ရုံပဲ'

'ဦးက...'

'မင်းယူလာတဲ့အခါ ဖြေရှင်းလို့ မကုန်နိုင်သေးတဲ့ နောက်ဆုံး သိုင်းသုံးကွက်ကို ကျုပ်ကလေ့လာမယ်၊ သိုင်းကွက်တွေကိုသာ နားလည်သဘောပေါက်ပြီဆိုရင် အနှောင်အဖွဲ့ကလွတ်မြောက်အောင် ကြိုးစားနိုင်ပြီလို့ ကျုပ်ယုံကြည်မိတယ်'

ယင်ကျင်းသည် အခွေလိုက်ဖြစ်နေသော သံကြိုးများကို ငေးကြည့်လိုက်မိပြန်လေသည်။

ရှောင်မာက...

'ကျုပ်က နောက်ဆုံး သိုင်းသုံးကွက်ကို အလွတ်ကျက်မှတ်ထားခဲ့ပါတယ်၊ ဒါပေမယ့် အပြင်းအထန် အနှိပ်စက်ခံခဲ့ရတော့ ကျုပ်ရဲ့မှတ်ဉာဏ်တွေ ချို့ယွင်းကုန်တယ်၊ ကောင်းကောင်း မမှတ်မိတော့ဘူး၊ ကျုပ်ရခဲ့တဲ့ သိုင်းကျမ်းဟာ တကယ်ကို ပြိုင်ဘက်ကင်းတယ်ဆိုရင် သိုင်းကျမ်းတစ်ခုလုံးကို လေ့ကျင့်အောင်မြင်ပြီးတဲ့အခါ အနှောင်အဖွဲ့က ကျိန်းသေရုန်းထွက်နိုင်ရမှာပေါ့ မဟုတ်ဘူးလား'



ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

'ဦးပြောတာ မှန်ပါတယ်ခင်ဗျာ'

ရှောင်မာက....

'ကျုပ်ဟာ အကျဉ်းချခံနေရတဲ့ နှစ်ပေါင်းနှစ်ဆယ်နီးပါးအချိန်မှာ ပြိုင်ဘက်တင်း သိုင်းကျမ်းအကြောင်းကို အပြန်ပြန်အလှန်လှန် တွေးတာစဉ်းစားခဲ့တယ်၊ ကျုပ်စိတ်ထဲမှာ နောက်ဆုံး သိုင်းသုံးကွက်ရဲ့ ဖော်ဆောင်တဲ့ သဘောတရားကိုတောင်နားလည်သဘောပေါက်သလို ရှိလာတယ်၊ ဒါပေမယ့် တိတိကျကျမဟုတ်လို့ ခက်နေတာ၊ တကယ်လို့များ ကျုပ်လက်ထဲမှာ သိုင်းကျမ်းရှိနေမယ်ဆိုရင် ဘယ်လောက်ကောင်းပါ့မလဲ'

ယင်ကျင်းက....

'ကျွန်တော်ကူညီပါ့မယ် ခင်ဗျာ'

ဟု ယတိပြတ် ဆုံးဖြတ်ကာ ပြောလိုက်လေသည်။

ရှောင်မာ ဝမ်းသာသွားသည်။

'မင်းရဲ့ကျေးဇူးကို ကျုပ်ဘယ်လိုပြန်ဆပ်ရမှန်းတောင်မသိတော့ပါဘူးကွယ်'

ရုတ်တရက် သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာပြီးလျှင်....

'သိုင်းကျမ်းကိုသာရရင် ကျုပ်ဟာ အနောင့်အဖွဲ့ကလွတ်မြောက်နိုင်မှာ သေချာပါတယ်ကွယ်'

ဟု ညည်းတွားလိုက်လေသည်။

* * *

ယင်ကျင်း၏ဘဝသည် မမျှော်လင့်တဲ့ အပြောင်းအလဲတစ်ရပ်နှင့် ကြုံတွေ့လိုက်ရပြီဖြစ်လေသည်။

တောလမ်းခရီးမှ ဖြတ်သန်းလာရင်း ကျောက်ဂူတစ်ခုအတွင်းသို့ မိုးဝင်ခိုရာမှ အကျဉ်းစံရှောင်မာနှင့်တွေ့ကာ ပြိုင်ဘက်ကင်းသော သိုင်းကျမ်းတစ်ဆူကို ရယူပေးဖို့ ဖြစ်ပေါ်လာ၏။

ယင်ကျင်းသည် ရှောင်မာအား ကူညီနိုင်ပါမည်လော။

ရှောင်မာက....



'ကျုပ်ဟာ သိုင်းကျမ်းကို ချန်းရန်မြို့တောင်ဘက် ငါးမိုင်အကွာက တောင်ပေါ်က ကျောင်းပျက် တစ်ခုထဲမှာဝှက်ခဲ့တယ်ကွယ့်၊ အဲ့ကျောင်းပျက်ရဲ့....'

ရုတ်တရက် သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ဘာဖြစ်လို့လဲ ဦးရဲ့'

ဟု မေးလိုက်သည်။

ရှောင်မာ မျက်နှာပျက်နေပါသည်။

— မလှမ်းမကမ်းရှိ ကျောက်တုံးကျောက်ခဲပုံကြီးဆီသို့ ညွှန်ပြကာ....

'မင်း မြန်မြန်သွားပြီး ပုန်းနေလိုက်ပါ'

ဟု ပြောလေသည်။

ယင်ကျင်းက....

'ကျွန်တော်....'

'မြန်မြန်လုပ် အချိန်မရှိဘူး၊ ဂူထဲကိုတစ်ယောက်ယောက်ဝင်လာနေပြီ၊ ဘာတွေပဲဖြစ်ဖြစ်မင်းထွက်မလာရဘူး၊ အသံမပြုရဘူး၊ ဒီကျောက်ဂူထဲမှာ မင်းရှိနေတယ်ဆိုတာ ဘယ်သူမှမသိစေနဲ့၊ သွား....သွား'

စကားဆုံးလျှင် ရွှောင်မာသည် ယင်ကျင်း၏လက်တစ်ဖက် ဆွဲကာ အရှိန်ဖြင့် လှဲပစ်လိုက်လေသည်။

'အမယ်လေး'

ယင်ကျင်း ထိတ်လန့်ကာ လွတ်ခနဲ အော်လိုက်မိလေသည်။

'ဝုန်း'

ကျောက်ခဲပုံနောက်ကွယ်သွားကျပြီး တစ်ကိုယ်လုံးနာကျင် သွားလေတော့သည်။

ယင်ကျင်း ကပျာကယာလူးလှိမ့်ထလိုက်သည်။

ကျောက်ပုံနောက်မှ ထွက်ရန်ဟန်ပြင် လိုက်စဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာသည် ကို ကြားလိုက်ရသဖြင့် နာကျင်မှုများ ကွယ်ပျောက်သွားကာ ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လာလေသည်။

ကျောက်ဂူထဲသို့ လူစိမ်းများရောက်လာကြပြီဖြစ်ကြောင်း လည်း နားလည်လိုက်သည်။

ထို့ကြောင့်....



နာကျင်မှုကို ကျိတ်မှိတ်မျိုသိပ်ကာ ကျောက်ပုံနောက်မှ မထွက်ဘဲ ပုန်းအောင်းနေလိုက်သည်။

ကျောက်တုံးကျောက်ခဲများကြားမှ ပုန်းအောင်းချောင်း ကြည့်နေလိုက်နေတော့သည်။

* * *

နှစ်ပေါင်းနှစ်ဆယ်အတွင်းအား

---

'ဟား....ဟား....ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကျောက်ဂူအမိုး ပြိုကျသွားတော့မည် ထင်ရလောက်အောင် ပင် ဟိန်းထွက်လာခြင်း ဖြစ်လေသည်။

ယင်ကျစ်းသည် နားကွဲမတတ်ခံစားလိုက်ရသဖြင့် နားနှစ်ဖက်ကို လက်ဖြင့် ကပျာကယာ ပိတ်ထားလိုက်လေသည်။

ရယ်သံပျောက်ကွယ်သွားသောအခါမှပြန်ပြီးချောင်းကြည့်လိုက်လေသည်။

ထိုအခါ....



လူသုံးယောက် ရောက်ရှိလာကြသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်မှာ သိုးမွေးများဖြင့် ရက်လုပ်ထားပြီးသည့် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

နယ်ခြားဒေသတွင် နေထိုင်သူဖြစ်ပုံရ၏။

အခြားတစ်ယောက်မှာ အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားကာ စာသမားပါးတစ်ယောက်နှင့် တူလှသည်။

ကျန်တစ်ယောက်ကား မီးခိုးရောင်အဝတ်အစားများဝတ်ထားပြီး သူ၏ခန္ဓာကိုယ်ပေါ်၌ သံကြိုးနှစ်ချောင်း ကြက်ခြေခတ်သဏ္ဌာန် ရစ်ပတ်ထားလေသည်။

ထိုလူသုံးယောက်၏ ပုံပန်းသဏ္ဌာန်ထူးခြားလှသည်ကိုတွေ့ရလျှင် ယင်ကျစ်း စိတ်ဝင်စားသွားသည်။

ရှောင်မာကား မီးပုံရှေ့၌ မလှုပ်မယှက်ထိုင်နေသည်။

လူစိမ်းသုံးယောက် ကျောက်ဂူထဲသို့ ဝင်ရောက်လာသည်ကို တွေ့ရသည့်တိုင် အမူထူးပုံမရချေ။

ထိုလူသုံးယောက်သည် ရှောင်မာအနီးသို့ ရောက်ရှိလာကြပြီး သေသေချာချာ အကဲခတ်ကြည့်လိုက်ကြလေသည်။

စာပေသမားနှင့်တူသူက....

'ခုချိန်အထိ အသက်ရှင်နေနိုင်တယ်လို့ ကျုပ်ပြောခဲ့တာကို ခင်ဗျားတို့ ယုံပြီမဟုတ်လား'

ဟု အဖေဖ်နှစ်ယောက်ဘက်သို့ လှည့်ကာ ပြောလိုက်လေသည်။

သိုးမွေးအင်္ကျီ ဝတ်ဆင်ထားသူက သက်ပြင်းချလိုက်လေသည်။

'ဒီလောက်တော့ အသက်ပြင်းမယ်လို့ ကျုပ်မထင်မိဘူး၊ ကျုပ်တို့သုံးလေးလုံးလုံး စိတ်တိုင်းကျနှိပ်စက်ခဲ့ကြတာပဲ မဟုတ်လားဗျ'

သံကြိုးချွားနှင့်လူက....

'အဲဒီအချိန်က သူဟာ ပြိုင်ဘက်ကင်း သိုင်းကျမ်းကိုအပြီးတိုင်နိုးနိုး တတ်မြောက်ထားတယ်ဆိုတာကို ကျုပ်တို့မေ့ခဲ့ကြတာကိုး၊ ကြည့်စမ်းပါဦး၊ နှစ်ပေါင်း နှစ်ဆယ်လောက်ကြာသွားပြီ၊ သူဟာအခုထိ အသက်ရှင်နေသေးတာ မယုံနိုင်စရာပဲ'

စာပေသမားက....

'သူအသက်ရှင်နေသေးတာ ကံကောင်းတာပေါ့၊ ကျုပ်တို့ဟာ ပြိုင်ဘက်ကင်း သိုင်းကျမ်းကနောက်ဆုံးသိုင်းသုံးကွက်နဲ့ပတ်သက်ပြီး သူ့ဆီမှာ စုံစမ်းလို့ရနိုင်တာကိုး'

သိုးမွေးအင်္ကျီဝတ်ထားသူက....



'ဟုတ်ပါ့ဗျာ၊ ဒီတစ်ခါဖွင့်မပြောရင် တစ်ခါထဲ အသေသတ်ပစ်လိုက်ဖို့ပဲရှိတယ်'

သူတို့သည် ရှောင်မာအား ဝိုင်းရံထားလိုက်ကြလေသည်။

ရှောင်မာက ဖြည်းညင်းစွာ ထရပ်လိုက်သည်။

သိုးမွေးအင်္ကျီဝတ်ဆင်ထားသူအား မှုန်းတီးစွာ ကြည့်လိုက်ပြီး....

'ကျင်းမင် မင်းကခုအချိန်ထိတောင် ငါ့ကိုဒုက္ခပေးချင်နေတုန်းပဲ ဟုတ်လား'

ဟု မေးလိုက်လေသည်။

ကျင်းမင်ဟူသောအမည်ကြားလျှင် ပုန်းအောင်းချောင်းကြည့်နေသော ယင်ကျင်း ပို့ပြီး ထိတ်လန့်သွားလေသည်။

'လတ်စသတ်တော့ ဒီလူသုံးယောက်ဟာ ကျင်းမင်၊ စန်းရယ်နဲ့ ဟန်လင်းတို့ ဖြစ်နေတာကိုး'

ဟု စိတ်ထဲရေရွတ်မိလိုက်သည်။

ရှောင်မာအား ဒုက္ခပေးခဲ့ကြသူများသည် တစ်ကျော့ပြန်ကာ ရောက်လာကြပြီဖြစ်လေသည်။

'ဒုက္ခပါပဲ၊ သူတို့ ဘာကြောင့် ပြန်လာကြတာလဲ၊ ဦးလေးရှောင်မာတော့ အနှိပ်စက်ခံရတော့မှာပဲ'

ဟု စိတ်ထဲညည်းတွားရင်း အသက်ပြင်းပြင်းမရှူရဲဘဲ စောင့်ကြည့်နေလိုက်လေသည်။

မှန်ပေသည်။

ကျောက်ဂူထဲသို့ ရောက်လာသူသုံးယောက်မှာ စန်းရယ်၊ ကျန်းမင်နှင့် ဟန်လင်းတို့ ဖြစ်ကြလေသည်။

ကျင်းမင်က ရယ်မောလိုက်လေသည်။

'ရှောင်မာ၊ မင်းပြောပြတဲ့ သိုင်းကွက်တွေကို ငါတို့လေ့ကျင့်ခဲ့ကြတယ်လေ၊ အတော်လဲ ခရီးရောက်ခဲ့ကြတယ်၊ ဒါပေမယ့် အပြည့်အစုံမရတဲ့အတွက် အားမလိုအားမရ ဖြစ်ခဲ့ကြတယ်၊ သိုင်းကျမ်းကိုသာရရင် ကျုပ်တို့သုံးယောက်သိုင်းလောကမှာ မင်းမူနိုင်ကြမှာ သေချာတယ်၊ ဒီလိုတွေးမိတော့ ခင်ဗျားကိုသတိရလာကြတယ်၊ ကျောက်ဂူထဲမှာ စွန့်ပစ်ထားခဲ့ပေမယ့် ခင်ဗျားဟာ. လေ့ကျင့်ထားတဲ့ သိုင်းပညာအရှိန်ကြောင့် အသက်ဆက်နိုင်တယ်၊ အသက်ရှင်နိုင်သေးတယ်လို့ တွေးမိကြတယ်၊ ဒါကြောင့် ဟုတ်သော်ရှိ မဟုတ်သော်ရှိ တစ်ခေါက်လာကြည့်ဖို့ ဆုံးဖြတ်လိုက်ကြတာ ကျုပ်တို့အတွေး မှန်သွားပြီပေါ့'

စန်းရယ်သည် မြေပေါ်၌ အခွေလိုက်ရှိနေသော သံကြိုးရှည်ကြီးကိုကြည့်ကာ သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား၊ ကျုပ်ရဲ့သံကြိုးကြောင့်ပေါ့ဗျာ၊ နို့မဟုတ်ရင် သူထွက်ပြေးလွတ်မြောက်သွားတာကြာပြီပေါ့၊



သံကြိုးကိုကြည့်စမ်းပါဦး၊ သုံးပေလောက်သာရှိတဲ့ သံကြိုးဟာ ခုတော့ ကိုက်တစ်ရာလောက် ရှည်ထွက်နေပြီ'

ဟု ပြောလေသည်။

ဟန်လင်းသည် ရှောင်မာအား သေသေချာချာ အကဲခတ် ကြည့်လိုက်ပြီးလျှင်....

'ကျုပ်တို့က သေပြီဆိုပြီး ပစ်ထားခဲ့ကြတာ သူ့ရဲ့အတွင်းအားက ပိုလို့တောင် တိုးတက်လာသေးတယ်ဆိုတာ ထင်ရှားနေပြီ'

ကျင်းမင်က....

'သူ့ကိုစစ်ဆေးပြီး ပြိုင်ဘက်ကင်း သိုင်းကျမ်းအကြောင်း ဖော်ထုတ်ရမယ်'

ဟု ပြောလေသည်။

ဟန်လင်းနှင့်စန်းရယ်တို့ သဘောတူလိုက်ကြလေသည်။

'ဟုတ်တယ်'

သူတို့သည် ရှောင်မာအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

ရှောင်မာက အံ့တင်းတင်းကြိတ်လိုက်သည်။

'အရင်တစ်ခါက အရက်ထဲမှာ ဆေးခတ်ခံခဲ့ရတာကြောင့် ကျုပ်ဒုက္ခရောက်ခဲ့ရတယ်၊ ဒီတစ်ခါတော့ မင်းတို့လုပ်ချင်ရာ လုပ်လို့မရတော့ဘူး၊ မင်းတို့ရောက်လာတာကို ကျုပ်လဲဝမ်းသာပါတယ်၊ ကျုပ်ကိုချည်နှောင်ထားတဲ့သံကြိုးကို ဖြည်နိုင်ဖို့ပဲ၊ ဒါမှမဟုတ်ရင်တော့ သုံးယောက်စလုံးသေဖို့သာဖြစ်တော့'

ဟု ပြောလိုက်လေသည်။

ကျင်းမင် မျက်မှောင်ကြုတ်သွားသည်။

'ရှောင်မာ၊ မင်းက ငါတို့ကို ပြန်ပြီးတိုက်ခိုက်မယ်ဟုတ်လား'

ရှောင်မာက....

'ဘာလဲ ငါက မင်းတို့နှိပ်စက်သမျှကို ခေါင်းငုံ့ခံနေရမှာလား'

ကျင်းမင်က....

'မင်းကို သံကြိုးနဲ့ချည်ထားတာပဲ၊ မင်း ဘာများတတ်နိုင်မှာမို့လဲ'

'ဟား....ဟား....ဟား'

ရှောင်မာက ဟားတိုက်ရယ်မောလိုက်လေသည်။

'နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ငါ့ကိုယ်ငါ ကံဆိုးလှပြီလို့ထင်မိတယ်၊ ခုတော့ ငါ့ခေါင်းကံကောင်းတဲ့လူ လောကပေါ်



မှာ မရှိတော့ဘူးဆိုတာ နားလည်လိုက်ပြီ၊ အဲဒါဘာကြောင့်လဲသိလား၊ ငါမုန်းတီးနေတဲ့ လူတွေဟာ အသေခံဖို့ ငါ့ရှေ့ကို ရောက်လာလို့ပေါ့'

ကျင်းမင်၊ စန်းရယ်နှင့် ဟန်လင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှောင်မာသည် သူတို့အား ကြောက်ရွံ့ခြင်းမရှိသည့်အပြင် သတ်ပစ်မည်ဟုပင် ပြောဆိုနေသည် မဟုတ်ပါလား။

စန်းရယ်က....

'တောက်....ခုထိမမှတ်သေးပဲကိုး၊ ကောင်းပြီ၊ ဒီတစ်ခါတော့ မင်းကိုချမ်းသာမပေးတော့ဘူး၊ သိုင်းကျမ်းအကြောင်း မပြောရင် တစ်စစီဖြစ်အောင် လုပ်ပစ်မယ်'

ဟု ပြန်လည်အော်ပြောကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ကျင်းမင်နှင့် ဟန်လင်းတို့လည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။

'ဟား....ဟား....ဟား'

ရှောင်မာက ဟားတိုက်ရယ်မောလိုက်ပြီး....

'မင်းတို့ ခုခံနိုင်ရင် ခုခံကြပေတော့'

ဟု ကြုံးဝါးကာ လက်နှစ်ဖက်ဝှေ့ယမ်းပြီး စတင်တိုက်ခိုက်လိုက်လေတော့သည်။

*   *   *

ကျောက်ဂူအတွင်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာသည်။ ရှောင်မာနှင့် ကျင်းမင်တို့သုံးယောက် အပြင်းအထန် တိုက်ခိုက်နေကြလေသည်။

ကျင်းမင်သည် ဓားတစ်လက် ဆွဲကိုင်ထားလေသည်။

ဟန်လင်းက စာပေသမားတစ်ယောက်ဖြစ်သည့် အားလျော်စွာ စုတ်တံတစ်ချောင်းကို လက်နက်အဖြစ်အသုံးပြု၏။

စန်းရယ်ကမူ ခန္ဓာကိုယ်ပေါ်၌ ကြက်ခြေခတ်သဏ္ဍာန်ပတ်ထားသော သံကြိုးနှစ်ချောင်းကို ဝဲယာတစ်ဖက်တစ်ချက်၌ကိုင်ကာ ပြင်းထန်စွာ တိုက်ခိုက်လေသည်။

'ယား....'

'ဝှန်း....'

'ခြိမ်း....'

ကျောက်ဂူအတွင်း၌ ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်နေသော အသံများ ဖုံးလွှမ်းသွားလေသည်။



ယင်ကျင်းသည် ကျောက်တုံးကျောက်ခဲများနောက်ကွယ်၌ ပုန်းအောင်း ချောင်းကြည့်ရင်း ကြောက်ရွံ့ထိတ်လန့်မှုကြောင့် အသားများပင် တဆတ်ဆတ် တုန်ယင်နေလေတော့သည်။

ရှောင်မာ အနိုင်ရပါစေဟုလည်း ဆုတောင်းနေမိသည်။

သို့မဟုတ်လျှင် ကျင်းမင်တို့၏ လက်ချက်ကြောင့် ဒုက္ခရောက်သွားလိမ့်မည် မဟုတ်ပါလား။

ယင်ကျင်းသည် ကြောက်လန့်နေသည့်တိုင် တိုက်ပွဲကိုမမှိတ်မသုန် ကြည့်နေမိဆဲ။

ရှောင်မာကို စိုးရိမ်၍ဖြစ်လေသည်။

ရှောင်မာသည် သံကြိုးများဖြင့် ချည်နှောင်ခံထားရသော်လည်း အမှုမထားဘဲ ခြေလက်များကို ဝှေ့ယမ်းကာ ပြင်းထန်စွာ တိုက်ခိုက်နေပါသည်။

သူ၏တိုက်ခိုက်မှုကြောင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ကျောက်ဂူအတွင်း၌ ဖုန်များ၊ သဲများ တထောင်းထောင်းထသွား၏။

ကျင်းမင်၊ စန်းရယ်နှင့် ဟန်လင်းတို့၏ တိုက်ခိုက်မှုမှာလည်း ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

သူတို့၏ လက်နက်များဖြင့် တစ်ချက်တိုက်ခိုက်မှုမှာသည်၊ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

သူတို့၏လက်နက်များဖြင့် တစ်ချက်တိုက်ခိုက်ခံလိုက်ရလျှင်ပင် အသက်ပျောက်သွားလိမ့်မည် ဖြစ်လေသည်။

သုံးယောက်သား ဖိုခိုလောက်ဆိုင် ဝိုင်းရံကာ ရှောင်မာကို တိုက်ခိုက်နေကြလေသည်။

ရှောင်မာသည် လက်နက်မဲ့ ဖြစ်နေသလို တစ်ယောက်နှင့် သုံးယောက် ယှဉ်ပြိုင်နေရခြင်းဖြစ်၍ ကြာလျှင်ဒုက္ခရောက်သွားလိမ့်မည်ဟု ထင်ရသည်။

သို့သော်....

သူ၏ လက်ဝါးနှစ်ဖက် ဝှေ့ယမ်းလိုက်တိုင်း ပြင်းထန်သော အအေးနှင့် အရှိန်အဟုန် ထွက်ပေါ်လာခြင်းကြောင့် ကျင်းမင်တို့ ကဗျာကယာ နောက်ဆုတ်နေကြရပြီး ထိပ်တိုက်ရင်မဆိုင်ဝံ့အောင် ဖြစ်နေကြလေသည်။ တိုက်ပွဲသည် တစ်ခဏအတွင်းမှာပင် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လာလေသည်။

ရုတ်တရက်....

'ယား....'

ရှောင်မာသည် လက်နက်များကို အမှုမထားဘဲ ကျင်းမင်တို့ထံသို့ ခုန်ဝင်လိုက်လေသည်။



'သတိထား'

ကျင်းမင်တို့ကလည်း တစ်ယောက်ကို တစ်ယောက် အော်ဟစ် သတိပေးလိုက်ကြပြီး တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဝိုင်းပြီး တိုက်ခိုက်လိုက်ကြလေသည်။ သုံးယောက် တစ်ယောက်ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြခြင်း ဖြစ်သည်။

ဤတွင်....

'ဖြောင်း....'

စန်းရုယ်၏သံကြိုးသည် ရှောင်မာအား ရိုက်ချမိလိုက်သည်။ ဟန်သင်း၏စုတ်တံသည် ရှောင်မာ၏ပခုံးကို ထိုးစိုက်ချလိုက်မိလေသည်။

ထို့အပြင်....

ကျင်းမင်၏ဓားသည် ရှောင်မာ၏ခေါင်း၌ ချည်နှောင်ထားသော သံကြိုးကို ခုတ်ချမိလိုက်သည်။

'ခြွမ်း....'

သံကြိုးပြတ်တောက်သွားလေသည်။

ရှောင်မာသည် အနှောင်အဖွဲ့မှ လွတ်သွားသည်နှင့်....

'ယား'

ဩသံပေးကာ တရကြမ်း တိုက်ခိုက်ပစ်လိုက်လေသည်။

ဤတွင်...

'ဝုန်း....ဝုန်'

'အား'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

ကျင်းမင်တို့ အဝေးသို့လွင့်စဉ်သွားကြလေသည်။

သူတို့သည် ရှောင်မာ၏ကြီးမားသောခွန်အားကို ထိတ်လန့်သွားကြလေသည်။

ကျောက်ဂူအတွင်း၌ဆက်လက်တိုက်ခိုက်နေ၍ မဖြစ်တော့မှန်း သဘောပေါက်လိုက်သည်။

သုံးယောက်သား ကျောက်ဂူအပြင်ဘက်သို့ပြေးထွက်သွားကြလေသည်။

'မပြေးနဲ့'

ရှောင်မာသည်လည်း ဒေါသတကြီးအော်ငေါက်ကာ ပြေးလိုက်သွားလေတော့သည်။

* * *

တစ်ခဏအတွင်းမှာပင် ကျောက်ဂူအတွင်း၌ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။



ယင်ကျင်း ခေါင်းထောင်လာသည်။

မြေပေါ်တွင်ပြတ်ကျနေသော သံကြိုးရှည်ကြီးအားတွေ့မြင်လိုက်ရသဖြင့် သက်ပြင်းချလိုက်မိသည်။

ရှောင်မာသည် အနှောင်အဖွဲ့မှ လွတ်မြောက်သွားပြီ ဖြစ်ပါသည်။

သို့သော်....

အသားအနာခံကာ သံကြိုးကြီးပြတ်သွားအောင်ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း ယင်ကျင်းနားလည်မိသဖြင့် စိတ်မကောင်းဖြစ်ရလေသည်။

ရှောင်မာ ဒဏ်ရာရသွားပြီ မဟုတ်ပါလား။

ရှောင်မာသည် ကျင်းမင်တို့သုံးယောက်အား ဆက်လက်ယှဉ်ပြိုင်နိုင်ပါမည်လော။

ယင်ကျင်းစိုးရိမ်လာသည်။

ပုန်းကွယ်ရာမှထွက်လိုက်သည်။ ထို့နောက် ကျောက်ဂူအပေါက်ဝသို့မဝံ့မရဲဖြင့်ထွက်လာခဲ့လေသည်။ ကျောက်ဂူဝသို့ရောက်သောအခါ....

'ဝုန်း'

'ခြိမ်း'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်းသည် ကျောက်ဂူအပေါက်ဝမှနေ၍ အပြင်ဘက်သို့ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ....

ကျောက်ဂူအပြင်ဘက် မြေကွက်လပ်တွင်ဖြစ်ပေါ်နေသော တိုက်ပွဲကို တွေ့မြင်လိုက်ရလေသည်။

တိုက်ပွဲကား ကြောက်ခမန်းလိလိဖြင်းထန်နေဆဲ။

ကျင်းမင်တို့က လက်နက်ကိုယ်စီဖြင့် တိုက်ခိုက်နေကြဆဲ။

ရှောင်မာကလည်း လက်ဝါးနှစ်ဖက်ဝှေ့ယမ်းကာ ပြင်းထန်သောအရှိန်အဟုန်ဖြင့် တိုက်ခိုက်နေဆဲ။

ယင်ကျင်း ပင့်သက်ရှိုက်လိုက်မိလေသည်။

'သူတို့ဟာ သူသေကိုယ်သေတိုက်ခိုက်နေကြတာပဲ'

ဟုသည်း ရေရွတ်မိလိုက်လေသည်။

ရန်ငြိုးတရားကား ကြောက်မက်ဖွယ်ကောင်းလှပေသည်။ လူသားအချင်းချင်း သူသေကိုယ်သေ တိုက်ခိုက်နေကြသည်မှာ ဝမ်းနည်းစရာ ကောင်းလှပေတော့သည်။

ယင်ကျင်းသည် တိုက်ပွဲကို ငေးမော ကြည့်နေမိတော့သည်။



တိုက်ပွဲကား ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။

ကျင်းမင်တို့သည် ထိပ်သီး သိုင်းသမားကြီးများဖြစ်ကြသည့်အပြင် လက်နက်ကိုယ်စီဆွဲကိုင်ထားကြသည်ဖြစ်ရာ တစ်ချက်မှား လိုက်သည်နှင့် ရှောင်မာ ဒုက္ခရောက်သွားမည်မှာ သေချာနေပါတော့သည်။

ယင်ကျင်းသည် ရှောင်မာအတွက် စိုးရိမ်ပူပန်နေပါတော့သည်။

ရှောင်မာကား အသက်ကိုအမှုမထားဘဲ လက်ဝါးနှစ်ဖက်ကိုသာ လက်နက်အဖြစ် အသုံးပြုကာ ပြင်းထန်စွာတိုက်ခိုက်နေ၏။

လက်ဝါးတစ်ဖက် ဝှေ့ယမ်း ရိုက်ချလိုက်တိုင်း ဝုန်းခနဲ ဝုန်းခနဲ ပြင်းထန်သောလေအဟုန် ထွက်ပေါ်လာသည်။

လက်ဝါးတစ်ချက် အရိုက်ခံရလျှင် သက်သာမည်မဟုတ်ဘဲ အသက်ပျောက်သွားမည်မှာ သေချာလှပါတော့သည်။

သူတို့၏ တိုက်ခိုက်မှုကြောင့် အနီးပတ်ဝန်းကျင်မှ သစ်ကိုင်းများ ကျိုးပြတ်ကုန်သည်။ ကျောက်တုံးကျောက်ခဲလေးများ အပိုင်းပိုင်းကျိုးပြတ်ကုန်လေသည်။

ယင်ကျင်းသည် အဝေးသို့ထွက်ပြေးသွားလိုစိတ်များ ဖြစ်ပေါ်လာ၏။ ထွက်ပြေးရှောင်တိမ်းသွားဖို့လည်းအခွင့်အရေး ရလာပြီဖြစ်လေသည်။

သို့သော် ရှောင်မာအတွက် စိတ်ပူနေသဖြင့် ထွက်မပြေးနိုင်ဘဲ ဖြစ်နေရလေတော့သည်။

ယင်ကျင်း တထိတ်ထိတ်တလန့်လန့်ဖြင့် ကြည့်နေစဉ်မှာပင်....

'ယား'

ရှောင်မာကခြေသံပေးကာ ကျင်းမင်ထံခုန်အုပ်လိုက်လေသည်။ သူ့အား သစ္စာဖောက်ကာ ဒုက္ခပေးခဲ့သည့် ကျင်းမင်အပေါ် အမုန်းကြီး မုန်းတီးနေဟန် ရှိလေသည်။

ကျင်းမင်အား သုတ်သင်ရှင်းလင်းပစ်ရန် သန္နိဋ္ဌာန်ချထားပုံ ရှိလေသည်။

'သတိထား'

ဟန်လင်းက ကျင်းမင်အား လှမ်းပြီး သတိပေးလိုက်သည်။

စန်းရယ်နှင့်အတူ လက်တွဲကာ ရှောင်မာ၏ နောက်ကျောသို့ ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ရှောင်မာသည် ကျင်းမင်အား ဆက်လက်တိုက်ခိုက်မည်ဆိုပါက ဟန်လင်းတို့၏ လက်ချက်ကြောင့် ဒုက္ခရောက်သွားရမည်မှာ သေချာနေပါတော့သည်။



ထိုအခြေအနေကိုမြင်လျှင် ယင်ကျင်း ထိတ်လန့်သွားလေသည်။

'ဦးလေးရှောင်....သတိထား'

ဟု အော်ပြောလိုက်မိလေတော့သည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ရှောင်မာ ရင်ထိတ်သွားသည်။

ယင်ကျင်းရှိနေသည့်ကျောက်ဂူပေါက်ဆီသို့ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။

ဤတွင်....

သူ၏သိုင်းကွက် ပျက်ပြားသွားပြီး ဟန်လင်း၏ စုတ်တံသည် သူ၏ကျောပြင်ကို ထိုးစိုက်မိသွားလေတော့သည်။

'အား'

ရှောင်မာ စူးရှစွာ အော်ဟစ်လိုက်လေတော့သည်။

* * *

အမှန်တော့....

ရှောင်မာသည် ကျင်းမင်အား လွန်စွာမှပင် မုန်းတီးနေသည်ဖြစ်သော်လည်း ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် သတိပေါ့ဆ၍ မဖြစ်မှန်း နားလည်သဘောပေါက်ထားလေသည်။

သူက ကျင်းမင်းအား ထကြီးမဲကြီး တိုက်ခိုက်လိုက်သည်ဟု ဟန်ဆောင်၍ ရိယာယ် ဆင်လိုက်ခြင်းဖြစ်သည်။

သို့မှသာ ဟန်လင်းနှင့်စန်းရှယ်တို့က နောက်ကျောဘက်မှ တိုက်ခိုက်လာကြလိမ့်မည်ဟု နားလည်ထားလေသည်။

ထိုအခါတွင် ဟန်လင်းတို့အား ပြတ်ပြတ်သားသားတိုက် ခိုက်အနိုင်ယူရန် စီစဉ်ထားခြင်း ဖြစ်ပေလေသည်။

ယခုမူ....

ယင်ကျင်း၏အသံ ထွက်ပေါ်လာသောအခါ အာရုံတွေ တွေပြားသွားသလို ယင်ကျင်းအတွက် စိုးရိမ်သွားသည်။

သူ၏ စိတ်အစဉ်သည် ယင်ကျင်းထံသို့ တဒင်္ဂအားဖြင့် လွင့်ပျံ့သွားခြင်းဖြစ်သည်။

ထိုသို့ အာရုံလွင့်သွားသည့် တစ်ခဏတာလေးအတွင်းမှာပင် သူ၏အစီအစဉ်ပျက်ပြားသွားသကဲ့သို့ တုံ့ပြန်မှုနှေးကွေးသွား သည်ဖြစ်ရကား ဟန်လင်း၏ တုတ်တံထိုးချက်ထိသွားခြင်း ဖြစ် ပေတော့သည်။

ရှောင်မာ အံ့ဟင်းတင်းကြိတ်လိုက်သည်။

'ယား....'

ငြာသံပေးကာ လက်ဝါးနှင့်ဖက်ကို အဆက်မပြတ်ရိုက် ထုတ်လိုက်လေသည်။



ထိုအခါ....

'ဝုန်း....ဝုန်း'

'အား....'

စူးရှကျယ်လောင်အသံများ ထွက်ပေါ်လာပြီး ကျင်းမင်း၊ စန်းရှယ်နှင့် ဟန်လင်းတို့မှာ အဝေးသို့ လွင့်စဉ်သွားကြလေ တော့သည်။

* * *

တိုက်ပွဲပြီးဆုံးသွားပြီဟု ဆိုနိုင်လေသည်။

ရှောင်မာ၏တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲကာ ဒယီး ဒယိုင် ဖြစ်နေပါသည်။

သို့သော်...

သူသည် လဲကျသွားမည်မဟုတ်ဘဲ ဆက်လက် တိုက်ပွဲဝင် မည့် သဘော ရှိနေ၏။

ဟန်လင်းတို့ မြေပေါ်မှ လူးလိမ့်ထလိုက်ကြလေသည်။

သုံးယောက်သား မျက်စိမျက်နှာ ပျက်နေကြသည်။

ကျင်းမင်းက....

'သူ ဒဏ်ရာရထားပြီ၊ ဒါပေမယ့် သူ့ကိုရှင်းပစ်ဖို့ဆိုတာ မလွယ်သေးဘူး'

ဟု အထိတ်တလန့် ပြောလေသည်။

ဟန်လင်းအ....

'သူဟာ ကျောက်ဂူထဲမှာ အကျဉ်းချခံနေရတဲ့ အချိန်မှာ သိုင်းပညာကို လေ့လာပွားများနေခဲ့တာပဲ ဖြစ်မယ်၊ သူ့ရဲ့ အတွင်းအားဟာ ကြောက်စရာ ကောင်းလွန်းတယ်၊ သိုင်းလောကမှာ ဘယ်သူမှမီနိုင်မယ် မထင်ဘူး'

သိုင်းပညာရပ်များတွင် အတွင်းအား ပညာသည်လည်း အဓိကအခန်းမှ ပါဝင်နေပေသည်။

အတွင်းအားကောင်းလျှင် သာမန် သိုင်းကွက်တစ်ကွက်သည်ပင် ထက်မြက်နေတတ်သည် မဟုတ်ပါလား။

ကျောက်ဂူဝသို့ လှမ်းကြည့်လိုက်ကြသောအခါ ယင်ကျင်းကိုလည်း တွေ့မြင်သွားကြသည်။

စန်းရယ်တာ....

'သူနဲ့ပတ်သက်တဲ့ လူတစ်ယောက် ရောက်နေပါလား၊ ဒါဆို အခြေအနေ မဟန်ဘူးထင်တယ်'

ဟု ရေရွတ်လိုက်သည်။

ကျင်းမင်က....



'ကျုပ်တို့ ဘယ်သိုလုပ်ကြမလဲ'

ကြံရာမရဟန်ဖြင့် မေးလေသည်။

ဟန်လင်းက....

'ခုချိန်မှာတော့ ရှောင်တိမ်းသွားတာ အကောင်းဆုံးပဲ၊ ကျုပ်ရဲ့စုတ်တံထိုးချက်ကို ခံလိုက်ရပြီးမှတော့ ဘယ်နည်းနဲ့မှ အသက်ရှင်နိုင်တော့မှာ မဟုတ်ပါဘူး'

ကျင်းမင်က....

'ခင်ဗျား သေချာတယ်နော်'

ဟန်လင်း မဲ့ပြုံး ပြုံးလိုက်လေသည်။

'ဘာလဲ၊ ရှောင်မာ အသက်ရှင်နေသေးရင် ခင်ဗျားကို ဒုက္ခပေးမှာ စိုးရိမ်လို့လား'

'ဟုတ်တယ်၊ သူဟာ ကျုပ်အပေါ် ဘယ်တော့မှ အခဲကျေမှာ မဟုတ်ဘူး'

'ခင်ဗျားတစ်ယောက်တည်း မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့လဲ ရှိပါသေးတယ်၊ အရင်ကတည်းက သူ့ကို သေသေချာချာ ရှင်းပစ်လိုက်ရင် ခုလိုအဖြစ်မျိုးနဲ့ ကြုံရမှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ သုံးလေးရက်ထက်ပိုပြီး အသက်မရှင်နိုင်တော့ပါဘူး၊ ကျုပ်အာမခံပါတယ်'

ဟန်လင်းက ရဲရဲဝံ့ဝံ့ပြောလိုက်လေသည်။

ကျင်းမင်က....

'ဒါဆိုလဲပြီးတာပဲ၊ ကျုပ်တို့သွားကြတာပေါ့'

'ကောင်းပြီ'

သုံးယောက်သား ဆက်လက်တိုက်ခိုက်ဖို့ မစဉ်းစားတော့ဘဲ ထွက်ပြေး ရှောင်တိမ်းသွားလေတော့သည်။

❋ ❋ ❋

ကျင်းမင်တို့ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ထိုအခါမှ....

'ဝုန်း....'

ရှောင်မာသည် မည်သို့မျှမဟန်နိုင်တော့ဘဲ မြေပေါ်လဲကျသွားလေသည်။

'ဦးလေးရှောင်'

ယင်ကျင်းက ကျောက်ဂူထဲမှ ပြေးထွက်လာလေသည်။

မြေပေါ်တွင် ခွေခွေလေးလဲကျနေသော ရှောင်မာအား ဖေးမပွေ့ထူလိုက်လေသည်။

ရှောင်မာ၏တစ်ကိုယ်လုံး သွေးခြမ်းခြင်းနီရဲနေ၏။



ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီဖြစ်ပါသည်။

ရှောင်မာသည် ယင်ကျင်း၏ခေါ်သံကြောင့် ယခုလိုခံလိုက်ရခြင်း ဖြစ်သော်လည်း ယင်ကျင်းအပေါ် စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း မဖြစ်မိ၍ ကိုယ့်ကိုကိုယ် အံ့သြနေသည်။

ယင်ကျင်းသည်လည်း ရှောင်မာကို ပွေ့ဖက်ထားရင်း မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

'ဦးလေးရှောင် ခုလိုဖြစ်ရတာ ကျွန်တော့်ကြောင့်ပါ'

ဟု မချိတင်ကဲ ပြောနေ၏။

ရှောင်မာ အားယူကာပြုံးလိုက်သည်။

'ဘယ်တတ်နိုင်မလဲလေ၊ ကံတရားကြောင့် ဖြစ်ရတာလို့ပဲ သဘောထားရမှာပေါ့၊ မင်းက ငါ့အတွက် စိုးရိမ်တယ်ဟုတ်လား'

ယင်ကျင်း ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

'မင်း ဘာကြောင့် စိုးရိမ်ရတာလဲ'

'ကျွန်....ကျွန်တော် မပြောတတ်ပါဘူး'

ယင်ကျင်းသည် ရိုးသားသူပီပီ အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

ရွှေဝင်မာ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

'အင်း....လောကပေါ်မှာ ကျုပ်အတွက် စိုးရိမ်ပူပန်မယ့်လူ တစ်ယောက်တိုးလာတာပေါ့၊ ဒါပေမယ့် ကျုပ်ရဲ့ဘဝ မထူးတော့ပါဘူး'

ပြောပြောဆိုဆို ယင်ကျော်း၏လက်ထဲမှ ရုန်းထွက်လိုက်လေသည်။

ရွှေဝင်မာသည် ဒဏ်ရာပြင်းထန်စွာရထားသည့်တိုင် အလွန်သန်မာနေသည်ကို တွေ့ရသဖြင့် ယင်ကျော်း အံ့ဩသွားကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ရွှေဝင်မာသည် မြေပေါ်၌ တင်ပျဉ်ခွေ ထိုင်လိုက်ပြီး အတွင်းအား ဖော်ထုတ်လိုက်လေသည်။

အငွေ့အဆစ်များ၏ တဖြောက်ဖြောက်မြည်သံများ ထွက်ပေါ်လာ၏။

တစ်ခဏအတွင်းမှာပင် ရွှေဝင်မာ၏ဒဏ်ရာမှ သွေးတိတ်သွားတော့သည်။

ရွှေဝင်မာသည် အတွင်းအားဖြင့် ဒဏ်ရာကို ကုစားလိုက်ခြင်း ဖြစ်သော်လည်း တစ်ခဏအတွင်းမှာပင် မျက်လုံး ပြန်ဖွင့်လာ၏။



သူ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ထွက်ပေါ်နေလေသည်။

ယင်ကျော်းက....

'ဦး....သက်သာရဲ့လားဟင်'

ဟု မေးလိုက်၏။

ရွှေဝင်မာ မချိပြုံးပြုံးလိုက်လေသည်။

'ကျုပ်အတွက် အရေးမကြီးပါဘူးကွယ်၊ မင်းသာကျုပ်ကို ဆက်ပြီးကူညီနိုင်မယ် မကူညီနိုင်ဘူးဆိုတာ သိချင်ပါတယ်'

ယင်ကျော်းက....

'ဘယ်လိုပြောလိုက်တာလဲဦးရယ်၊ ကျွန်တော် ကူညီမှာပေါ့'

'မင်း တကယ်ပြောတာနော်'

'တကယ်ပါခင်ဗျာ'

'ဝမ်းသာလိုက်တာကွယ်'

ရွှေဝင်မာသည် ယင်ကျော်း၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်၏။

ယင်ကျော်းကလည်း ပြန်လည်ဆုပ်ကိုင်ထားလိုက်လေသည်။

သူတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြသည်။

နှစ် ပေါင်း များစွာ ခင်မင်ရင်းနှီးလာခဲ့ကြသူများပမာ သံယောဇဉ် တွယ်တာလာကြလေသည်။

အတော်လေးကြာတော့မှ ရှောင်မာက...

'ယင်ကျော်၊ မင်းကို ငါနောက်ထပ် အကူအညီတစ်ခု တောင်းရလိမ့်မယ်'

ဟု ပြောလာလေသည်။

ယင်ကျော်က...

'ဟုတ်ကဲ့၊ ပြောပါခင်ဗျာ'

ရှောင်မာက...

'မင်းက သိုင်းကျမ်းကိုသွားယူပြီးရင် ကျုပ်ဆီကို ပြန်လာစရာ မလိုတော့ဘူး'

'ဗျာ'

မမျှော်လင့်သောစကား ကြားလိုက်ရလျှင် ယင်ကျော် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ရှောင်မာကို မယုံကြည်နိုင်စွာကြည့်ရင်း...

'ဦးဆီကို ပြန်မလာရတော့ဘူး ဟုတ်လား'



'ဟုတ်တယ်၊ ကျုပ်ဆီကို ပြန်လာစရာမလိုတော့ဘူး'

'ဒါ...ဒါဆို ကျွန်တော်က...'

'မင်းဟာ သိုင်းကျမ်းကို ရတာနဲ့ ယူအမ်ခရိုင် ကောင်းတုံမြို့ကိုအရောက်သွားပေါ့၊ ကောင်းတုံမြို့ရဲ့အရှေ့ပိုင်းမှာ ဟုန်ကျူးအပေါင်ဆိုင်ဆိုတာရှိတယ်၊ အဲဒီအပေါင်ဆိုင်နဲ့ သုံးအိမ်ကျော်မှာ အဖြူရောင်ဆေးသုတ်ထားတဲ့ အိမ်တစ်လုံးရှိတယ်၊ အဲဒါ ကျုပ်ရဲ့အိမ်ပဲ'

ယင်ကျော်သည် ရှောင်မာပြောသည့်စကားများကို သေသေချာချာ မှတ်သားထားလိုက်လေသည်။

ရှောင်မာက ဆက်ပြောသည်။

'ကျုပ်ရဲ့အိမ်မှာ ကျုပ်ရဲ့ဇနီးသည် ရှိနေလိမ့်မယ်၊ မင်းက သိုင်းကျမ်းကိုရရင် ကျုပ်ရဲ့ဇနီးသည်ရဲ့ လက်ထဲပေးအပ်လိုက်ပါ၊ ပြီးရင် သူ့ရဲ့မိဘဆွေမျိုးတွေဆီကို ပြန်ဖို့ ပြောပေးပါ'

ယင်ကျော်က...

'ဦးကကော'

'ကျုပ်က...'

ရှောင်မာသည် ရှေ့ဆက်မပြောနိုင်အောင် ဖြစ်သွားလေသည်။

သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်ကို တွေ့ရသောအခါ ယင်ကျင်း ပိုပြီးစိတ်မကောင်းဖြစ်ရ၏။

အခြေအနေကို နားလည်သဘောပေါက်သလို ရှိလာလေသည်။

'ဦးရယ်၊ အိမ်မပြန်နိုင်တော့ဘူးလို့ ဦးတင်မှတ်နေတာလားဟင်၊ ကျွန်တော်က ဦးရဲ့အိမ်ကိုရောက်အောင်ပို့ပေးမှာပေါ့'

ဟု အားပေးလိုက်သည်။

ရှောင်မာက....

'ယင်ကျင်း....ငါ့ရဲ့အခြေအနေကို ငါသိပါတယ်ကွာ၊ မင်းသာ ငါ့ကိုကူညီပါ'

'ကျွန်တော်....'

'ဘုံကျောင်းပျက်ရဲ့ ခေါင်မိုးထုပ်တန်းပေါ်မှာ သိုင်းကျမ်းကို ငါဝှက်ထားခဲ့တယ်၊ မင်းသွားယူပြီး ငါ့ဇနီးသည်ရဲ့ လက်ထဲရောက်အောင်ထည့်ပေးလိုက်ပါ၊ မင်းကငါ့ကိုကူညီတဲ့အတွက် ကျေးဇူးဆပ်တဲ့အနေနဲ့ မင်းကိုငါက သိုင်းပညာသင်ပေးလိုက်မယ်'

'ဟာ'



မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ယင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ရှောင်မာက....

'ယင်ကျင်း....ကျင်းမင်တို့လူစုဟာ မင်းကိုတွေ့မြင်သွားကြပြီ၊ မင်းဟာ ငါနဲ့ပတ်သက်နေတယ်ဆိုတာ ရိပ်မိသွားကြမှာပဲ၊ မင်းကို ဒုက္ခပေးနိုင်တယ်၊ သူတို့နဲ့တွေ့ရင် ဒုက္ခမရောက်ရလေအောင် မင်းသိုင်းပညာ တတ်မြောက်ထားဖို့ လိုမယ်'

ယင်ကျင်း ထိတ်လန့်သွားသည်။

ကျင်းမင်တို့လူစုသည် အလွန်ရက်စက်ကြမ်းကြုတ်သူများ ဖြစ်သည်ဟု နားလည်ထားလေသည်။

ထိုလူများနှင့်သာ ရင်ဆိုင်ရမည်ဆိုပါက ကျိန်းသေ ဒုက္ခရောက်ရမည်ဟု ယုံကြည်မိလေသည်။

သိုင်းပညာ သင်ယူလိုစိတ်လည်း မရှိပါ။

ယင်ကျင်း ခေါင်းရှုပ်သွားလေတော့သည်။

ရှောင်မာက....

'သိုင်းပညာတတ်ထားရင် မကောင်းသူပယ်၊ ကောင်းသူကယ်လို့ရတယ်၊ မတရားမှုတွေကို တွန်းလှန်နိုင်တယ်၊ အများအကျိုးဆောင်ရွက်နိုင်တယ်၊ ကိုယ်တတ်တဲ့ပညာကို အလွဲသုံးစားပြုနေကြတဲ့ သိုင်းသမားဆိုး တချို့ကြောင့်သိုင်းလောက

သားတွေ နာမည်ပျက်နေကြရတာပါ၊ တကယ်တော့ သိုင်းပညာဟာ ကောင်းကျိုးပြုတဲ့ ပညာရပ်တစ်ခုပါပဲ'

ဟု ရှင်းပြလေသည်။

ယင်ကျင်းက...

'ကျွန်...ကျွန်တော်ဟာ ခုမှ...'

သူ၏စကားမဆုံးမီ ရွှေခင်မာက ကြားဖြတ်ပြောလိုက်လေသည်။

'ယင်ကျင်း...မင်းဟာ သိုင်းပညာနဲ့ အစိမ်းသက်သက်ဖြစ်ပေမယ့် ဘာမှအားမငယ်ပါနဲ့၊ မင်းကိုကျုပ်က အထက်မြက်ဆုံး သိုင်းကွက်တွေကို အချိန်တိုတိုနဲ့ တတ်မြောက်အောင် သင်ကြားပေးနိုင်ပါတယ်'

ယင်ကျင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ရွှေခင်မာက...

'မင်း သိုင်းပညာသင်တာဟာ ကျုပ်ကိုကူညီရာရောက်ပါတယ်၊ ဘယ်လိုလဲ သင်မယ်မဟုတ်လား'

ဟု အားတက်သရော မေးလာလေသည်။

ယင်ကျင်း သက်ပြင်းချလိုက်သည်။



အခြေအနေမဟန်သော ရွှေခင်မာကို ကရုဏာ သက်နေသဖြင့် မငြင်းနိုင်တော့ဘဲ...

'ဟုတ်ကဲ့...သင်ပါ့မယ်ခင်ဗျာ'

ဟု ပြောလိုက်ရလေသည်။

သို့ဖြင့်...

ယင်ကျင်းသည် ဘာမသိဘာမသိဖြင့် သိုင်းပညာသင်ကြားရမည့်အခြေအနေသို့ ရောက်ရှိသွားလေတော့သည်။

* * *

ယင်ကျင်းက သိုင်းပညာသင်ရန် သဘောတူလိုက်သည်နှင့် ရွှေခင်မာသည် အချိန်မဖြုန်းဘဲ စတင် သင်ကြားပေးလေတော့သည်။

သူ၏သိုင်းပညာသင်ကြားပေးခြင်းသည် ဖုတ်ပူမီးတိုက်ဖြစ်နေသော်လည်း စည်းစနစ်ကျနလှပေသည်။

အဓိကကျသော သိုင်းကွက်အချို့ကို အစမှအဆုံးနားလည်သဘောပေါက်စေရန် သေသေချာချာ ရှင်းလင်း ပြောပြလေသည်။

အကြိမ်ကြိမ်အခါခါ ရှင်းပြပြီးမှ ယင်ကျင်းကိုပြန်မေးလေသည်။

အံ့ဩစရာ ကောင်းလောက်အောင်ပင် ယင်ကျင်းသည် သိုင်းပညာရပ်တွင် စိတ်ဝင်စားမိနေကြောင်း မိမိကိုယ်ကို သဘောပေါက်လိုက်သည်။

ရှောင်မှာလည်း ဝမ်းသာသွားလေသည်။

ယင်ကျင်းသည် သင်ကြားပေးသမျှကို တစ်ခဏအတွင်းမှာပင် ကောင်းစွာမှတ်မိသွားသည် မဟုတ်ပါသား။

ထို့အပြင်....

ရှောင်မာက လက်တွေ့သင်ကြားပေးရာ၌လည်း ယင်ကျင်းက အလွယ်တကူ သင်ယူတတ်မြောက်သွားခဲ့လေသည်။

ရှောင်မာအားတက်သွားလေသည်။

ရသည့်အချိန်လေးအတွင်းမှာပင် ယင်ကျင်း မှတ်မိနိုင်သမျှ သင်ကြားပေးလိုက်လေသည်။

တစ်ရက်၊

နှစ်ရက်၊

သုံးရက်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

သုံးရက်အတွင်း၌ ယင်ကျင်းသည် သိုင်းကွက်ကိုးကွက်မျှ တတ်မြောက်သွားလေသည်။



သုံးရက်မြောက်သောနေ့ ညနေပိုင်းတွင် ရှောင်မာသည် သိုင်းပညာသင်ပေးရင်း....

'အား'

လွှတ်ခနဲ ညည်းတွားကာ ဒယီးဒယိုင်ဖြစ်သွားလေသည်။

ယင်ကျင်း ရင်ထိတ်သွားလေသည်။

'ဦးလေးရှောင် ဘာဖြစ်လို့လဲဟင်'

ဟု မေးရင်း ကပျာကယာ ဖေးမလိုက်လေသည်။

ထိုအခါ ရှောင်မာ၏ ကျောပြင်မှဒဏ်ရာတွင် သွေးများ စိမ့်၍ထွက်နေသည်ကို တွေ့ရလေသည်။

ယင်ကျင်းမျက်နှာပျက်သွားသည်။

'ဟင်....သွေးတွေပါလား'

ရှောင်မာ အားယူပြီးပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးကွယ် တော်ကြာတိတ်သွားလိမ့်မယ်၊ ကဲ.... လာ ကျောက်ဂူထဲကိုသွားရအောင်'

ပြောပြောဆိုဆို ယင်ကျင်းအား လက်ဆွဲကာခေါ်သွားလေသည်။ ယင်ကျင်းလည်း လိုက်ပါသွားရလေသည်။

ကျောက်ဂူထဲသို့ရောက်လျှင်....

'ကဲ....ထိုင်'

ယင်ကျင်းအား မြေပေါ်တွင် ထိုင်ခိုင်းလိုက်လေသည်။

ယင်ကျင်းလည်း အူကြောင်ကြောင်ဖြင့် ထိုင်ချလိုက်ရလေသည်။

ရှောင်မာက....

'စိတ်ကိုတည်ငြိမ်အောင်ထား၊ မျက်လုံးမှိတ်ထား၊ အသက်ကို မှန်မှန်ရှူ၊ ဝင်သက်ထွက်သက်ကိုမှတ်၊ မလှုပ်နဲ့၊ ငြိမ်ငြိမ်လေးနေ'

ယင်ကျင်းအား တင်ပျဉ်ခွေထိုင်စေကာ လိုအပ်သည်များကို တတွတ်တွတ်မှာကြားလိုက်လေသည်။

ထို့နောက်....

ယင်ကျင်း၏နောက်ကျောဘက်၌ ကပ်ကာ ထိုင်ချလိုက်သည်။

သူ၏လက်ဝါးနှစ်ဖက်ဖြင့် ယင်ကျင်း၏ကျောပြင်ကို ဖိကပ်ထားလိုက်လေသည်။

ရှောင်မာ၏အပြုအမူကို ယင်ကျင်း နားမလည်နိုင်အောင်ဖြစ်ရလေသည်။

အဘယ်ကြောင့် ထိုသို့ပြုလုပ်သည်ကို စဉ်းစား၍မရသော်လည်း အကြောင်းရှိမည်ဟုတွေးကာ ငြိမ်နေလိုက်လေသည်။

မကြာပါချေ။



ကျောပြင်တစ်ခုလုံး ပူနွေးလာပြီး အပူငွေ့တစ်ခုသည် ခန္ဓာကိုယ်တွင်းသို့ စိမ့်ဝင်လာကာ သွေးကြောများအတိုင်း တစ်ကိုယ်လုံးလှည့်ပတ်သွားသည်ဟု ခံစားရလေသည်။

ထိုအပူငွေ့ကြောင့် နေသာထိုင်သာရှိလာရုံမျှမက ခွန်အားများတိုးပွားလာသည်ဟုပင် ခံစားလာရလေသည်။

အပူငွေ့သည် ယုတ်လျော့သွားခြင်းမရှိဘဲ တစ်စထက်တစ်စ အားကောင်းလာလေသည်။

ယင်ကျင်း ထိတ်လန့်လာလေသည်။

သူ၏တစ်ကိုယ်လုံး ပြည့်ဖြိုးဖောင်းကားလာသည့်ဟူ၍လည်းကောင်း၊ ပေါ့ပါးလန်းဆန်းကာ အပေါ်သို့ကြွတက်သွားတော့မည်ဟုလည်းကောင်း ထင်မှတ်မိပြီး ရုန်းထွက်လိုစိတ်များပင် ဖြစ်ပေါ်လာလေသည်။

သို့သော်....

ရှောင်မာ မှာကြားထားသည့်စကားများကို သတိရလာပြီး စိတ်ကိုထိန်းချုပ်ထားလိုက်ရလေသည်။

သူ၏စိတ်များသည် တိုးဝင်လာသော အပူငွေ့အပေါ် အာရုံစိုက်နေသည်ဖြစ်ရကား ထိုအပူငွေ့စီးဆင်းသွားသည့်အတိုင်း စိတ်က လိုက်ပါသွားမိသကဲ့သို့ဖြစ်လာသည်။

ကြာသော် ပတ်ဝန်းကျင်ကိုပင် မေ့လျော့သွားတော့သည်။ အချိန်မည်မျှကြာသွားမှန်းမသိ။

'ဝုန်း'

ကျယ်လောင်သောအသံ ဘစ်ချက် ထွက်ပေါ်လာခေတာ့မှ ယင်ကျင်း သတိဝင်လာလေသည်။

ထိုင်ရာမှထကာ ရှောင်မာကို ကမျာကယာလှမ်းကြည့်လိုက်လေသည်။

ထိုအခါ....

ရှောင်မာသည် မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဦးလေးရှောင်....ဦးလေးရှောင်'

ယင်ကျင်း အထိတ်တလန့် ခေါ်လိုက်လေသည်။

ရှောင်မာ တုတ်တုတ်မျှမလှုပ်ချေ။

ယင်ကျင်းက ရှောင်မာကို ပွေ့ထူလိုက်၏။

ရှောင်မာ၏တစ်ကိုယ်လုံး ပျော့ခွေနေ၏။

'ဦးလေးရှောင်'

ယင်ကျင်း ဆို့နင့်စွာခေါ်လိုက်၏။

ရှောင်မာ ပြန်မထူးနိုင်တော့ပါ။ သေဆုံးနေပြီမဟုတ်ပါလား။



ယင်ကျင်းသည် ရှောင်မာ သေဆုံးနေသည်ကိုတွေ့ရလျှင် ဝမ်းနည်းကြေကွဲကာ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်လေသည်။

ကောင်းကင်ပေါ်တွင် တိမ်ဖြူအချို့ လေနှင့်အတူလွင့်မျောနေ၏။

အိပ်တန်းပြန်ငှက်ကလေးများက အသံစာစာပေးကာ ပျံသန်းသွားကြလေသည်။

ညနေဆည်းဆာအချိန်တွင် ဝန်းကျင်တစ်ခုလုံး လွမ်းဆွေးဖွယ်ကောင်းလှသည်ဟုပင် ထင်မှတ်ရလေသည်။

ထိုအချိန်တွင်....

လူရိပ်သုံးခုသည် တောအုပ်ထဲမှ ရိပ်ခနဲရိပ်ခနဲ ဖြတ်သန်းလာကြရင်း ကျောက်ဂူကြီးရှေ့သို့ ရောက်ရှိလာကြလေသည်။

ထိုလူရိပ်သုံးခုမှာ ကျင်းမင်၊ စန်းရယ်နှင့် ဟန်လင်းတို့ဖြစ်လေသည်။ သူတို့သည် ရှောင်မာ၏အခြေအနေကို တစ်ခေါက်လာကြည့်ကြခြင်း ဖြစ်လေသည်။

ကျောက်ဂူရှေ့သို့ရောက်လျှင် လက်နက်များဆွဲထုတ်ရန် ဟန်ပြင်လိုက်ကြ၏။

သို့သော်....

တိုက်ပွဲနှင့်ရင်ဆိုင်စရာမလိုတော့ကြောင်း ချက်ချင်းသဘော ပေါက်သွားကြ၏။ အကြောင်းမှာ ကျောက်ဂူရှေ့တွင် အသစ်စက်စက်မြေပုံတစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ကျောင်းမင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ဟန်လင်း ပြုံးလိုက်သည်။

'ကျုပ်ပြောတယ်မဟုတ်လား၊ ကျုပ်ရဲ့စုတ်တံနဲ့တိုက်ခိုက်ခံရပြီးရင် သက်ဆိုးမရှည်နိုင်ဘူးဆိုတာလေ'

စန်းရယ်က....

'အခုင်တစ်ခါတုန်းက ခုထက်တောင် ဒဏ်ရာများသေးတယ်၊ သူသေသွားပြီထင်လို့ ကျုပ်တို့ထားပစ်ခဲ့ကြတာ၊ သူ့အသက်ရှင်သေးခဲ့တာပဲ မဟုတ်လားဗျ'

ကျောင်းမင်းက ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ သိပ်ပြီး စိတ်ချရတာမဟုတ်ဘူး'

ဟန်လင်းက...



'ဒါဖြင့် ခင်ဗျားတို့ ဘယ်လိုလုပ်ချင်သလဲ'

စန်းရယ်နှင့်ကျောင်းမင်းတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပြီးမှ....

'မြေပုံကိုတူးဖော်ကြည့်ရအောင်'

ဟုပြိုင်တူပြောလိုက်ကြလေသည်။

ဟန်လင်းက သဘောတူလိုက်သည်။

'ခင်ဗျားတို့ ကြိုက်သလိုလုပ်နိုင်ပါတယ်ဗျာ'

သုံးယောက်သား မြေပုံကို တူးဖော်ကြည့်လိုက်ကြလေသည်။

မကြာပါချေ။

မြေပုံထဲမှ ရှောင်မာ၏အလောင်း ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ကျောင်းမင်း သက်ပြင်းချလိုက်သည်။

'ဒီတစ်ခါတော့ သူတကယ်ပဲ သေဆုံးသွားတာပါပဲလား'

ဟု ရေရွတ်လိုက်လေသည်။

စန်းရယ်က....

'ကျုပ်တို့အတွက် နောက်ထပ်စိုးရိမ်စရာ မရှိတော့ဘူးပေါ့ဗျာ'

ဟန်လင်းက....

'သူ သေသွားတာကို ကျုပ်တော့ဘဝင်မကျဘူး'

ကျင်းမင် မျက်မှောင်ကြုတ်သွားလေသည်။

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ မြို့ဝင်ဘက်ကင်းသိုင်းကျမ်းနဲ့ ပတ်သက်ပြီး လမ်းစပျောက်သွားလို့ပေါ့'

ကျင်းမင်က....

'ကျုပ်က ပြိုင်ဘက်ကင်း သိုင်းကျမ်းကိုလိုချင်လို့ မိတ်ဆွေတစ်ယောက်အပေါ် သစ္စာဖောက်လိုက်မိတယ်၊ ကျုပ်ရဲ့ဆန္ဒပြည့်ဝခဲ့တာလဲ မဟုတ်ဘူး၊ ဒီကိစ္စကို မေ့ပစ်လိုက်ချင်တော့တာပဲ'

ဟု ညည်းတွားလိုက်လေသည်။

ဟန်လင်းက....

'ခင်ဗျား နောင်တရနေတာလား'

ကျင်းမင်က ဘာမှမပြောဘဲ နေလိုက်လေသည်။

ဟန်လင်းက....

'ခင်ဗျား နောင်တရနေပြီဆိုရင်လဲ ခင်ဗျား သဘောပဲ၊ ကျွန်တော်ဆက်ပြီး ကြိုးစားရဦးမှာပဲ'



'ဘာ....ဘယ်လို....ဆက်ပြီးကြိုးစားမယ်၊ ဟုတ်လား'

ကျင်းမင်က ကြောင်အမ်းအမ်းဖြင့် မေးလိုက်လေသည်။

ဟန်လင်းက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

'ရှောင်မာက သေသွားပြီ၊ ဘယ်လိုလုပ်ပြီး ဆက်ကြိုးစားမှာလဲ'

'ဟား....ဟား....ဟား'

ဟန်လင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

ကျင်းမင်က မကျေမနပ် ဖြစ်သွားလေသည်။

'ခင်ဗျား ဘာရယ်တာလဲဗျ'

ဟု မေးလိုက်လေသည်။

ဟန်လင်းက....

'ရှောင်မာဟာ ကျုပ်တို့ထားပစ်ခဲ့ပေမယ့် မသေဘဲ နှစ်ပေါင်းများစွာ ဆက်ပြီး အသက်ရှင်နေနိုင်တာဟာ တစ်ယောက်ယောက်က သူ့ကိုကူညီခဲ့လို့ ဖြစ်ရမှာပေါ့'

စန်းရယ်လည်း စိတ်ဝင်စားလာလေသည်။

'ဘယ်သူကများ ရှောင်မာကိုကူညီခဲ့တာလဲ၊ ပြောစမ်းပါဦးဗျ'

ဟု ဝင်မေးလေသည်။

ဟန်လင်းက...

'ဘယ်သူရှိမလဲ၊ ကျုပ်တို့တွေ့ခဲ့ရတဲ့ကောင်လေးပဲ ဖြစ်မှာပေါ့'

'ဟင်...'

'ဟာ...'

ကျင်းမင်နှင့် စန်းရယ်တို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

အမှန်တော့ ဟန်လင်းသည် စိတ်ထဲထင်မိသည်ကို ပြောလိုက်ခြင်း ဖြစ်သည်။

ယင်ကျင်းကား မမျှော်လင့်ဘဲ စိတ်ဝင်စားစရာ ကောင်းသူ တစ်ယောက် ဖြစ်သွားရလေတော့သည်။

စန်းရယ်နှင့် ကျင်းမင်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။

တစ်ဖန် ဟန်လင်းကို ကြည့်လိုက်ကြလေသည်။

ဟန်လင်းသည် တည်ကြည်သော မျက်နှာထားဖြင့် ရှိနေသည်။

ကျင်းမင်က...



'ကျုပ်တို့တွေ့ခဲ့ရတဲ့ ကောင်လေးဟာ ဘယ်သူလဲဗျ'

ဟု မေးလိုက်လေသည်။

ဟန်လင်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်လဲ မသိဘူး၊ ဒါပေမယ့် သူ့ကို ကျုပ်တို့ သုံးယောက်စလုံး တွေ့ခဲ့ကြရတာပဲ'

ကျင်းမင်သည် ရှောင်မှ၏အလေ့အခင်းကို တွေ့လိုက်ရပြီဖြစ်၍ ပူပန်ခြင်း မရှိတော့ပေ။

ရှောင်မှာနှလုံးပြီး အခြားမည်သူပင်ဖြစ်စေ ရင်ဆိုင်ဖို့ သူကဝန်မလေးပါချေ။

'ကောင်းပြီလေ၊ လိုက်ရှာကြတာပေါ့'

ဟု သဘောတူလိုက်လေသည်။

ရှောင်မာနှင့် ပတ်သက်နေသူဖြစ်၍သာ ရှောင်မာ၏အလေ့အခင်းကို မြုပ်နှံသင်္ဂြိုဟ်ပေးခြင်းဖြစ်ကြောင်းလည်း ယူဆထားကြသည်။

သို့ဖြစ်၍ လက်နက်များဆွဲထုတ်လိုက်ကြပြီး ကျောက်ဂူကြီးအတွင်း၌ ဝင်ရောက်ရှာဖွေလိုက်ကြလေသည်။

ယင်ကျင်း၏ အရိပ်အယောင်ကိုပင် ရှာမတွေ့ပါချေ။

သုံးယောက်သား ကျောက်ဂူအပြင်ဘက်သို့ထွက်ကာ အနီး ပတ်ဝန်းကျင်၌ လိုက်ရှာကြပြန်သည်။

ယင်ကျင်းအား ရှာမတွေ့သောအခါ ဒေါပွသွားကြလေသည်။

'ဒီကောင်လေးတော့ ထွက်ပြေးသွားပြီ၊ သူ့ကိုတွေ့အောင် ရှာရမယ်'

ဟု သုံးယောက်သား ပြိုင်တူကြွေးကြော်လိုက်ကြလေတော့သည်။

ရှောင်မာ ပြောသကဲ့သို့ ယင်ကျင်းတွင် အန္တရာယ်ရှိနေပြီ ဖြစ်လေသည်။

* * *

မိန်းမဆိုး

---

ကျင်းမင်တို့သည် ကျောက်ဂူကြီးဆီသို့ ပြန်လည်ရောက်ရှိလာကြသည့်အဖြစ်ကိုလည်းကောင်း၊ မိမိအားလိုက်လံရှာဖွေရန် ဆုံးဖြတ်လိုက်ကြသည်ကိုလည်းကောင်း ယင်ကျင်းမသိပါချေ။

သေဆုံးသွားပြီဖြစ်သော ရှောင်မာ၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီးနောက် ကျောက်ဂူကြီးကိုကျောခိုင်းကာ ထွက်လာခဲ့လေသည်။

ယင်ကျင်းသည် ထွက်သာထွက်လာခဲ့သော်လည်း ရှတ်တရက် မည်သည့်နေရာသို့သွားရမည်ဆိုသည်ကို ဝေခွဲ၍မရနိုင်သေးပါချေ။

သူ၏မိဘအရင်းများအကြောင်းကို စုံစမ်းရဦးမည်ဖြစ်သည်။ ထိုကိစ္စသည်လည်း သူ၏ဘဝတွင် အလွန်အရေးပါသောကိစ္စ ဖြစ်လေသည်။

မိဘများ၊ မည်သူမည်ဝါဖြစ်ကြောင်း၊ အဘယ်ကြောင့် သူ့အား စွန့်ပစ်ခဲ့ကြောင်း စသည် စသည့်လျှို့ဝှက်ချက်များကို စုံစမ်းဖော်ထုတ်ရပေလိမ့်မည်။

ထိုမျှမကသေး။

မမျှော်သင့်ဘဲ တွေ့ဆုံခဲ့ရသည့် ရှောင်မာ၏အကူအညီတောင်းသည့်ကိစ္စကိုလည်း မဖြစ်မနေ ဆောင်ရွက်ပေးရလိမ့်မည် ဖြစ်လေသည်။

ယင်ကျင်းသည်တောလမ်းအတိုင်းလျှောက်လာရင်းအရှေ့ဘက်ခပ်လှမ်းလှမ်းတွင် မြို့ကလေးတစ်မြို့ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်ကျင်း ဝမ်းသာသွားလေသည်။

သူက လမ်းခရီးကို သေသေချာချာ စုံစမ်းလေ့လာပြီးမှ ခရီးထွက်လာခဲ့ခြင်းဖြစ်လေသည်။

အရှေ့ဘက်၌ရှိနေသော မြို့ကလေးသည် ချောင်လေမြို့ဖြစ်ပြီး ထိုချောင်လေမြို့မှ ရှေ့ခရီးဆက်လိုက်လျှင် လုံရှမ်းမြို့သို့ ရောက်သွားလိမ့်မည်ဖြစ်သည်။



လုံရှမ်းမြို့၌ ဝမ်းဆွဲသည်ကြီးစန်းကူးအား တွေ့အောင်ရှာရမည်ဖြစ်သည်။

စန်းကူးကိုတွေ့ရလျှင် သူ၏ဘဝမှန်ကို သိရလိမ့်မည်မဟုတ်ပါလား။

ယင်ကျင်းသည် ချောင်လေမြို့သို့ အရောက်သွားလိုက်လေသည်။

ချောင်လေမြို့၌ ခေတ္တရပ်နားကာ စားသောက်ပြီးလျှင် ရှေ့ခရီးဆက်ရန် စိတ်ကူးထားလေသည်။

မြို့ကလေးမှာ သေးငယ်သော်လည်း စည်စည်ကားကားရှိနေ၏။ လမ်းပေါ်တွင် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟိုသွားလာနေကြလေသည်။

ဈေးသည်များ၏ ဝယ်ပါယူပါ ခေါ်သံများကလည်း စီစီညံနေသည်။

ယင်ကျင်းသည် ဟိုဟိုသည်သည်ငေးမောကြည့်ရင်း မင်းလမ်းကြီးအတိုင်း လျှောက်လာခဲ့လေသည်။

သို့ဖြင့် တစ်နေရာသို့အရောက်တွင် စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရလေသည်။

ထိုစားသောက်ဆိုင်မှ ကြော်လှော်ချက်ပြုတ်နေသော အနံ့အသက်များသည် မွှေးကြိုင်နေကာ လမ်းပေါ်သို့တိုင် လွင့်ပျံ့လာလေသည်။

ယင်ကျင်း အားပါးတရ ရှူရှိုက်လိုက်သည်။

သူ၏ဝမ်းဗိုက်ထဲ၌ တကြုတ်ကြုတ်မြည်ကာ ဆာလောင်လာလေသည်။

ယင်ကျင်းသည် ထိုဆိုင်လေး၌ပင် ဝင်ရောက်စားသောက်ရန် စိတ်ကူးလိုက်လေသည်။

စားသောက်ဆိုင်ဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'အစ်ကို....အစ်ကို'

ခေါ်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်း ခြေလှမ်းရပ်သွားပြီး လှည့်ကြည့်လိုက်၏။

မိန်းကလေးတစ်ယောက်က သူ၏အနီးသို့ ချက်ချင်းရောက်လာ၏။ ထိုမိန်းကလေးသည် အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။

ဆံကေသာများကို ကျစ်ဆံမြီးရှည်ကျစ်ကာ ပခုံးနှစ်ဖက်တွင်ချထားသည်။

မျက်ခုံးကောင်းကောင်း၊ မျက်နှာဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်းလေးနှင့် ချစ်စရာကောင်းသူလေးဖြစ်လေသည်။

ထိုမိန်းကလေးသည် ယင်ကျင်း၏လက်မောင်းကို ဆုပ်ကိုင်ကာ....



'အစ်ကို ဘယ်တွေလျှောက်သွားနေတာလဲ၊ ကျွန်မဖြင့် အစ်ကို့ကိုရှာလိုက်ရတာ မောနေပြီ'

ဟု ပြောလာလေသည်။

ယင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

'ကျုပ်ကိုရှာနေတာ ဟုတ်လား'

'ဟုတ်တယ်လေ၊ အစ်ကိုဘာဖြစ်နေတာလဲ၊ လာ....လာ စားသောက်စရာတွေ မှာထားပြီးပြီ၊ တော်ကြာအေးကုန်တော့မယ်'

ဟု ပြောကာ ယင်ကျင်း၏လက်ကိုဆွဲပြီး စားသောက်ဆိုင်လေးဆီ ခေါ်သွားလေသည်။

ယင်ကျင်း ဘာမသိဘာမသိဖြင့် လိုက်ပါသွားရလေသည်။

တစ်ခဏအတွင်းမှာပင် နှစ်ယောက်သား စားသောက်ဆိုင်လေးထဲသို့ ရောက်သွားကြလေသည်။

ဆိုင်ထဲ၌ စားသောက်နေသူ အနည်းငယ်မျှသာရှိလေသည်။

မိန်းကလေးကပင်ဦးဆောင်ကာ စားပွဲတစ်လုံး၌ နေရာယူလိုက်ပြီးလျှင်ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ စားသောက်စရာများ မှာကြားလိုက်လေသည်။

ယင်ကျင်း မျက်မှောင်ကုတ်သွားလေသည်။

မိန်းကလေးသည် စားသောက်ဖွယ်ရာများကို အသင့်မှာထားပြီး အေးစက်ကုန်တော့မည်ဟုပြောခဲ့ပြီး ဆိုင်ထဲရောက်မှ စားစရာများမှာကြားနေသည်။

သူမ၏စကားသည် ရှေ့နောက်ညီညွတ်မှုမရှိဟုတွေးမိကာ သဘောမကျနိုင်အောင် ဖြစ်သွားလေသည်။

ဆိုင်လုလင်သည် မှာကြားထားသော စားသောက်ဖွယ်ရာများကို ယူလာပေးပါသည်။

မိန်းကလေးက....

'အစ်ကိုစားလေ၊ ဘာငိုင်နေတာလဲ'

ဟု ပြောလေသည်။

သူမကိုယ်တိုင်လည်း အားရပါးရယူကာ စားသောက်လိုက်သည်။ ယင်ကျင်းကား ဆာလောင်မွတ်သိပ်မှုများပင် ကွယ်ပျောက်နေ၏။

မိန်းကလေးအား ငေးကြည့်နေမိသည်။

မိန်းကလေးက စားသောက်ရင်း ယင်ကျင်းကိုမော့ကြည့်ကာ....

'အစ်ကို စားလေ၊ ဘာလုပ်နေတာလဲ'

ယင်ကျင်းက....

'ညီမ ကျုပ်ကိုသိလို့လား'



ဟု မေးလိုက်မိသည်။

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း...မသိဘူး'

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။

'ကျုပ်ကို မသိဘူးဆိုရင်....'

'ကျွန်မမှာ အခက်အခဲရှိနေလို့ရှင့်ကိုခေါ်လာရတာပေါ့၊ ကဲ....ရှင်းပြီးလား'

ယင်ကျင်း ငိုင်သွားလေသည်။

မိန်းကလေးက....

'ကဲ....စားစရာရှိတာ စားလိုက်စမ်းပါ၊ ရှင့်ပိုက်ဆံမပေးရပါဘူး၊ ကျွန်မပေးမှာပါ'

သူမသည်ကျွတ်ဆတ်ဆတ်မာကျောကျောလေးဖြစ်ကြောင်းထင်ရှား ပေါ်လွင်နေပါတော့သည်။

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မစားတော့ပါဘူး'

မိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

'ဒါတော့ ရှင့်သဘောပဲ'

ယင်ကျောင်းသည် မိန်းကလေးအား သေသေချာချာကြည့်လိုက်မိ၏။

မိန်းကလေးက သူ့အား အရေးမစိုက်ဘဲ အားရပါးရ စားသောက်နေပါသည်။

သူမသည် သူ့အားအလွန်ရင်းနှီးသည့်အသွင်ဖြင့် ဆက်ဆံလာခဲ့ပြီး စားသောက်ဆိုင်ထဲသို့ ခေါ်လာသည်။

ဆိုင်ထဲရောက်တော့မှ ပုံသဏ္ဍာန်ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

ယင်ကျောင်းသည် အတန်ကြာအကဲခတ်ပြီးမှ....

'မင်းမှာ ဘယ်လိုအခက်အခဲများရှိနေလို့လဲ'

ဟု မေးလိုက်လေသည်။

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ကျွန်မကိစ္စ ရှင်နဲ့မဆိုင်ဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလာသည်။

ယင်ကျောင်း မကျေမနပ်ဖြစ်သွားလေတော့သည်။

'ကောင်းပြီ....ကျုပ်နဲ့ဘာမှ မဆိုင်တဲ့ကိစ္စထဲ ကျုပ်ဘာမှ ပါဝင်ပတ်သက်နေစရာ မလိုဘူး'

စကားဆုံးလျှင် ထိုင်ရာမှထရန် ဟန်ပြင်လိုက်၏။



ထိုစဉ် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဆိုင်ထဲသို့ လူသုံးယောက် ပြေးဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်သည် ဆိုင်ထဲရောက်လာလျှင် ဟိုဟိုသည်သည် ရှာဖွေလိုက်ကြပြီး မိန်းကလေးအားတွေ့မြင်သွားသည်နှင့် ချက်ချင်းလှမ်းလာကြလေသည်။

မိန်းကလေးမျက်နှာ ပျက်သွားလေသည်။

ချက်ချင်းပင် ယင်ကျောင်းအား မျက်နှာချို သွေးလိုက်လေသည်။

'အင်း....ဟင်း၊ အစ်ကိုက ကျွန်မကိုစိတ်ဆိုးသွားတာပေါ့လေ၊ ကျွန်မက တမင်ကျီစယ်တာပါရှင်'

'ဟင်'

အပြောင်းအလဲမြန်လှသော မိန်းကလေးကြောင့်ယင်ကျောင်း အံ့ဩသွားရလေသည်။

မိန်းကလေးက....

'အစ်ကို....ညီမကိုစိတ်ဆိုးနေတုန်းပဲလားဟင်၊ ညီမကျီစယ်မိတာကို ခွင့်လွှတ်ပါနော်၊ ကဲပါအစ်ကိုရယ် ထိုင်ပါဦး၊ စားစရာရှိတာ စားပါဦး'

ယင်ကျောင်း၏လက်ကိုဆွဲကာ အတင်း ထိုင်ခိုင်းလေသည်။

ယင်ကျောင်းက....

'မင်း ဘယ်သူလဲ၊ ဘာတွေပြောနေတာလဲ၊ မင်းကိုကျုပ် မသိရပါလား'

ဟု ပြောလိုက်သည်။

မိန်းကလေး မျက်နှာလေးငယ်သွားလေသည်။

'ကျွန်မနာမည် ဆွေအင်းလို့ ခေါ်ပါတယ်ရှင်၊ လူတချို့က ကျွန်မကိုလိုက်ပြီးနှောင့်ယှက်နေကြပါတယ်၊ ဒါကြောင့် အစ်ကိုနဲ့ ရင်းရင်းနှီးနှီးနေပြလိုက်တာပါ၊ ဒါမှသူတို့ နောက်ဆုတ်သွားကြမယ် မဟုတ်လားရှင်'

ယင်ကျင်း ငိုင်သွားသည်။

သူမပြောသည့်အတိုင်း မှန်ကန်နေပါက ကူညီသင့်သည်ဟု တွေးမိလာလေသည်။

'သူတို့က ဘာကြောင့် မင်းကိုလိုက်ပြီး နှောင့်ယှက်နေရတာလဲ'

ဟု မေးလိုက်လေသည်။

မိန်းကလေး(ဝါ)ဆွေအင်းက...

'ကျွန်မက သူတို့ရဲ့ပစ္စည်းတစ်ခု ခိုးယူခဲ့တယ်လို့ အထင်မှားနေကြတယ်လေ'

ယင်ကျင်း မျက်လုံးမှုံးသွားသည်။

'ပစ္စည်းခိုးတာ'

'ဟုတ်ပါတယ်ရှင်'

'ဒါထက်...မင်းက....'

မိန်းကလေး မျက်နှာငယ်သွားလေသည်။

'ကျွန်မ သူများပစ္စည်းကို ဘယ်တုန်းကမှ မခိုးဖူးပါဘူးရှင်၊ ကျိန်ဆိုရင် ကျိန်ရဲပါတယ်၊ အပ်တိုတစ်ချောင်းတောင်မှ...'

သူမ၏စကား ဘစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။



ထိုလူသုံးယောက်သည် သူတို့အနီးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

မိန်းကလေးသည် အသားဟင်းတစ်တုံးကို ခပ်ယူကာ ယင်ကျင်း၏ပန်းကန်ထဲသို့ထည့်ပေးလိုက်လေသည်။

'အစ်ကိုစားလေ၊ သိပ်အရသာရှိတာပဲ'

သူမ၏မျက်နှာ ပြုံးရွှင်နေသည်။

သူမ၏စကားသံမှာ ပျားသကာအလား ချိုမြိန်နေလေသည်။

ယင်ကျင်းက အသားဟင်းကိုမစားဘဲ အနီးသို့ရောက်လာသူ သုံးယောက်အား ကြည့်လိုက်လေသည်။

ထိုလူသုံးယောက်သည် သူတို့နှစ်ယောက်အား စူးစူးရဲရဲ အကဲခတ်နေကြ၏။

ယင်ကျင်းနေမထိထိုင်မသာ ဖြစ်လာပြီး....

'နောင်ကြီးတို့က'

ထိုလူသုံးယောက်အနက် တစ်ယောက်က စကားစလာလေသည်။

'ကျုပ်တို့ဟာ ငွေပုလဲစံအိမ်ကပါ၊ ကျုပ်တို့ စံအိမ်က အဖိုးတန်ပစ္စည်းခိုးယူသွားတဲ့ မိန်းကလေးတစ်ယောက်ကိုလိုက်ရှာနေကြတာပါ'

ဟု ပြောလာလေသည်။

ယင်ကျင်းက....

'ဩြော်...နောင်ကြီးတို့ ရှာလို့တွေ့ပြီလားဗျာ'

ထိုလူက....

'ကျုပ်တို့ဟာ ငွေပုလဲစံအိမ်ကို ကျူးကျော်ဝင်ရောက်ခဲ့တဲ့ မိန်းကလေးနဲ့ ပုံသဏ္ဍာန်တူတဲ့ မိန်းကလေးတစ်ယောက်ကို တော့ တွေ့ထားပါပြီ၊ အဲဒါ သူပါပဲ'

ဆွေအင်းကို ညွှန်ပြကာ ပြောလေသည်။

ဆွေအင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'အစ်ကို၊ ကျွန်မကို မတရားစွပ်စွဲနေကြပါလား၊ ဒုက္ခပါပဲ၊ ဖြေရှင်းပေးပါဦး အစ်ကိုရယ်'

အလွန်အပြစ်ကင်းစင်သော သနားစဖွယ် ကောင်းသော အသံမျိုးဖြင့် ပြောလေသည်။

သူမ မျက်နှာလေးငယ်နေသည်။ အလွန်ကြောက်ရွံ့ ထိတ်လန့်နေသော အသွင်လည်း ရှိလေသည်။

ယင်ကျင်း မနေသာပါတော့ချေ။

'နောင်ကြီးတို့ လူမှားနေပြီ ထင်ပါတယ် ခင်ဗျာ'

ဟု ကောင်းကောင်းမွန်မွန် ပြောလိုက်လေသည်။

ထိုလူသုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။ တစ်ဖန် ယင်ကျင်းဘက်သို့လှည့်ကာ တစ်ယောက်က....

'ကျုပ်တို့လိုက်ရှာနေတဲ့ မိန်းကလေးရဲ့နာမည်ဟာ 'ဆွေအင်း'လို့ ခေါ်ပါတယ်၊ သူဟာ ငိုမိဂိုဏ်းမှာ သိုင်းပညာ သင်ကြားခဲ့ပြီး အကျင့်မကောင်းလို့ ဂိုဏ်းထဲကထုတ်ပယ်ခံခဲ့ရပါတယ်၊ 'ဆွေအင်း'ဟာ ငိုမိဂိုဏ်းကထွက်ပြီး သိုင်းလောကမှာ စောရတစ်ယောက်အဖြစ် ကျင်လည်ကျက်စားခဲ့ပါတယ်၊ ကျုပ်တို့ငွေပုလဲစံအိမ်သခင်ကြီးရဲ့ မွေးနေ့ပွဲမှာ သူရောက်လာ



ပါတယ်၊ လူစည်ကား ရှုပ်ထွေးနေတာကိုအခွင့်ကောင်းယူပြီး ငွေပုလဲစံအိမ်က အဖိုးတန်ပစ္စည်းတစ်ခုကို ခိုးယူသွားပါတယ်'

ဟု အဖြစ်အပျက်ကို ရှင်းပြလေသည်။

ထိုလူသုံးယောက်သည် လူကောင်းများ ဖြစ်ကြောင်းသိလိုက်ရသဖြင့် ယင်ကျင်း စိတ်အေးသွား၏။

သို့သော်....

ဆွေအင်းသည် စောရမိန်းကလေး တစ်ယောက် ဖြစ်ကြောင်း သိလိုက်ရသောအခါ စိတ်မကောင်း ဖြစ်သွားလေသည်။

ယင်ကျင်းသည်ဆွေအင်းကိုငေးကြည့်နေမိလေတော့သည်။

ဆွေအင်းက....

'အစ်ကို....စားလိုက်ဦးလေ'

ဟု ပြောကာ ယင်ကျင်း၏ပန်းကန်ထဲ အသားဟင်းများ ခပ်ထည့်ပေးနေသည်။

ယင်ကျင်း၏ပန်းကန်ထဲ၌ အသားဟင်းများဖြင့် ပြည့်လျှံသွားလေတော့သည်။

ယင်ကျင်း သက်ပြင်းချလိုက်သည်။

ငွေပုလဲစံအိမ်မှ လူသုံးယောက်ကို ဦးညွှတ်လိုက်ပြီး....

'ကဲ....နောင်ကြီးတို့ လူမှားနေပြီ ထင်ပါတယ်၊ ကျွန်တော်တို့ မောင်နှမဟာ လုံရှမ်းမြို့ကိုသွားမယ့် ခရီးသည်တွေပါ ခင်ဗျာ'

ဟု ပြောလိုက်လေသည်။

ထိုလူသုံးယောက် တွေဝေသွားကြလေသည်။

တစ်ယောက်က....

'မင်းတို့ ဘယ်လိုသဘောရသလဲ'

ဟု မေးလေသည်။

အခြားတစ်ယောက်က....

'ဆွေအင်းဟာ ယောကျ်ားတွေကို အသေအလဲမုန်းတီးတယ်၊ ဘယ်ယောကျ်ားနဲ့မှ မပတ်သက်ဘူး၊ မဆက်ဆံဘူးလို့ သတင်းကြီးနေတာ လူတိုင်းသိတယ်၊ သူဟာ ယောကျ်ားလေး တစ်ယောက်နဲ့ တစ်စားပွဲထဲမှာ အတူတူထိုင်ပြီး စားသောက်မှာ မဟုတ်ဘူး'

ကျန်တစ်ယောက်က....

'လူတူမှရှား နာမည်တူမရှားဘဲ တို့လူမှားနေပြီထင်တယ်၊ သွားကြစို့'

'ကောင်းပြီ'

သူတို့သည် ယင်ကျင်းအား နှုတ်ဆက်လိုက်ကြပြီး ဆိုင်ထဲမှ ထွက်သွားကြလေတော့သည်။

* * *

ငွေပုလဲစံအိမ်မှ လူသုံးယောက် ထွက်သွားကြပြီ ဖြစ်လေသည်။ ယင်ကျင်းပင့်သက်ရှိုက်လိုက်မိသည်။

မမျှော်လင့်ဘဲ ဆွေအင်းဆိုသော မိန်းကလေးတစ်ယောက်နှင့် တွေ့ဆုံပတ်သက်မိရလေသည်။



ထိုမိန်းကလေးသည် စောရမယ်လေး ဖြစ်နေသည်။

ယောကျ်ားများကို အလွန်မုန်းတီးသူလေးတစ်ယောက်ဖြစ်နေသည်။ ယင်ကျင်းသည် ဆွေအင်းကို စိုက်ကြည့်လိုက်မိလေသည်။

ဆွေအင်းက အဘယ်ကြောင့် သူ့အား တရင်းတနှီး ဆက်ဆံနေသည်ကိုလည်း နားလည်သဘောပေါက်လာသည်။

ယောကျ်ားပျိုလေးတစ်ယောက်နှင့် တရင်းတနှီးနေသည်ကို မြင်လျှင် သူမသည် ဆွေအင်း မဟုတ်နိုင်ဟု မည်သူမဆို ယူဆသွားကြလိမ့်မည် မဟုတ်ပါလား။

မည်သို့ဆိုစေ....

ဆွေအင်းက သူ့အား အသုံးချလိုက်သည်ကို သိရှိလိုက်သော်လည်း သူမအပေါ် စိတ်မဆိုးမိသဖြင့် ကိုယ့်ကိုကိုယ် အံ့ဩနေလေသည်။

ငွေပုလဲစံအိမ်မှ လူသုံးယောက် ထွက်သွားသည်နှင့်....

'ဟွန့်'

ဆွေအင်းသည် နှာခေါင်းရှုံ့လိုက်ပြီး လုံးဝမစားရသေးသည့် ယင်ကျင်း၏ပန်းကန်ကိုယူကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် လွှင့်ပစ်လိုက်လေသည်။

'ခွမ်း'

ပန်းကန်ကွဲသွားသောအသံ ထွက်ပေါ်လာလေသည်။

ယင်ကျင်း ကြောင်အမ်းအမ်း ဖြစ်သွားပြီး....

'မင်း ဘယ်လိုလုပ်လိုက်တာလဲ'

ဟု မေးလိုက်လေသည်။

ဆွေအင်းသည် ထိုင်ရာမှထကာ ခါးဆောက်လိုက်ပြီး....
'ရှင့်ကို ကျွန်မက ဟင်းခပ်ပြီးကျွေးရမှာလား'
ဟု ပြောလေသည်။
ယင်ကျောင်းက....
'ဟောဗျာ၊ ကျုပ်ပန်းကန်ထဲ ဟင်းထည့်ပေးပါလို့လဲ မပြောမိပါလား၊ မင်းဘာသာ ထည့်ပေးခဲ့တာ မဟုတ်လား'
'စကားမရှည်နဲ့၊ ကျွန်မမှာ အခက်အခဲရှိနေလို့ ရှင့်ကိုခုတုံးလုပ်ပြီး အကာအကွယ် ယူလိုက်တယ်ဆိုတာမှတ်ထား၊ ရှင့်ကို ဟင်းထည့်ကျွေးစရာအကြောင်း ဘာမှမရှိဘူး'
စကားဆုံးလျှင် ဆိုင်လုလင်တစ်ယောက်အား လှမ်းခေါ်လိုက်ပြီး ကျသင့်ငွေ ပေးချေလိုက်သည်။
ထို့နောက် ယင်ကျောင်းအား လုံးဝအမှုမထားဘဲ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။
ယင်ကျောင်း ဆက်ပြင်းချလိုက်သည်။
မိန်းမဆိုးလေး ဆွေအင်းနှင့် ဆုံတွေ့လိုက်ရခြင်းကြောင့် ဆာလောင်မှုတ်သိပ်မှုများပင် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။
ယင်ကျောင်းလည်း ထိုင်ရာမှထကာ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

* * *

## ပုန်းနေတဲ့လူ

---

လုံရှမ်းမြို့။
ယင်ကျောင်း လုံရှမ်းမြို့သို့ ရောက်ရှိလာသောအခါ ညနေသည်းဆာအချိန်သို့ပင် ရောက်ရှိနေပြီဖြစ်လေသည်။
လုံရှမ်းမြို့သည် စည်ကားလှသောမြို့ကြီးတစ်မြို့ ဖြစ်လေသည်။
ယင်ကျောင်းသည် ဖခင်ကြီး ယင်ကြိုင် မှားကြားခဲ့သော စကားသံများကို ပြန်လည်ကြားယောင်လာလေသည်။
ဝမ်းဆွဲသည်စန်းကူးသည် လုံရှမ်းမြို့အရှေ့ဘက် သူဌေးသူကြွယ်များ နေထိုင်သောအရပ်တွင် နေထိုင်လျက်ရှိကြောင်း သိရလေသည်။

စန်းကူးသည် သူ့အားမွေးဖွားပေးခဲ့သော ဝမ်းဆွဲသည်ကြီး ဖြစ်ပေသည်။

စန်းကူးနှင့်တွေ့ရလျှင် သူ၏မိခင်အကြောင်း သိရတော့မည်ဖြစ်၍ စိတ်လှုပ်ရှားလာလေသည်။

ယင်ကျင်းသည် လုံရှမ်းမြို့အရှေ့ပိုင်းသို့ ရောက်လာခဲ့လေသည်။

မြို့အရှေ့ပိုင်းတွင် ကျယ်ဝန်းသောခြံကြီးများ၊ အိမ်ကြီးအိမ်ကောင်းများ ရှိသေသည်။

စန်းကူးသည် မည်သည့်နေရာ၌ နေထိုင်ပါသနည်း။

ယင်ကျင်းသည် လမ်း၌တွေ့ရသူတစ်ယောက်အား စုံစမ်းမေးမြန်းလိုက်လေသည်။

'နောင်ကြီး၊ သူဌေးမကြီး စန်းကူးရဲ့အိမ် ဘယ်နေရာမှာလဲဆိုတာ သိရင် ပြောပြပါလားဗျာ'

ထိုလူက....

'အထည်ဆိုင်ကြီးဖွင့်ထားတဲ့သူဌေးမကြီးစန်းကူးကို ပြောတာလား'

ဟု ပြန်မေးသည်။

ယင်ကျင်း မည်သို့ပြောရမှန်းမသိဖြစ်သွားလေသည်။

ထိုလူက....

'အထည်ဆိုင်ရှင်သူဌေးမကြီး စန်းကူးဆိုရင်တော့ ဟိုတက်သုံးခြံကျော်က ခြံဝင်းမှာနေတယ်'

မလှမ်းမကမ်း၌ ခြံဝင်းတစ်ခုအား ညွှန်ပြကာ ပြောလေသည်။



ယင်ကျင်းက....

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ထိုခြံဝင်းသို့ သွားရောက်စုံစမ်းရန် ဆုံးဖြတ်လေသည်။

ခပ်သုတ်သုတ်လျှောက်သွားပြီး ခြံဝင်းရှေ့သို့ရောက်သွားသောအခါ အကဲခတ်ကြည့်လိုက်လေသည်။

ခြံဝင်းအတွင်း၌ ခမ်းနားထည်ဝါသော အဆောက်အအုံကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ခြံဝင်းတံခါးမကြီး ဟာလာဟင်းလင်းဖွင့်ထား၏။

ခြံဝင်းအတွင်း၌ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

ယင်ကျင်းသည် ဟိုဟိုသည်သည်ကြည့်ရင်း ခြံဝင်းထဲသို့ ဝင်လာခဲ့လေသည်။

ခမ်းနားထည်ဝါလှသည့် အဆောက်အအုံအနီးသို့ရောက်လျှင် အဆောက်အအုံထဲမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ လူ့ဘီလူးကြီးတစ်ကောင်ပမာ ထွားကျိုင်းသန်မာလှသည့် လူသန်ကြီးတစ်ယောက်ဖြစ်လေသည်။

ထိုလူသန်ကြီးသည် အလွန်အရေးကြီးသည့် အသွင်မျိုး ရှိနေ၏။

ယင်ကျင်းကို မမျှော်လင့်ဘဲတွေ့လိုက်ရလျှင် ခြေလှမ်းရပ်တန့်သွားလေသည်။

ယင်ကျင်းအား မျက်လုံးပြူးတာစိုက်ကြည့်ရင်း....

'မင်းဘယ်သူလဲ'

ဟု အသံဝါကြီးဖြင့် မေးလာလေသည်။
ယင်ကျစ်းရင်ထိတ်သွားသည်။
စားမတတ်ဝါးမတတ်ဖြင့် ကြည့်လာသော လူသန်ကြီးကြောင့် ယင်ကျင်း ချက်ချင်းထွက်ပြေးလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

'ကျွန်....ကျွန်တော်က ယင်ကျင်းပါ၊ သူဌေးမကြီး စန်းကူးဆီကို လာခဲ့တာပါဗျာ'
ဟု ကောင်းကောင်းမွန်မွန် ပြောလိုက်လေသည်။
လူသန်ကြီး မျက်နှာပျက်သွားသည်။
အဆောက်အအုံဘက်သို့လှည့်ကာ လေချွန်လိုက်လေသည်။
'ရှီ'

သူ၏ လေချွန်သံထွက်ပေါ်လာပြီး၊ မဝေးမနီးနှောင်းမှာပင် အဆောက်အအုံအတွင်းမှ လူတစ်ယောက် ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။
ထိုလူသည် ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိပြီး မျက်နှာပေါ်တွင် ကျောက်ပေါက်ရာအမာရွတ်များ ပြည့်နှက်နေသည်ကို တွေ့ရလေသည်။

ထိုကျောက်ပေါက်မာ၏လက်ထဲ၌ အထုပ်ကလေးတစ်ထုပ်ပါလာပြီး တခြင်ခြင်မြည်သံများထွက်ပေါ်နေ၏။
ကျောက်ပေါက်မာသည်....
'ဘာဖြစ်တာလဲ'
ဟု မေးရင်း ပြေးထွက်လာခြင်းဖြစ်လေသည်။



အိမ်အပြင်ဘက်သို့ ရောက်လာပြီး လူထန်ကြီးကိုသာမက ယင်ကျင်းကိုပါ တွေ့မြင်လိုက်ရသောအခါ မျက်နှာပျက်သွားပြီး....
'သူက ဘယ်သူလဲ'
ဟု မေးလာလေသည်။
လူသန်ကြီးက....
'သူဌေးမကြီးစန်းကူးကို လာရှာတာလေ'
'ဩော်'
ကျောက်ပေါက်မာက ဦးခေါင်းတဆတ်ဆတ်ညိတ် လိုက်သည်။
အဆောက်အအုံကြီးဆီသို့ လက်ညှိုးညွှန်ပြရင်း....
'အိမ်ထဲမှာ သူဌေးမကြီးရှိတယ်၊ သွားတွေ့လိုက်ပေါ့'
ဟု ပြော၏။
တစ်ဖန်....
'လာ...သွားကြစို့'
လူသန်ကြီးကိုပြောကာ ပြေးထွက်သွား၏။
လူသန်ကြီးကလည်းလိုက်ပါသွား၏။
နှစ်ယောက်သား လျင်မြန်စွာ ပြေးလွှားသွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

* * *

လူသန်ကြီးနှင့် ကျောက်ပေါက်မာတို့ ထွက်သွားကြပြီဖြစ်လေသည်။

ယင်ကျော်း အံ့ဩနေသည်။

'ဘယ်လိုလူတွေပါလိမ့်၊ ဘာကြောင့်များဒီလောက်တောင် အရေးတကြီး ဖြစ်နေရတာလဲ'

ဟု တွေးလိုက်မိလေသည်။

ထို့နောက် အဆောက်အအုံကြီးဆီသို့ လှမ်းသွားလိုက်လေသည်၊

အဆောက်အအုံ၏တံခါးမှာ ဟာလာဟင်းလင်းဖွင့်ထားသော်လည်း အသံဗလံများ မကြားရသလို လူရိပ်လူယောင် မတွေ့ရပါချေ။

ယင်ကျော်းသည် အိမ်ရှေ့၌ရပ်ကာ....

'အိမ်ရှင်တို့....အိမ်ရှင်တို့'

ဟု အော်ခေါ်လိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မကြာပါချေ။

'အု....အု'

အဆောက်အအုံအတွင်းမှ မသဲမကွဲမြည်သံ ထွက်ပေါ်နေသည်ကို ကြားလာရလေသည်။

ယင်ကျော်း အံ့ဩသွားသည်။

'ဘာသံပါလိမ့်'

အဆောက်အအုံအတွင်းမှ မသဲမကွဲအသံများကား ပျောက်ကွယ်သွားခြင်းမရှိဘဲ ပို၍ထွက်ပေါ်လာသည်။



အကြောင်းထူးတစ်ခုခုရှိနေပြီဖြစ်ကြောင်း ယင်ကျော်းသတိပြုမိသွား၏။

ထို့ကြောင့်....

'အိမ်ရှင်တို့...အိမ်ရှင်တို့'

ဟု တကြော်ကြော်ခေါ်ကာ အိမ်ထဲ လှမ်းဝင်လိုက်လေသည်။

ဤတွင်....

အိမ်ထဲ၌ ပစ္စည်းပစ္စယများ ရှုပ်ပွနေပြီး ကြိုးတုပ်ခံနေရသော လူတစ်ယောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူမှာ သူဌေးမကြီးစန်းကူးဖြစ်လေသည်။

* * *

ယင်ကျော်းသည် စန်းကူးအား ကြိုးဖြည်ပေးပြီး ပါးစပ်ထဲ၌ ဆို့ထားသော အဝတ်စကို ဖယ်ရှားပေးလိုက်လေသည်။

ထိုအခါမှ....

'အမယ်လေး၊ ငါ့ပစ္စည်းတွေတော့ ကုန်ပါပြီ'

စန်းကူးက ရင်ဘတ်စည်တီးကာ ငိုကြွေးလေတော့သည်။

ယင်ကျော်း ဗျာများသွားလေသည်။

'မငိုပါနဲ့ ဒေါ်ဒေါ်ရယ်၊ ဘယ်လိုဖြစ်တာလဲ'

စန်းကူးက....

'ဘာဖြစ်ရမလဲ၊ ဟို ကျောက်ဖြူနှင်းနဲ့ လူသန်ကြီးက ငါ့ အိမ်ကို ဓားပြတိုက်သွားတာပေါ့'

'ဗျာ'

'ကုန်ပြီ....ကုန်ပြီ၊ ငါ့ပစ္စည်းတွေ ကုန်ပြီ'

စန်းကူးက အော်ဟစ်ငိုကြွေးလိုက်ပြန်လေသည်။

ယင်ကျင်း သက်ပြင်းချလိုက်သည်။

'အင်း....ဓားပြတိုက်တာ ကျွန်တော် တွေ့ဖူးပါတယ်၊ ပစ္စည်းယူရုံတင်မကဘူး လူကိုပါသတ်ပစ်ကြတာ၊ ဒေါ်ဒေါ် အတော်ကို ကံကောင်းတာပဲ၊ ဓားပြဆိုတာမျိုးဟာ သူတို့ကို မှတ်မိသွားရင် ဓားပြမှုပေါ်မှာစိုးလို့ တစ်ခါတည်းနှုတ်ပိတ်ပစ် တတ်ကြတာ'

စန်းကူး၏ငိုသံ ချက်ချင်းရပ်တန့်သွားလေသည်။

ယင်ကျင်းကို မျက်လုံးပြူး၍ကြည့်ရင်း....

'မင်း မင်း တကယ်ပြောတာလား'

ဟု မေးလာသည်။

ယင်ကျင်းက....

'တကယ်ပေါ့၊ သူတို့က ဒေါ်ဒေါ့်ကို အသက်ချမ်းသာ ပေးသွားတာ ကံကောင်းတာပဲ၊ ပစ္စည်းဥစ္စာဆိုတာ ဆုံးရှုံး သွားရင် ပြန်ရှာလို့ရတယ်၊ လူ့အသက်ကတော့ ဆုံးရှုံးသွား ပြီဆိုရင် ဘယ်လိုမှ အစားပြန်မရနိုင်ဘူး'

စန်းကူး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။



'မင်းပြောတာမှန်တယ်၊ အသက်ရှင်နေရင် ပစ္စည်းဥစ္စာ ဆိုတာ ပြန်ရှာလို့ရတာပဲ၊ ကောင်းပြီ၊ ငါမငိုတော့ဘူး'

ယင်ကျင်း ယခုမှ သက်ပြင်းချနိုင်တော့သည်။

စန်းကူးသည် ယင်ကျင်းအား ခြေဆုံးခေါင်းဆုံး ကြည့် လိုက်ပြီး....

'နေပါဦး၊ မင်းကကော ဘယ်သူလဲ'

ဟု မေးလာလေသည်။

ယင်ကျင်းက ဦးညွှတ်လိုက်သည်။

'ကျွန်တော့်နာမည် ယင်ကျင်းလို့ ခေါ်ပါတယ်ခင်ဗျာ၊ အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် ဒေါ်ဒေါ့်ဆီကို လာခဲ့တာ ပါ'

စန်းကူးက....

'ဘယ်လိုကိစ္စများလဲ ပြောစမ်းပါဦး'

ယင်ကျင်းက စန်းကူးအား အကဲခတ်ကြည့်လိုက်သည်။

'ဒေါ်ဒေါ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်လောက်က ကျူးဟွီးမြို့မှာ ဝမ်းဆွဲသည်လုပ်ခဲ့ဖူးတယ် မဟုတ်လား ခင် ဗျာ'

'ဟင်....'

စန်းကူး အံ့ဩသွားလေသည်။

ယင်ကျင်းအား မယုံကြည်နိုင်စွာကြည့်ရင်း....

'မင်း....မင်း ဒီကိစ္စတွေကို ဘယ်လိုလုပ်ပြီးသိတာလဲ'

ယင်ကျင်း ဝမ်းသာသွားသည်။

ဖခင် ယင်ကြိုင် ပြောပြခဲ့သည့် ဝမ်းဆွဲသည် စန်းကူးအား တွေ့လိုက်ရပြီ ဖြစ်လေသည်။

စန်းကူးသည် ယခုတိုင် အသက်ထင်ရှား ရှိနေသေးသည်မှာ ကံကောင်းလှပေတော့သည်။

ယင်ကျင်းက ဦးညွှတ်လိုက်သည်။

'ဒေါ်ဒေါ်ဟာ မြင်းလှည်းသမား ယင်ကြိုင်ကိုလဲ သိမယ် ထင်ပါတယ် ခင်ဗျာ'

စန်းကူးသည် မျက်လုံးလေးပေကလပ် ပေကလပ်ဖြင့် စဉ်းစားနေပြီးမှ....

'မြင်းလှည်းမောင်းတဲ့ အရက်သမားယင်ကြိုင်ကို ပြောတာလား'

ဟု မေးလာလေသည်။

ယင်ကျင်း ပြုံးလိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ'

'နေပါဦး၊ မင်းက ဘယ်သူလဲ'

'ကျွန်တော်ဟာ ယင်ကြိုင်ရဲ့သား ယင်ကျင်းပါခင်ဗျာ'

'ခြော်....ယင်ကြိုင်လောက် မိုးမလင်းအောင် သောက်တဲ့ လူကိုယူမယ့်မိန်းမ ရှိသေးတာကိုး'

သူမသည် ယင်ကြိုင်၏အကြောင်းကို ကောင်းစွာသိရှိထားပုံရလေသည်။

ယင်ကျင်း ရယ်မောလိုက်သည်။

'ဖေဖေဟာ အိမ်ထောင်မပြုခဲ့ပါဘူးခင်ဗျာ'

'ဟော....'



စန်းကူးသည် အံ့သြသွားပုံရလေသည်။

'နေပါဦး၊ ယင်ကြိုင်က အိမ်ထောင်မပြုတဲ့ မင်းကို ဘယ်လို မွေးခဲ့တာလဲ'

'ကျွန်တော် ရှင်းပြပါ့မယ်၊ ဒေါ်ဒေါ်နဲ့ ကျွန်တော့် အဖေ ယင်ကြိုင်တို့ စမ်းချောင်းလေးတစ်ခုနံဘေးမှာ တွေ့ဆုံခဲ့တဲ့ ညတစ်ညကို ဒေါ်ဒေါ်မှတ်မိဦးမယ်ထင်ပါတယ်၊ ဒေါ်ဒေါ်ဟာ မွေးကင်းစ ကလေးတစ်ယောက်ကိုစွန့်ပစ်ဖို့ ကြိမ်ခြင်းတောင်းထဲ ထည့်ပြီး ယူသွားခဲ့ပေမယ့် ယင်ကြိုင်က အဲဒီကလေးကိုရယူ သွားခဲ့တဲ့ကိစ္စပါပဲ'

စန်းကူး မျက်လုံးပြူးသွားပြီး....

'မင်း....မင်း ဒီကိစ္စကို ဘယ်လိုလုပ်ပြီး သိနေတာလဲ'

ဟု တုန်လှုပ်ချောက်ချားစွာ မေးလာလေသည်။

ယင်ကျင်းက....

'ကျွန်တော့် အဖေ ယင်ကြိုင်က ပြောပြလို့သိခဲ့ရတာပါ'

'ဒါ....ဒါဖြင့် မင်းဟာ....'

'ကျွန်တော်ဟာ သူနဲ့သာမတွေ့ခဲ့ဘူးဆိုရင် ခုချိန်ထိအသက် ရှင်နေနိုင်တော့မှာ မဟုတ်ပါဘူး၊ ဒေါ်ဒေါ်စွန့်ပစ်လိုက်တဲ့ စမ်းချောင်းထဲမှာပဲ ရေနစ်သေဆုံးသွားရတော့မှာပါ'

စန်းကူး၏ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်သွားလေသည်။

ဓားပြတိုက်ခံရသည်ထက် ပို၍ဆိုးဝါးသော အပူမီးသည် သူမ၏ရင်ထဲ၌ တောက်လောင်လာပြီ ဖြစ်လေသည်။

သူမသည် အပြစ်မရှိသော ကလေးငယ်တစ်ယောက်အား စွန့်ပစ်ဖို့ ကြိုးစားခဲ့ဖူးသည်။

ထိုအပြစ်သည် သူမ၏ဘဝတစ်သက်တာအတွက် မည့်သည့်နည်းနှင့်မျှ ဖျောက်ဖျက်ပစ်၍ မရနိုင်သော အမည်းစက်ကြီး ဖြစ်နေသည် မဟုတ်ပါလား။

သူမ လက်စဖျောက်ရန် ကြိုးစားခြင်းခံရသော ကလေးသည် အရွယ်ရောက် ကြီးပြင်းကာ သူမ၏ရှေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနေပြီ ဖြစ်ပါသည်။

စန်းကူးသည် ယင်ကျင်းကို အထိတ်တလန့်ကြည့်ရင်း....

'မင်း....မင်းက ငါ့ကိုဒုက္ခပေးဖို့လာခဲ့တာပေါ့ ဟုတ်လား'

ဟု ကြောက်ရွံ့စွာမေးလေသည်။

ယင်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး၊ ဒေါ်ဒေါ့ကိုဒုက္ခမပေးဘူးလို့ ကျွန်တော်ကတိပေးပါတယ် ခင်ဗျာ'

'မင်း....'

'ကျွန်တော် တကယ်ပြောတာပါ'

စန်းကူးက....

'မင်း.... မင်းရဲ့မွေးစားအဖေ ယင်ကြိုင်ကတော့ ငါ့ကိုအတော်စိတ်ဆိုးသွားတယ်၊ ငါက မင်းကို ဒုက္ခပေးခဲ့တာပဲ၊ မင်းက ဘာကြောင့် ငါ့ကို ဒုက္ခမပေးဘူးလို့ ပြောရတာလဲ'

ယင်ကျင်း ပြုံးလိုက်သည်။

'ဒီကိစ္စကို ဒေါ်ဒေါ် မလုပ်ချင်ပဲ လုပ်ခဲ့ရတယ်ဆိုတာ ကျွန်တော် နားလည်ထားလို့ပါ'

စန်းကူး သက်ပြင်းချလိုက်လေသည်။



သူမသည် မလှမ်းမကမ်းရှိ ထိုင်ခုံတစ်လုံး၌သွားရောက်ထိုင်ချလိုက်လေသည်။

ယင်ကျင်းက အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

အတော်ကာလကြာတော့မှ စန်းကူးသည် ယင်ကျင်းဘက်သို့ လှည့်လာပြီးလျှင်....

'ယင်ကြိုင်က ကျုပ်ဆီကို လွှတ်လိုက်တာလား၊ သူဘယ်မှာလဲ'

ဟု မေးလာလေသည်။

ယင်ကျင်းသည် မွေးစားဖခင်ကြီးအား သတိရလာသဖြင့် စိတ်မကောင်း ဖြစ်လာလေသည်။

'ဖေဖေလွှတ်လိုက်တာမှန်ပါတယ်၊ ဖေဖေမရှိတော့ပါဘူး ခင်ဗျာ၊ ကွယ်လွန်သွားရှာပါပြီ'

'ဩော်...ယင်ကြိုင်တောင် သေသွားပြီးကိုး'

'ဟုတ်ပါတယ်ခင်ဗျာ'

'မင်း သူ့သေကာနီးမှာ အဖြစ်မှန်ကို ဖွင့်ပြောသွားခဲ့တာပေါ့ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'မင်းရဲ့ဘဝအကြောင်းကို သိချင်လို့ ငါ့ဆီကိုလာခဲ့တာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒေါ်ဒေါ် ပြောပြလိမ့်မယ်လို့လဲ ကျွန်တော်ယုံကြည်ထားပါတယ်ခင်ဗျာ'

စန်းကူး သက်ပြင်းချလိုက်ပြန်လေသည်။

သူမသည် အတော်ပင် နှောင်တရနေဟန်ရှိလေသည်။

'ဒီကိစ္စအတွက် ကျုပ်လဲ အတော်ပဲ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်ကွယ်၊ ဒါပေမယ့် အဲဒီအချိန်က သူတို့ဟာ ငွေယူမလား၊ အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းရွေးခိုင်းတော့ ကျုပ်လဲ ဘာမှမတတ်နိုင်လို့ ငွေကိုယူပြီး သူတို့စိတ်တိုင်းကျ လုပ်ပေးခဲ့ရတာပါ၊ အဲဒီအချိန်ကစပြီး ဝမ်းဆွဲအလုပ်ကိုလဲ စွန့်လွှတ်ခဲ့တာပါပဲကွယ်'

ဟု ပြောလာလေသည်။

ယင်ကျင်းတာ....

'သူတို့ဆိုတာ ဘယ်သူတွေလဲဟင်'

ဟု မေးလိုက်သည်။

စန်းကူးက....

'သူတို့ဟာ'

သူမသည် ယင်ကျင်းသိနေသော အတိတ်မှဖြစ်ရပ်များကို ပြောပြလိုက်လေတော့သည်။

* * *

ကျောက်စိမ်းပြား

---

'တုံ....တုံ'

အဝေးမှအုန်းမောင်းသံများ ထွက်ပေါ်လာသည်။

ညဥ့်နှစ်ချက်တီးပြီ ဖြစ်လေသည်။

စန်းကူးသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိနေစဥ်မှာပင်....

'ဒုန်း....ဒုန်း....ဒုန်း....ဒုန်း'

အိမ်တံခါးမကြီးအား ထုနှက်သော အသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထို့အပြင်....

‘ဒေါ်လေးစန်း၊ ဒေါ်လေးစန်း၊ ထစမ်းပါဦးဗျ’

အော်နှိုးလိုက်သော အသံများလည်း ထွက်ပေါ်လာလေသည်။

ထို့ကြောင့်လည်း စန်းကူးက လန့်နိုး လာ ရလေတော့သည်။

သူမသည် အိပ်ရာထဲမှ လူးလိမ့်ထကာ မီးအိမ်ကို ထွန်းညှိရင်း....

‘ဘယ်သူလဲ’

ဟု မေးလိုက်လေသည်။

အပြင်ဘက်မှ....

‘ကျွန်တော်ခွေးလေးပါ ဒေါ်လေးစန်း၊ ကိုယ်ဝန်ဆောင်တစ်ယောက် မီးဖွားတော့မှာမို့ ဒေါ်လေးစန်းကို လာခေါ်တာ အရေးကြီးတယ်၊ မြန်မြန်လိုက်ခဲ့ပါ’

ဟူ၍ ပြောဆိုလာခြင်းကြောင့် စန်းကူး ကပျာကယာ တံခါးဖွင့်ပေးလိုက်လေသည်။

အပြင်ဘက်တွင် ဆိုင်လုလင်အဝတ်အစားများ ဝတ်ဆင်ထားသောလူငယ်တစ်ယောက်နှင့် မှုန်ကုပ်ကုပ်မျက်နှာထားရှိသူတစ်ယောက်တို့ ရပ်နေကြသည်ကို တွေ့လိုက်ရလေသည်။

လူငယ်အား စန်းကူး ကောင်းစွာသိထား၏။

လူငယ်သည် သူမတို့လမ်းထဲမှဖြစ်ပြီး ရွှေနဂါးတည်းခိုခန်း၌ အလုပ်လုပ်နေသော ခွေးလေးဆိုသူ ဖြစ်လေသည်။

စန်းကူးက....

‘ခွေးလေး ကိုယ်ဝန်ဆောင်က ဘယ်မှာလဲ’



ဟု မေးလိုက်သည်။

ခွေးလေးက....

‘ကျွန်တော်တို့တည်းခိုခန်းမှာ တည်းခိုနေတဲ့ဧည့်သည်ပါ၊ အခုတည်းခိုခန်းမှာပဲ ကျန်ရစ်ခဲ့ပါတယ်၊ မြန်မြန်လိုက်ခဲ့ပါ ဒေါ်လေး စန်း’

‘ကောင်းပြီ ကောင်းပြီ၊ ငါလိုက်ခဲ့မယ်’

စန်းကူးသည် လိုအပ်သည့်ပစ္စည်းများကိုယူကာ အိမ်တံခါးပိတ်လိုက်ပြီး ခွေးလေးတို့နှင့်အတူ လိုက်သွားလေသည်။

သို့ဖြင့် ကိုယ်ဝန်ဆောင်ရှိနေသော ရွှေနဂါးတည်းခိုခန်းဆီသို့ ရောက်သွားခဲ့လေတော့သည်။

* * *

ရွှေနဂါးတည်းခိုခန်းသည် ကျူဟွေ့မြို့၏ အကောင်းဆုံးတည်းခိုခန်းတစ်ခု ဖြစ်လေသည်။

ကျယ်ဝန်းသောခြံဝင်းတစ်ခု၌ ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ခြံဝင်းအတွင်း၌ ပင်မတည်းခိုခန်း အဆောက်အအုံကြီးရှိပြီး ဝဲယာတစ်ဖက်တစ်ချက်တွင် သီးသန့်အိမ်ကလေးများ အစီအရီ ဆောက်လုပ်ထား၏။

ထိုအိမ်ကလေးများ၌ ငှားရမ်းတည်းခိုနိုင်ပြီး အစီအစဉ်အလိုက် အခန်းတစ်၊ အခန်းနှစ်၊ အခန်းသုံးဟု ခေါ်ဝေါ်လေသည်။

ခွေးလေးသည် စန်းကူးအား အခန်းအမှတ်သုံးဟုခေါ်သော သီးသန့်အိမ်ကလေးသို့ ခေါ်ဆောင်သွားလေသည်။

ထိုအိမ်ကလေး ရှေ့၌ အဖြူရောင်ဝတ်ဆင်ထားသူတစ်ယောက် ရပ်နေ၏။

ထိုလူမှာအလွန်မျက်နှာထားတင်းပြီးမျက်လုံးများအရောင်တဖိတ်ဖိတ် တောက်ပနေသည်ကိုကြည့်ကာ ရက်စက်ကြမ်းကြုတ်မည့်သူတစ်ယောက်ဟု စန်းကူးထင်လိုက်မိလေသည်။

ခွေးလေးအတူလိုက်လာသူက ထိုလူအားဦးညွှတ်လိုက်ပြီး....

'ဝမ်းဆွဲသည်ပါလာပါပြီ အစ်ကိုကြီး'

ဟု ပြောပြလိုက်လေသည်။

အစ်ကိုကြီးဆိုသူ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ သူ့ကိုအထဲခေါ်သွားပါ'

'ဟုတ်ကဲ့'

ထိုစဉ် အိမ်ထဲမှ အမျိုးသမီးတစ်ယောက်၏ ညည်းတွားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'မြန်မြန်လာ'

ထိုလူများက ခေါ်ဆောင်သွားသဖြင့် စန်းကူးလည်း ခပ်သွက်သွက်ပင် လိုက်ပါသွားလေသည်။



အိမ်ထဲသို့ ရောက်သွားသောအခါ မီးရောင်များ ထိန်ထိန်လင်းနေပြီး အမျိုးသမီးတစ်ယောက်သည် ခုတင်ပေါ်၌ လဲလျောင်းကာ ညည်းတွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအမျိုးသမီးအား တစ်ချက်ကြည့်လိုက်သည်နှင့် အချိန်ပိုင်းအတွင်းမှာပင် မွေးဖွားတော့မည်ဖြစ်ကြောင်း စန်းကူးရိပ်မိလိုက်သည်။

ထို့ကြောင့်....

'ကလေးမွေးတော့မယ်၊ ယောကျ်ားတွေ အပြင်ထွက်ကြပါ'

ဟု ပြောလိုက်သည်။

သူမသည် သာမန် ဝမ်းဆွဲသည်တစ်ယောက် ဖြစ်သော်လည်း ယခုအချိန်တွင် အားလုံးက သူမ၏စကားကို နာခံထောင်နေကြလေသည်။

အိမ်အပြင်ဘက်သို့ထွက်သွားပြီး တံခါးပိတ်ထားလိုက်ကြလေသည်။

စန်းကူးက ခုတင်ပေါ်မှ အမျိုးသမီးအနီးသို့ ချဉ်းကပ်သွားကာ....

'ညီမ ဘာမှမပူနဲ့၊ မမတစ်ယောက်လုံး အနားမှာရှိတယ်'

ဟု ပြောကာ မွေးဖွားနိုင်ရန် ကူညီပေးလိုက်သည်။

မကြာပါချေ။

'အူဝဲ....အူဝဲ'

ကလေးငိုသံ ထွက်ပေါ်လာသည်။

အမျိုးသမီးသည် ရှောရှောရှူရှူပင် မွေးဖွားနိုင်ခဲ့လေသည်။

စန်းကူးက ဝမ်းသာအားရဖြင့်....

'ယောကျ်ားလေးဟေ့၊ တစ်တုံးတစ်ခဲကြီးပဲ'

ဟု အော်ပြောလိုက်မိလေတော့သည်။

*　　*　　*

အမျိုးသမီးသည် မွေးဖွားပြီးခဲ့ပြီ ဖြစ်လေသည်။

စန်းကူးသည် ကလေးငယ်အား ရေမိုးချိုး သုတ်သင်သန့်ရှင်းပေးကာ အမျိုးသမီး၏ ရင်ခွင်ထဲ ထည့်ပေးလိုက် လေသည်။

'သားလေးရယ်....'

အမျိုးသမီးသည် ကလေးငယ်ကို တယုတယ ထွေးပိုက်ထားလိုက်လေသည်။ သူမသည် သားသမီးမေ့ဖြင့် နိုးတိုက်နေသည် ဖြစ်သော်လည်း အားအင်ကုန်ခန်းနေပါသည်။

စန်းကူးက....

'မဖြစ်သေးပါဘူး၊ ကလေးအတွက် စိတ်ချရပေမယ့် လူကြီးအတွက် လိုသေးတယ်၊ ပျားရည်နဲ့ဆိတ်နို့ ရှာခိုင်းဦးမှပါပဲ'



ဟု တွေးလိုက်မိသည်။

အမျိုးသမီးနှင့် ပတ်သက်နေကြသူများသည် အိမ်အပြင်ဘက်၌ရှိနေသဖြင့် သူမသည် လှမ်းထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'အစ်မကြီး'

အမျိုးသမီးသည် အလွန်အားနည်းနေသော လေသံဖြင့် ခေါ်လာ၏။ စန်းကူး ကပျာကယာ အနီးသို့ ချဉ်းကပ်လိုက်သည်။

'ညီမ ဘာဖြစ်လို့လဲ ပြောပါဦးကွယ်'

အမျိုးသမီးက....

'ကျွန်မရဲ့လည်ပင်းမှာ ဆွဲထားတဲ့လည်ဆွဲကို ဖြုတ်ပေးပါလား'

'ညီမ ဘာလုပ်မလို့လဲ'

'ကျွန်မသားလေးကို ဆွဲပေးချင်လို့'

'ကြြော်... ညီမရယ်'

စန်းကူး ညည်းတွားလိုက်သည်။

'နောက်မှဆွဲပေးလဲရတာပဲကွယ်၊ ကလေးဟာ....'

သူမ၏စကားမဆုံးမီ အမျိုးသမီးက တောင်းပန်လာလေသည်။

'အစ်မကြီးရယ် ကျွန်မသားလေးကို ကျွန်မရဲ့အရေးအကြီးဆုံး ပစ္စည်း ပေးအပ်ချင်လို့ပါရှင်'

စန်းကူး မနေနိုင်တော့ပါချေ။

‘ကောင်းပြီ ညီမလေး’

ချက်ချင်းပင် အမျိုးသမီး၏လည်ပင်း၌ ဆွဲထားသော ဆွဲကြိုးလေးကို ဖြုတ်ယူကာ ကလေးငယ်၏လည်ပင်း၌ ဆွဲလိုက်လေသည်။

ထိုဆွဲကြိုးလေးသည် ကလေးငယ်နှင့်မလိုက်ဘဲ ရှည်လျားကြီးမားနေ၏။

မည်သို့ဆိုစေ အမျိုးသမီး စိတ်ချမ်းသာစေရန် ပြုလုပ်ပေးလိုက်ခြင်း ဖြစ်လေသည်။

အမျိုးသမီးက....

‘ကျေးဇူးတင်လိုက်တာ အစ်မကြီးရယ်၊ ကျွန်မ....’

သူမစကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။ သူမသည် အားအင်ကုန်ခန်းနေသည် ဖြစ်ရကား ရုတ်တရက် သတိပင်မေ့မြောသွားလေသည်။

စန်းကူး ထိတ်လန့်သွားသည်။

ကပျာကယာ အပြင်ဘက် ပြေးထွက်လိုက်ပြီး....

‘လာကြပါဦး.... လာကြပါဦး’

ဟု အော်ခေါ်လိုက်လေသည်။

အပြင်ဘက်၌ လူသုံးယောက်က မလှုပ်မယှက် ရှိနေကြပါ၏။ ထိုလူသုံးယောက်အနက် အစ်ကိုကြီးဆိုသူက....

‘ဘာဖြစ်လို့လဲ’

ဟု မေးလာလေသည်။

စန်းကူးက....



‘မိန်းကလေးဟာ မီးဖွားလိုက်ရလို့ အားသိပ်နည်းနေတယ်၊ ခုလဲ သတိလစ်သွားပြီ၊ သူ့ကို ဆေးကုပေးဖို့ သမားတော် တစ်ယောက်ယောက်ကို အမြန်ဆုံးခေါ်ရလိမ့်မယ်’

အစ်ကိုကြီးဆိုသူက ခေါင်းခါယမ်းလိုက်သည်။

‘မလိုဘူး’

‘ဟင်....’

‘ကျုပ်ပြောရင် သေသေချာချာနားထောင်၊ ကျုပ်ရဲ့ညီမဘာမှမဖြစ်အောင် ကျုပ်တာဝန်ယူနိုင်တယ်’

‘သူ....သူက’

‘သူ့အတွက် အရေးမကြီးဘူး၊ အရေးကြီးတာက ကလေးပဲ၊ ကလေးကို ခင်ဗျားခေါ်သွား’

‘ရှင်’

‘ကလေးသေသွားပြီလို့ ကျုပ်ပြောလိုက်မယ်’

‘ဟာ....မဖြစ်နိုင်တာ’

စန်းကူး ခေါင်းခါယမ်းလိုက်လေသည်။

အစ်ကိုကြီးက သူမအား စိုက်ကြည့်လိုက်သည်။

သူ၏အကြည့်မှာ ကြောက်စရာကောင်းလှသည်ဟု ထင်ရလေသည်။

‘ခင်ဗျား သေသွားချင်သလား’

‘ဟင်....’

စန်းကူးက ကပျာကယာ နောက်ဆုတ်လိုက်၏။

အစ်ကိုကြီးက လက်ဝှေ့ယမ်းပြလိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသူ တစ်ယောက်က ရှေ့တိုးလာလေသည်။

ထိုလူ၏လက်ထဲ၌ အထုပ်ကလေးတစ်ထုပ် ကိုင်ထား၏။
ထိုအထုပ်ကလေးအား စန်းကူးကို လှမ်းပေးလိုက်သည်။
စန်းကူးက မဝံ့ရဲဖြစ်နေရာ...
'ခင်ဗျားအတွက်ပဲ၊ ခင်ဗျားယူပါ'
အစ်ကိုကြီးက လှမ်းပြောလေသည်။
စန်းကူးမနေဝံ့တော့ဘဲ အထုပ်ကလေးကိုယူလိုက်သည်။
'ဖွင့်ကြည့်လိုက်ပါဦး'
အစ်ကိုကြီးက ပြောပြန်ရာ ဖွင့်ကြည့်လိုက်ရလေသည်။
ထိုအခါ...
အထုပ်လေးထဲ၌ ရွှေဒင်္ဂါးများ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။
'ဟင်...'
စန်းကူး အံ့ဩသွားလေသည်။
အစ်ကိုကြီးက...
'ကျုပ်စကားကို နားထောင်ရင် ရွှေဒင်္ဂါးတွေဟာ ခင်ဗျား အတွက်ပဲ၊ ဒါမှမဟုတ်ရင်....'
သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။
ငွေထုပ်လာပေးသည့်လူက ခြိမ်းခြောက်မြည်အောင် ဓားတစ်လက် ဆွဲထုတ်လိုက်လေသည်။
'အမယ်လေး'
စန်းကူး ထိတ်လန့်သွားလေသည်။
ထိုလူက စန်းကူး၏ရင်ဝကိုဓားဖြင့် ထောက်ထားလိုက်လေသည်။



အစ်ကိုကြီးက....
'ကလေးကိုယူပြီး ခင်ဗျားထွက်သွားပါ၊ ဒီကလေးကို ဘယ်သူမှ မသိအောင် လက်စ ဖျောက်ပစ်လိုက်ရမယ်၊ ကျုပ်ခိုင်းတဲ့အတိုင်းမလုပ်ဘူးဆိုရင်တော့ ခင်ဗျားအရင်သေရမယ်'
ဟု ခြိမ်းခြောက်လိုက်လေသည်။
စန်းကူး မတတ်သာတော့ပါချေ။
'ကောင်း....ကောင်းပါပြီရှင်၊ ခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်ရှင်'
အစ်ကိုကြီးက....
'ဒါပေါ့၊ ရွှေဒင်္ဂါးတွေနဲ့ကလေးကိုယူပြီး ထွက်သွားပါ၊ နောက်ပိုင်းကိစ္စ ကျုပ်တာသာဆက်ရှင်းမယ်'
'ဟုတ်....ဟုတ်ကဲ့'
အစ်ကိုကြီးက လက်ဝှေ့ယမ်းပြလိုက်သောအခါ သူ၏လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်သွား၏။
ထိုလူပြန်ထွက်လာသောအခါ လက်ထဲ၌ ခြင်းတောင်းတစ်လုံးပါလာသည်ကို တွေ့ရလေသည်။
ခြင်းတောင်းထဲ၌ အနှီးဖြင့်ပတ်ထားသည့် မွေးကင်းစကလေးငယ်ပါလာသည်။

ထိုလူသည် ခြင်းတောင်းကို စန်းကူးအားပေးလိုက်၏။

စန်းကူး မတတ်သာဘဲ ယူလိုက်ရလေသည်။

အစ်ကိုကြီးက....

'ခင်....ခင်ဗျားသွားပေတော့'

ဟုပြောလျှင် စန်းကူး မနေဝံ့တော့ဘဲ ခြင်းတောင်းကို ယူကာ အပြေးတစ်ပိုင်းထွက်လာခဲ့လေတော့သည်။

*　　*　　*

စန်းကူး မောဟိုက်နေသည်။

သူမသည်ရေတစ်ခွက်ခပ်သောက်လိုက်ပြီး ငေးငိုင်နေသော ယင်ကျင်းကိုကြည့်လိုက်လေသည်။

'ကျုပ်သာ သူတို့ခိုင်းတဲ့အတိုင်း မလုပ်ဘူးဆိုရင် သူတို့က ကျုပ်ကိုသတ်ပစ်ကြမှာပဲ၊ ကလေးကိုလဲ ချမ်းသာပေးကြမှာ မဟုတ်ဘူး၊ ကျုပ်က ကလေးကိုယူခဲ့မိတာတောင်ကံကောင်း သွားတယ်လို့ ဆိုရဦးမယ်'

ယင်ကျင်း သက်ပြင်းချလိုက်သည်။



'ဟုတ်ပါတယ်....ဒေါ်ဒေါ်သာ ကျွန်တော့်ကိုခေါ်မလာ ခဲ့ရင် ကျွန်တော် ခုလိုအသက်ရှင်နေဖို့ မလွယ်တော့ပါဘူး၊ ဒေါ်ဒေါ့်ကို ကျေးဇူးတင်ပါတယ်ခင်ဗျာ'

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ပြီးပြောလိုက်လေသည်။

စန်းကူးသည် သူမအပေါ် အပြစ်မတင်သည့်အပြင် ကျေး တင်စကား ပြောနေခြင်းကြောင့် စိတ်မကောင်းဖြစ်အောင် မျက်ရည်များ ကျဆင်းလာလေသည်။

ယင်ကျင်းက....

'ဒေါ်ဒေါ်....ကျွန်တော့်ရဲ့မိခင်ဟာ ဘယ်သူဘယ်ဝါလဲ ဆိုတာ ဒေါ်ဒေါ် သိသလားဟင်'

ဟု မေးလိုက်လေသည်။

စန်းကူး ခေါင်းခါယမ်းလိုက်သည်။

'ဘယ်သူဘယ်ဝါတွေဆိုတာ ကျုပ်မသိလိုက်ရပါဘူးကွယ်၊ ကျုပ်တို့ တွေ့ခဲ့ရတဲ့အချိန်ဟာ ကြာလှတယ်မှမဟုတ်တာဘဲ၊ ပြီးတော့ သူတို့ကိုကြောက်နေရလို့ ကျုပ်လဲဘာမှသတိမထား မိပါဘူးကွယ်'

ယင်ကျင်း စိတ်ဓာတ်ကျသွားလေသည်။

'ဒါဖြင့် ကျွန်တော့် မေမေနဲ့ပတ်သက်ပြီး ဘာမှသဲလွန်စ မရနိုင်တော့ဘူးပေါ့နော်'

'ကျုပ်လဲ စိတ်မကောင်းပါဘူးကွယ်'

နှစ်ယောက်သား စကားမပြောဖြစ်တော့သဖြင့် တစ်အိမ်လုံး အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

နှစ်ယောက်သား အတွေးကိုယ်စီဖြင့် ငိုင်နေကြပြီးအတော်ကလေးကြာတော့မှ စန်းကူးက....

'ဘစ်ခုတော့ရှိတယ်၊ မင်းကို သတ်မိန့်ပေးလိုက်တဲ့ အစ်ကိုကြီးဆိုသူမှာ ထူးခြားချက် တစ်ခုတော့ ရှိတယ်ကွယ့်'

ဟု ပြောလာလေသည်။

ယင်ကျင်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'ဘယ်လိုထူးခြားမှုများလဲဒေါ်ဒေါ်'

ဟု အာလာတကြီး မေးလိုက်လေသည်။

စန်းကူးက....

'သူ့ရဲ့ နဖူးပြင်ပေါ်မှာ ဘုကြီးတစ်လုံး ရှိနေတာကို ကျုပ်ပြန်ပြီး အမှတ်တရရှိလာတယ်၊ ဘုကြီးဟာ ထူးထူးခြားခြား ညာဘက်မျက်ခုံးအပေါ်တည့်တည့်မှာ ရှိနေတယ်၊ ဒါပေမယ့် နဖူးပေါ်ချထားတဲ့ ဆံပင်ဖုံးနေလို့ ရုတ်တရက်တွေ့ရမှာမဟုတ်ဘူး၊ ကျုပ်တောင် မတော်တဆ သတိပြုမိခဲ့တာ'



ဟုပြောပြလေသည်။

နဖူးပေါ်တွင် ဘုကြီးတစ်လုံးရှိသူသည် သူ့အား သတ်မိန့်ပေးခဲ့သူ ဖြစ်လေသည်။

သူ၏မိခင်နှင့် ပတ်သက်နေသူလည်းဖြစ်သည်။

ထိုလူ မည်သူမည်ဝါဖြစ်ကြောင်းမသိရသေးသော်လည်း ဘုကြီးကိုအခြေခံကာ ရှာဖွေရန်လမ်းစ ပေါ်ပေါက်လာသဖြင့် ဝမ်းသာသွားလေသည်။

ထို့အပြင်...

'မင်းအမေရဲ့ ကျောက်စိမ်းပြားလည်ဆွဲဟာ ခြင်းတောင်းထဲမှာ ပါလာသေးတယ်၊ သူတို့ဟာ မင်းကိုစွန့်ပစ်ဖို့ အလောတကြီး စီစဉ်လိုက်ရတော့ ကျောက်စိမ်းပြားလေးကိုဖြုတ်ယူလိုက်ဖို့ မေ့လျော့သွားပုံရတယ်၊ ကျုပ်က အဲဒီကျောက်စိမ်းပြားလေးကို သိမ်းဆည်းထားခဲ့ပါတယ်ကွယ်'

ဟု စန်းကူးက ပြောပြလေသည်။

ယင်ကျင်း ဝမ်းသာသွားသည်။

မိခင်ဖြစ်သူသည် သူမ၏ကျောက်စိမ်းပြား လည်ဆွဲအားကလေးမွေးဖွားပြီးသည်နှင့် လည်ပင်းမှဖြုတ်ကာ ဝတ်ဆင်ပေးခိုင်းသည်မှာ အကြောင်းရှိရပေမည်။

နောက်ထပ်သဲလွန်စတစ်ခုရလာပြန်သဖြင့် ယင်ကျင်း လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့သည်။

'အဲဒီကျောက်စိမ်းပြားလည်ဆွဲ ကျွန်တော့်ကိုပြန်ပေးပါလားဟင်'

ဟု ပြောလိုက်လေသည်။

စန်းကူး ခေါင်းညိတ်လိုက်လေသည်။

'ပေးပါ့မယ်ကွယ်၊ မင်းအမေရဲ့ပစ္စည်း မင်းကိုပြန်ပေးရမှာပေါ့၊ ကျုပ်က သေသေချာချာ သိမ်းဆည်းထားပါတယ်ကွယ်'

သူမသည် မလှမ်းမကမ်းရှိ ဗီရိုကြီးတစ်လုံးဆီသို့ လှမ်းကြည့်လိုက်လေသည်။

ဗီရိုကြီးမှာ တံခါးပွင့်နေပြီး အတွင်းဘက်မှ ပစ္စည်းများ ဖရိုဖရဲဖြင့် ထွက်ကျနေသည်ကို တွေ့ရလေသည်။

စန်းကူး လွတ်ခနဲ အော်လိုက်လေသည်။

'အမယ်လေး...ကျုပ်ပစ္စည်းတွေကုန်ပါပြီ'

ယင်ကျင်း ပင့်သက်ရှိုက်လိုက်မိသည်။

လူသန်ကြီးနှင့် ကျောက်ပေါက်မာရှိသူတို့သည် စန်းကူး၏ အိမ်ကို ခေါ်ပြတိုက်ကာ ထွက်ပြေးသွားကြပြီ မဟုတ်ပါလား။



စန်းကူးသည် သူမ၏ပစ္စည်းများကို ကပျာကယာစစ်ဆေးကြည့်လိုက်သည်။

ပြီးလျှင်....

'ကျုပ်ပစ္စည်းတွေကုန်ပြီ၊ အဆိုးဆုံးကတော့ မင်းအမေရဲ့ ကျောက်စိမ်းပြားလည်ဆွဲလဲ့ ခေါ်းပြတွေနောက်ကို ပါသွားပြီကွယ်'

ဟု ပြောလာလေသည်။

ယင်ကျင်း ခံပြင်းသွားလေသည်။

'ခေါ်းပြတွေယူသွားတယ် ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်က သေသေချာချာသိမ်းဆည်းထားတာ၊ကျုပ်ရဲ့ရွှေဒင်္ဂါးတွေနဲ့ရောပြီး ခေါ်းပြတွေလက်ထဲပါသွားပြီ'

ယင်ကျင်း စိတ်လှုပ်ရှားလာသည်။

ကျောက်စိမ်းပြားလည်ဆွဲသည် မိခင်ဖြစ်သူ၏ အမှတ်တရပစ္စည်း ဖြစ်သည်။

ထိုပစ္စည်းသည်သာလျှင် မိမိအတွက် အမေ့အနှစ် နှင့် အထောက်အထားပစ္စည်း ဖြစ်လေသည်။

ယင်ကျင်းက....

'ခေါ်းပြတွေနောက်ကို ကျွန်တော်လိုက်သွားမယ်'

ဟု ပြောလိုက်လေသည်။

စန်းကူးက....

'ဗလကြီးနဲ့ ကျောက်ပေါက်မခဆိုရင် အမှောင်လမ်းကြားကလူတွေ အားလုံး သိကြပါတယ်၊ သူတို့က ကျုပ်ကို ကြောက်ကြတာ မဟုတ်ဘူး၊ မြို့တော်ဝန်ဆီကို သွားတိုင်ရဲမှာ မဟုတ်ဘူး ဆိုတာလဲ သိထားကြတယ်၊ ဒါကြောင့် ဝေးဝေးကိုသွားမှာ မဟုတ်ဘူး၊ အမှောင်လမ်းကြားထဲမှာပဲ ရှိနေကြလိမ့်မယ်၊ ကျုပ်ဆီက ရသွားတဲ့ပစ္စည်းတွေနဲ့ သောက်စားလောင်းကစားပြီး ပျော်မွေ့နေကြမှာ သေချာတယ်'

ယင်ကျောင်းသည် ဗလကြီးနှင့် ကျောက်ပေါက်မတို့၏ သတင်းကို ကြားသိလိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

'ဒေါ်ဒေါ်က သူတို့ကိုကြောက်တယ် ဟုတ်သား'

စန်းကူးက....

'ဘယ်လိုပြောလိုက်ပါလိမ့်ကွယ်၊ သူတို့ဟာ လူဆိုးလူမိုက်တွေပဲ၊ တော်ကြာ ကျုပ်ကိုလာပြီး သတ်ပစ်နေဦးမယ်'

ဟု ကြောက်ရွံ့စွာ ပြောလေသည်။

ယင်ကျောင်း သက်ပြင်းချလိုက်သည်။

'ဒေါ်ဒေါ် ဘာမှမကြောက်ပါနဲ့၊ ကျွန်တော် သူတို့ကို ဆုံးမလိုက်ပါမယ်'



'မင်း....'

'အမှောင်လမ်းကြား ဘယ်မှာရှိတယ်ဆိုတာ ပြောပြပါလားဗျာ'

စန်းကူး သက်ပြင်းချလိုက်ရလေသည်။

အမှောင်လမ်းကြားရှိသည့်နေရာကို ပြောပြလိုက်လေသည်။

ယင်ကျောင်းသည် စန်းကူးအား နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

* * *

## အမှောင်လမ်းကြား

အမှောင်လမ်းကြား။

အမှောင်လမ်းကြားဟူသည် လုံရှမ်းမြို့သူမြို့သားများ ပေးထားသောအမည် ဖြစ်လေသည်။

အမှန်တော့....

အမှောင်လမ်းကြားဆိုသည့် လမ်းကလေး၏ အမည်မှာ အရှေ့မြို့ပတ်လမ်း ဖြစ်လေသည်။

ထိုလမ်းအတွင်း၌ အရက်ဆိုင်များ၊ လောင်းကစားဂေဟာများနှင့် အပျော်ဂေဟာများ ဖွင့်လှစ်ထားလေသည်။

မကောင်းမှု ဒုစရိုက်လုပ်ငန်းပေါင်းစုံရှိသော လမ်းကြားလေးလည်း ဖြစ်သည်။



လူဆိုးလူမိုက်များကလည်း ကျင်လည်ကျက်စားနေသေး၏။

ထို့ကြောင့်လည်း လူတောင်းများသည် ထိုလမ်းကလေးအား အမှောင်လမ်းကြားဟုခေါ်ကာ ဝေးဝေးမှရှောင်ရှားကြခြင်း ဖြစ်လေသည်။

ယခု....

ယင်ကျင်းသည် အမှောင်လမ်းကြားသို့ ရောက်ရှိလာလေသည်။ သူ၏ရည်ရွယ်ချက်မှာ ဗလကြီးနှင့် ကျောက်ပေါက်မာတို့အား လိုက်လံရှာဖွေပြီး ကျောက်စိမ်းပြားလည်ဆွဲလေးကို တောင်းယူရန် ဖြစ်သည်။

အမှောင်လမ်းကြားအတွင်းသို့ ဝင်လိုက်သည်နှင့်....

'အစ်ကိုလေး....ခဏနေပါဦး'

လူတစ်ယောက်ကအနီးသို့ ရောက်ရှိလာလေသည်။

ယင်ကျင်း ခြေလှမ်းရပ်သွားပြီး ထိုလူအား ကြည့်လိုက်လေသည်။ ထိုလူမှာ အသက်လေးဆယ်ခန့်ရှိပြီး ပွဲစားတစ်ယောက်နှင့် တူသူ ဖြစ်သည်။

ထိုလူသည် မချိုမချဉ်မျက်နှာထားဖြင့် အနီးသို့ ချဉ်းကပ်လာပြီး....

'အစ်ကိုလေးက ဒီလမ်းကြားထဲကို ဝင်လာတာ အပျော်ရှာချင်လို့လား'

ဟု မေးလာလေသည်။

ယင်ကျင်း ကြောင်အမ်းအမ်း ဖြစ်သွားပြီး....

'နောင်ကြီးက...'

'ဟဲ....ဟဲ....ဟဲ ကျုပ်ဆီမှာ နတ်သမီးလေးလို ချောမော လှပတဲ့မိန်းကလေးတွေရှိပါတယ်၊ အစ်ကိုလေးကြိုက်ရာကိုရွေး ယူလို့ရပါတယ်၊ ဈေးလဲမများပါဘူး'

ယခုမှ ထိုလူဆိုလိုသည့်သဘောကို ယင်ကျင်းနားလည်လိုက် လေသည်။

သူ၏မျက်နှာတစ်ခုလုံး နီရဲသွားလေတော့သည်။

'ခင်ဗျား ဘာတွေသာပြောနေတာလဲ၊ ဒါတွေကျုပ်စိတ် မဝင်စားဘူး'

ဟု အော်ပြောလိုက်သည်။

ထိုလူက....

'အစ်ကိုလေးဟာ လူငယ်လေးတစ်ယောက်ဖြစ်နေပြီး ဒါ တွေကို စိတ်မဝင်စားဘူးဆိုတော့ တခြား ဘာများစိတ်ဝင် စားသလဲဗျာ၊ ဒီလမ်းကြားထဲကို ရောက်လာတဲ့လူတိုင်းဟာ ရည်ရွယ်ချက်တစ်ခုတော့ရှိကြတာပါပဲ၊ အစ်ကိုလေးရဲ့ဆန္ဒကို ကျုပ်ကဖြည့်ဆည်းပေးနိုင်မှာ သေချာပါတယ်'

နောက်ဆုတ်မသွားဘဲ ဆက်၍မြူဆွယ်လာလေသည်။



ယင်ကျင်း ဒေါပွနေပါသည်။

'ခင်ဗျား ဝေးဝေးသွားရင်ကောင်းမယ်'

ဟု ငေါက်လိုက်သည်။

ထိုလူက....

'အင်း....အစ်ကိုလေးက ဘုံကျောင်းတစ်ခုခုကို လာရှာ တာဆိုရင်တော့ အမှားကြီးမှားနေပြီ၊ ဒီနေရာမှာ....'

သူ၏စကားမဆုံးမီ ယင်ကျင်းက ကြားဖြတ်ပြောလိုက် လေသည်။

သူက တစ်စုံတစ်ခုအား သတိရလာခြင်းကြောင့် ဖြစ်လေ သည်။

'ခင်ဗျားက ကျုပ်ရဲ့ဆန္ဒကို တကယ်ပဲ ဖြည့်ဆည်းပေးနိုင် မလား'

ထိုလူက....

'ဘာကြောင့် ဖြည့်ဆည်းမပေးနိုင်ရမှာလဲဗျာ'

ယင်ကျင်းက....

'ကောင်းပြီ၊ ကျုပ်က လူနှစ်ယောက်ကို လာရှာတာ၊ ခင်ဗျားက အဲဒီလူတွေကို သိမယ်ထင်တယ်'

ထိုလူ မျက်ခမှောင်ကြုတ်သွားလေသည်။

'အစ်ကိုလေးက ဘယ်သူတွေကို တွေ့ချင်လို့လဲ'

ဟု မေးလာလေသည်။

ယင်ကျောင်းက....

'ဗလကြီးနဲ့ကျောက်ပေါက်မာဆိုရင် ခင်ဗျားသိမယ်ထင်တယ်'

ထိုလူက ရယ်မောလိုက်လေသည်။

'လက်စသတ်တော့ ဗလကြီးတို့ကို လာရှာတာကိုး'

'ဟုတ်တယ်၊ သူတို့ ဘယ်နေရာမှာရှိတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား'

ထိုလူက....

'သိပါတယ်ဗျာ သိပါတယ်'

'ဒါဖြင့် ပြောပြပါလားဗျာ'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'ပြောပြပါ့မယ်၊ ဒါပေမယ့်....'

သူက စကားကိုအစ်ပိုင်းတစ်စဖြတ်ရပ်ကာ လက်ဝါးဖြန့်လိုက်လေသည်။

ယင်ကျောင်း မျက်မှောင်ကြုတ်သွားပြီး....



'ဒါက ဘာသဘောလဲဗျ'

ဟု မေးလိုက်သည်။

ထိုလူက....

'ဒီနေရာမှာ ဘယ်လိုကိစ္စမျိုးမဆို ငွေဟာ အဓိကကျပါတယ်ဗျာ'

ယင်ကျောင်း သဘောပေါက်သွားလေသည်။

'ကောင်းပြီ၊ ကျုပ်ဘယ်လောက်ပေးရမလဲ'

ထိုလူက....

'မများပါဘူး၊ ငွေတစ်ရာပေးရင် ရပါပြီ'

ယင်ကျောင်းက ငွေတစ်ရာထုတ်ပေးလိုက်လေသည်။

ထိုလူက....

'အစ်ကိုလေးက တော်တော် သဘောကောင်းတာပဲ၊ ဗလကြီးတို့ဟာ အခုတော်လေးငွေရှင်နေပုံရတယ်၊ ရှင်ပျော်ပျော် လောင်းကစားဝိုင်းမှာ ရှိနေကြတယ်'

ယင်ကျောင်းသည် ဗလကြီးတို့၏သတင်းကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

'ကျေးဇူးပါပဲဗျာ၊ ရှင်ပျော်ပျော်လောင်းကစားဂေဟာ ဘယ်မှာရှိတယ်ဆိုတာ ပြောပြပါဦး'

'ဩော်...ရပါတယ် ရပါတယ်၊ ဒီလမ်းအတိုင်း ဆက်သွားပါ၊ လမ်းရဲ့ သုံးပုံနှစ်ပုံလောက်ရောက်ရင် တွေ့ရပါလိမ့်မယ်'

'ကျုပ်ကို ခွင့်ပြုပါဦးဗျာ'

ယင်ကျင်းသည် ထိုလူအား နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုလူက....

'အစ်ကိုလေး ဗလကြီးတို့ကို သတိထားပြီး ဆက်ဆံပါနော်၊ သူတို့ဟာ မြွေပွေးမြွေဟောက်တွေလို ကြောက်စရာကောင်းတဲ့လူတွေ'

ဟု လှမ်းပြီးသတိပေးလေသည်။

ယင်ကျင်းလည်း ခေါင်းညိတ်ပြကာ ထွက်လာခဲ့လေတော့သည်။

* * *

ရှင်ပျော်ပျော်လောင်းကစားဂေဟာ....

ယင်ကျင်းသည် ရှင်ပျော်ပျော်လောင်းကစားဂေဟာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလေသည်။



ဂေဟာတွင် ရုပ်ရည်ကြမ်းတမ်းသူ နှစ်ယောက်ရှိနေကြ၏။

ထိုလူနှစ်ယောက်သည် ယင်ကျင်းအား လမ်းပိတ်ထားလိုက်ကြလေသည်။

တစ်ယောက်က....

'မင်းဘယ်သွားမလို့လဲ'

ဟု မေးလာလေသည်။

ယင်ကျင်း ရင်ထိတ်သွားသည်။

ဒုစရိုက်သမားများ၏နယ်မြေသို့ ရောက်လာပြီဖြစ်၍ သတိထားမှဖြစ်မည်ဟု သဘောပေါက်မိလေသည်။

ထို့ကြောင့်....

'ကျုပ်က ကံစမ်းချင်လို့လာခဲ့တာပါ'

ဟု ပြောလိုက်၏။

ထိုလူနှစ်ယောက် သဘောကျသွားလေ့သည်။

'အေး...မင်းကံကောင်းပါစေလို့ ကျုပ်တို့ဆုတောင်းလိုက်ပါတယ်၊ ကျုပ်တို့အတွက် ဂေဟာဝင်ခတော့ ပေးခဲ့ရမယ်နော်'

ယင်ကျော်းက....

'ပေးပါမယ်ဗျာ'

သူကငွေအနည်းငယ်ထုတ်ပေးလိုက်လျှင် ထိုလူနှစ်ယောက်က လမ်းဖွင့်ပေးလိုက်ကြလေသည်။

ယင်ကျော်းက ရွှန်ပျော်ပျော်ဂေဟာအတွင်းသို့ ဝင်လာခဲ့လေသည်။

ဂေဟာထဲသို့ရောက်လျှင် ပိုက်ကြူး၊ မာကျောက်၊ အန်စာ အစရှိသော လောင်းကစားဝိုင်းများ အစီအရီရှိနေသည်ကို တွေ့ရလေသည်။

လောင်းကစားသမားများ ဆူညံစွာ အော်ဟစ် လောင်းကစားနေကြ၏။ နိုင်သူပြုံးပြီး ရှုံးသူမှိုင်နေသည်ကိုလည်းတွေ့ရလေသည်။

ယင်ကျော်းသည် ဗလကြီးနှင့် ကျောက်ပေါက်မာတို့အား ရှာဖွေသိုက်သော်လည်း မတွေ့ရချေ။

ယင်ကျော်း မျက်မှောင်ကြုတ်သွားသည်။

'ဟိုလူက ငါ့ကို လိမ်ပြောလိုက်တာလား'

ထိုစဉ်....



'ကျွန်မ ငွေငါးထောင်းထိုးမယ်'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျော်း၏ခန္ဓာကိုယ်ဆတ်ခနဲတုန်ခါသွားလေသည်။ ထိုအသံကို သူကောင်းစွာ ကြားဘူးရှိမက မမေ့နိုင်အောင်မှတ်မိနေသည် မဟုတ်ပါလား။

ထိုအသံသည် စားသောက်ဆိုင်လေးတစ်ဆိုင်၌ တွေ့ခဲ့ရသော ငွေပုလဲစိအိမ်မှ နှစ်ထောင်ပုလဲအား ခိုးယူသွားသည့် ငိုမီဂိုဏ်းမှ မောင်းထုတ်ခြင်းခံရသော ဆွေအင်း၏အသံဖြစ်နေသည် မဟုတ်ပါလား။

ယင်ကျော်းသည် အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ....

လူအများဝိုင်းအုံကာ ကျိတ်ကျိတ်တိုး စည်ကားနေသော လောင်းကစားဝိုင်းတစ်ခုမှထွက်ပေါ်လာခြင်းဖြစ်သည်ကိုတွေ့ရ၏။

ဝိုင်းအုံနေကြသူများကြောင့် မိန်းကလေးကို မမြင်ရပါ။

ထိုင်ခုံတွင်ဝိုင်းဖွဲ့ကာလောင်းကစားနေကြသူများကိုလည်း ကောင်း၊ လောင်းကစားဒိုင်ကိုလည်းကောင်း မတွေ့ရချေ။

ယင်ကျင်း စိတ်ဝင်စားသွားသည်။

ထိုလောင်းကစားဝိုင်းဆီသို့ သူမသိမသာ ချဉ်းကပ်သွား လိုက်လေသည်။

သို့သော်....

လူအများဝိုင်းအုံနေခြင်းကြောင့် တိုးမပေါက်နိုင်အောင် ဖြစ်နေ၏။

မကြာပါချေ။

'ဟဝ်'

'ဟာ'

'သွားပါပြီ'

ထိုးသားများ၏ညည်းတွားသံ ထွက်ပေါ်လာလေသည်။

ပွဲပြီးရှတ်ရှတ်သဲသဲ ဖြစ်သွားလေသည်။



ဒိုင်လုပ်သူသည် ထိုးသားများ၏ငွေအားလုံးကို စားသွား ကြောင်း ထင်ရှားနေပါတော့သည်။

မကြာပါချေ။

'ကဲ...ထိုးကြ၊ ဒီတစ်ခါ ဒိုင်လျော်မယ့် အလှည့်ပဲ'

ဒိုင်လုပ်သူ၏အသံထွက်ပေါ်လာ၏။

ထိုးသားများသည် ရှိသမျှငွေကို ပုံထိုးကြလေသည်။

သို့သော်ဒိုင်လုပ်သူသာလျှင် တစ်ပြားမကျန် စားသွားပြန် သည်။

ဒိုင်က လေးငါးလှည့် ဆက်တိုက်စားသွားရာ ထိုးသား များ ဖြူကာပြာကာကျသွားလေတော့သည်။

နံဘေးမှလိုက်ထိုးကြသည့် ဘေးထိုးလောင်းကစားသမား များသည်လည်း စိတ်ပျက်ကာ ရှောင်ခွာသွားကြ၏။

ထိုကစားဝိုင်း၌ တစ်စထက်တစ်စ လူရှင်းသွားလေသည်။

ယင်ကျင်းအတွက် လောင်းကစားဝိုင်းအနီးသို့ ချဉ်းကပ် သွားရန် အခွင့်အရေး ရလိုက်ခြင်းဖြစ်လေသည်။

သို့သော်....

ယင်ကျောင်းသည် ရှေ့မတိုးဖြစ်ဘဲ ရောက်သည့်နေရာ၌ပင် ငူငူကြီး ရပ်နေမိလိုက်လေသည်။

အကြောင်းမှာ...

သူရပ်နေသော နေရာနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် ဆွေအင်း၏မျက်နှာလှလှလေးကို တွေ့မြင်ရခြင်းကြောင့် ဖြစ်လေသည်။

ယင်ကျောင်းသည် ဆွေအင်းအား တွေ့ရသည်နှင့် အရာရာအားလုံးကို မေ့လျော့သွားလေတော့သည်။

ဆွေအင်း၏မျက်နှာလေးကို ငေးမောကြည့်နေမိလေတော့သည်။

ဆွေအင်း၏မျက်နှာ နီရဲနေ၏။

သူမ၏နဖူးပြင်၌ ချွေးများစို့ရွဲနေသည်။ သူမသည်အတော်ပင် ရှုံးနိမ့်သွားခဲ့ဟန် ရှိလေသည်။

ယင်ကျောင်းသည် သူမကိုကြည့်ရင်း စိတ်မကောင်း ဖြစ်လာလေတော့သည်။

ထို့စဉ်...

'ကဲ...ထိုးကြ ထိုးကြ'



ဒိုင်လုပ်သူ၏အသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆွေအင်းသည် ရှိသမျှငွေအားလုံးကိုထုတ်ယူကာ ထိုးချလိုက်လေသည်။

သို့သော် ယခုတစ်ကြိမ်သည် ဒိုင်လုပ်သူကပင် ထိုးသားများ၏ငွေအားလုံးကို စားသွားပြန်လေသည်။

ထိုးသားများအားလုံး ငွေပြတ်သွားကြပြီ ဖြစ်လေသည်။

ဆွေအင်းက...

'တော်ပြီ...'

စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ပုတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

သူမ၏မျက်နှာ ခက်ထန်တင်းမာနေသည်။

တစ်ပြားမကျန်အောင်ရှုံးခဲ့သဖြင့် ခံပြင်းဒေါသထွက်နေပုံရ၏။

သူမသည် ထိုင်ရာမှထကာ ဟိုဟိုသည်သည်ကြည့်လိုက်လျှင် ယင်ကျောင်းအားတွေ့မြင်သွားလေသည်။

သူမသည် ယင်ကျင်းအားချက်ချင်း မှတ်မိသွားပုံ ရလေသည်။ ပထမ မျက်မှောင်ကြုတ်သွားသည်။ ထို့နောက်မျက်စောင်းထိုးလိုက်လေသည်။

ထိုစဉ်...

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်း လှမ်းကြည့်လိုက်သောအခါ သီးသန့်အခန်းတစ်ခုအတွင်းမှ လူနှစ်ယောက် လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်ကိုမြင်လျှင် ယင်ကျင်း၏ရင်ထဲ တဒိတ်ဒိတ် ခုန်လာလေတော့သည်။

'ဗလကြီးနဲ့ ကျောက်ပေါက်မာ'

ဟု စိတ်ထဲမှ ရေရွတ်လိုက်သည်။

မှန်ပေသည်။ သူရှာဖွေနေသော ဗလကြီးနှင့် ကျောက်ပေါက်မာတို့အား တွေ့လိုက်ရပြီဖြစ်လေသည်။



ဗလကြီးနှင့် ကျောက်ပေါက်မာသည် သီးသန့်အခန်းတစ်ခုအတွင်းမှ လောင်းကစားဝိုင်းတွင် ဝင်ရောက်လောင်းကစားနေကြခြင်းကြောင့် မတွေ့မမြင်မိခဲ့ခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

ဗလကြီးတို့သည် ကံကောင်းနေကြပုံရှိသည်။

စန်းကူးအား ခေါးပြတိုက်ခဲ့ရာ ငွေအတော်များများ ရခဲ့ကြသည့်အပြင် ကြေးကြီးလောင်းကစားဝိုင်း၌လည်း အနိုင်ရခဲ့ကြပုံရလေသည်။

'ရေ့တော့... ယူကြ'

ကျောက်ပေါက်မာသည် ငွေစက္ကူများကို ကြဲချလိုက်လေသည်။ ငွေစက္ကူများသည် ပြန့်ကျဲသွားလေသည်။

'ဟေး....'

ရှုံးနေသော လောင်းကစားသမားများသည် ဝမ်းသာအားရ ဖြစ်သွားကြပြီး ငွေများကိုဝိုင်းလုကြလေသည်။

အခြေအနေ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားလေသည်။

ယင်ကျင်းမှာ သူ့အား ဝင်ရောက်တိုးကြ၊ တိုက်ကြသဖြင့် နောက်ဆုတ်ပေးလိုက်ရလေသည်။

လောင်းကစားဂေဟာအတွင်း၌ ဆူဆူညံညံ ဖြစ်နေသည်။ ရှုတ်ရှုတ်သဲသဲ ဖြစ်နေသည်။

သို့သော်....

မျှားမကြာမီ လူရှင်းသွားလေသည်။

ယင်ကျော်း လှမ်းကြည့်လိုက်သောအခါ ဗလကြီးနှင့် ကျောက်ပေါက်မာတို့အား မတွေ့ရတော့ပါ။

ဆေ့အောင်းကိုလည်း မတွေ့ရတော့ပါ။

ယင်ကျော်း စိုးရိမ်သွားလေသည်။

ချက်ချင်းပင် လောင်းကစားဂေဟာထဲမှ ပြေးထွက်လာခဲ့လေတော့သည်။

* * *

ဗလကြီးနှင့် ကျောက်ပေါက်မာတို့သည် ငွေအမြောက်အမြား အနိုင်ရလိုက်သဖြင့် ဝမ်းသာလုံးဆို့ကာ လောင်းကစားဂေဟာထဲ၌ သာမက လမ်းကြားထဲ၌ပါ ငွေများကြဲသွားရာ တစ်လမ်းလုံး ဆူညံနေလေတော့သည်။



ယင်ကျော်းသည် ဗလကြီးတို့ထွက်သွားရာနောက်သို့ အပြေးတစ်ပိုင်း လိုက်သွားလေသည်။

ဆေ့အောင်းကိုပင် တခဏမေ့လျော့သွားခဲ့လေတော့သည်။

* * *

အမှောင်လမ်းကြားလေးအဆုံးတွင် မြို့စွန်တောအုပ်တစ်ခု ရှိနေ၏။ ထိုတောအုပ်အစပ်ဖက်တွင် သချိုင်းမြေရှိလေသည်။

ယင်ကျော်းသည် ဗလကြီးတို့အား လိုက်လံရှာဖွေခဲ့ရာ မြို့ပြင်တောအုပ်ထဲသို့ပင် ရောက်မှန်းမသိ ရောက်ရှိလာလေသည်။

ယင်ကျော်း စိုးရိမ်ပူပန်လာသည်။

ဗလကြီးတို့အား ရှာမတွေ့လျှင် ကျောက်စိမ်းမြားလေးအား ပြန်ရနိုင်တော့မည် မဟုတ်ဘဲ လမ်းစပျောက်သွားလိမ့်မည် မဟုတ်ပါလား။

ယင်ကျော်းသည် တောအုပ်ထဲ၌ လိုက်လံရှာဖွေနေစဉ်...

'မင်း သေချင်ပြီထင်တယ်'

မလှုပ်မယှက်မဲ့ တစ်နေရာမှ အောင်ငေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်း ဝမ်းသာသွားသည်။

ကြားလိုက်ရသည်မှာ ဗလကြီး၏အသံဖြစ်နေသည် မဟုတ်ပါလား။ အသံထွက်ပေါ်လာရာဆီသို့ တပျံကယာပင် လှမ်းသွားလိုက်လေသည်။

မကြာပါချေ။

တောအုပ်၏ဝဲဘက်တွင် မြေကွက်လပ်တစ်ခုရှိနေပြီး ထိုမြေကွက်လပ်ပေါ်၌ လူသုံးယောက်ရှိနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ထိုလူသုံးယောက်မှာ ဗလကြီး၊ ကျောက်ပေါက်မာနှင့် ဆွေအင်းတို့ဖြစ်ပါသည်။

ယင်ကျင်း အံ့သြသွားသည်။

ဆွေအင်းသည် ဗလကြီးတို့နှင့် မည်သို့ပတ်သက်နေပါသနည်း။

ယင်ကျင်း စိတ်ဝင်စားမိသဖြင့် သစ်ပင်တစ်ပင်နောက်ကွယ်မှ ချောင်းကြည့်နေလိုက်လေသည်။

ဆွေအင်းက ခါးထောက်ကာ ရပ်နေသည်။



ဗလကြီးနှင့် ကျောက်ပေါက်မာတို့မှာ မကျေမနပ်သော အသွင်ဖြင့်ရှိနေကြသည်။

ဗလကြီးက....

'မင်းက ဘာသဘောနဲ့ ကျုပ်တို့နောက်ကို လိုက်လာရတာလဲ'

ဟု ငေါက်လိုက်သည်။

ဆွေအင်းက....

'ရှင်တို့ဟာ လောင်းကစားဝိုင်းမှာ ငွေအတော်များများ အနိုင်ရခဲ့ကြတယ်မဟုတ်လား'

ဗလကြီးက....

'ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ'

ဆွေအင်း ပြုံးလိုက်သည်။

'အဲဒီငွေတွေကို ကျွန်မလိုချင်လို့ပေါ့'

'ဘာ....ဘာပြောတယ်'

ဗလကြီး ဒေါသတကြီးဖြစ်သွားလေသည်။

ဆွေအင်းက ရယ်မောလိုက်လေသည်။

'ရှင်တို့က ငွေတွေကိုထားခဲ့ပြီး ထွက်သွားမယ်ဆိုရင်တော့ သက်သာလိမ့်မယ်'

'မင်း သေချင်ပြီထင်တယ်'

ဗလကြီးက အောင်ပေါက်ရင်း ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

ကျောက်ပေါက်မှာက ဟန့်တားလိုက်လေသည်။

တစ်ဖန် ဆွေအင်းအား ခြေဆုံးခေါင်းဆုံးကြည့်ကာ...

'မင်းက ငွေတွေလိုချင်တယ် ဟုတ်လား'

ဟု မေးလိုက်သည်။

ဆွေအင်းက...

'ဟုတ်တယ်၊ ငွေအိတ်ကိုထားပြီးထွက်သွားရင် ရှင်တို့ သက်သာလိမ့်မယ်'



'ကျုပ်တို့က ငွေအိတ်ကို မပေးဘူးဆိုရင်ကော'

'ရှင်တို့ ဒုက္ခရောက်သွားချင်တယ်ဆိုရင် စမ်းကြည့်လေ'

ကျောက်ပေါက်မှာ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'ထားပါတော့လေ၊ မင်းလိုချင်တဲ့ငွေကို ကျုပ်တို့ပေးပါ့မယ်၊ ဒါပေမယ့် ကျုပ်တို့နောက်ကို မင်း လိုက်ခဲ့ရမယ်'

'ဘာရှင့်'

'မင်းလို မိန်းကလေးတစ်ယောက်က ပြုစုပေးမယ်ဆိုရင် ကျုပ်က ငွေကို နှမြောမှာမဟုတ်ဘူး'

ထိုစကားကြားလျှင် ဗလကြီးက ဟားတိုက်ရယ်ချလိုက်လေသည်။

ဆွေအင်း ခံပြင်းသွား၏။

သူမ၏မျက်နှာ ရဲရဲနီသွားပြီး...

'သေဖို့သာပြင်ထား'

ဟု အောင်ပေါက်ကာ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ဗလကြီးနှင့် ကျောက်ပေါက်မာတို့ကလည်း တက်ညီလက်ညီပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

မြေကွက်လပ်တွင် ပြင်းထန်သောတိုက်ပွဲတစ်ခု ပေါ်ပေါက်လာလေတော့သည်။

ကျေးဇူးတင်စွာဖြင့်...

ဘုန်းကြွယ်

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# ဘုန်းကြွယ်

## ကျောက်စိမ်းပြားနှင့် သိုင်းသုံးကွက်

(ဒုတိယပိုင်း ဇာတ်သိမ်း)